.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ Book.174

........

အပိုင်း ၂၇၈၀ -

“သတ်ပစ်”

“အကုန်သတ်ပစ်မယ်”

ယန်ယဲ့က ရယ်မောလိုက်ပြီး

အန်နန်ကျင်း၏လက်ကို ဆွဲကာ

စကြဝဠာမှတ်တမ်းရှိ တစ်နေရာသို့

ထောက်ချလိုက်သည်။

စကြဝဠာမှတ်တမ်းမှာ အပြာရောင်

အလင်းတန်းနှစ်ခု လင်းလက်လာပြီး

သူတို့နှစ်ယောက်ကို ချက်ချင်း

ဖုံးလွှမ်းသွားသည်။ တစ်ချိန်တည်းမှာပဲ

နှစ်ယောက်စလုံး

ပျောက်ကွယ်သွားသည်။ စကြဝဠာမှတ်တ

မ်းက သွားလိုသည့် နေရာတိုင်းသို့
တည်နေရာ ရွှေ့ပြောင်းနိုင်သည်။

ထာဝရနယ်စပ် ။

လက်ရှိတွင် ထာဝရနယ်စပ်ဟာ
ငြိမ်းချမ်းခြင်း မရှိတော့ပေ။
ရောမမုန်တိုင်းကြီး တိုက်ခိုက်ရန်
အစပျိုးနေလေသည်။ ထာဝရမြစ်မှ
မရေမတွက်နိုင်သော
ကျင့်ကြံသူများ  ပြန်လည်ရောက်ရှိလာကြ

သည်။ နောက်ဆုံးတွင် ထာဝရနယ်စပ်၏
မူလ ငြိမ်သက်နေသောလေထုသည်
တင်းမာလာခဲ့သည်။

မျိုးနွယ်စု ၆ခု၏ ဘိုးဘေးများ အပါအဝင်
ထာဝရမြစ်ရှိ ရှေးဘိုးဘေးများနှင့်
မရေမတွက်နိုင်သော ပညာရှင်များ
ပြန်လည်ရောက်ရှိလာကြလေပြီ။
အားလုံး၏ ပစ်မှတ်က ယန်ယဲ့ပင်၊
သို့မဟုတ် ပိုပြီးတိကျအောင်ပြောရရင်တော့
ဝိညာဉ်ဖန်ဆင်းရှင်ပါ။

သူတို့အားလုံးကို ထာဝရနိုင်ငံတော်သို့
ခေါ်ဆောင်သွားနိုင်သည့် ဝိညာဉ်ဖန်ဆင်းရှင်။
ဝိညာဉ်ဖန်ဆင်းရှင်ကို ရယူနိုင်သရွေ့
ထာဝရနိုင်ငံတော်နှင့် ညှိနှိုင်းနိုင်ပါလိမ့်မည်။

ကမ္ဘာတောင်တန်းရှိ
ပေါ်တယ်စနစ်များအထက်၌..။

ပေါ်တယ်စနစ်တစ်ခုသည် ရုတ်တရက်
တုန်ခါသွားပြီးနောက်
မီးခိုးရောင်ဝတ်စုံဝတ်လူငယ်တစ်ဦးပေါ်လာ

သည်။

လူငယ်ထွက်လာသည်နှင့် သူ့နောက်ရှိလေ

ထုက အနည်းငယ်

တုန်ခါသွားပြီး အဘိုးကြီးတစ်ဦးထွက်လာ

သည်။ လူငယ်၏နောက်တွင်

တိတ်တဆိတ်ရပ်ကာ လိုက်ပါလာသည်။

လူငယ်လေးက ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်ပြီး ပြုံးကာ "ဒါက

ထာဝရနယ်နိမိတ်ပဲ အကြီးအကဲခန်း၊

ဒီနေရာအကြောင်း ပြောပြပေးပါ"

အဘိုးကြီးက “ထာဝရနယ်နိမိတ်က
နှစ်တစ်သန်းနီးပါးအကြာသက်တမ်းရှိခဲ့ပြီ။
ပြောရရင် ခေတ်ကြီး ၄
ခုကို ဖြတ်သန်းခဲ့တယ်။ ရှေးဟောင်းခေတ်၊
ဒြပ်မဲ့ခေတ်၊ မူလခေတ်နဲ့၊ လက်ရှိခေတ်။
ရှေးဟောင်းခေတ်က
ရှည်လျားလွန်းတဲ့အတွက်
သမိုင်းကြောင်းကို မတွေ့ရဘူး။
အထင်အရှားဆုံး ခေတ်ကတော့

မူလခေတ်ပဲ၊ မရေမတွက်နိုင်တဲ့
ညဏ်ကြီးရှင်တွေရှိခဲ့တယ်”

လူငယ်ကပြုံးပြီး “ကံမကောင်းစွာဘဲ
အဲ့ဒီခေတ်က ငါတို့မျိုးနွယ်စုရဲ့
လက်ထဲရောက်သွားခဲ့တယ်”

အဘိုးကြီး၏ ပါးစပ်ထောင့်တွင်
ဂုဏ်ယူဝင့်ကြွားသော အပြုံး
ထွက်ပေါ်လာသည်။သူက
“အဲ့ဒီဝိညာဉ်ဖန်ဆင်းရှင်သာမရှိရင်

ထာဝရနိုင်ငံတော်ကို
ဖျက်ဆီးပြီးနေလောက်ပြီ။
ကံမကောင်းလိုက်တာ ၊ တကယ့်ကို
ကံဆိုးတာပဲ”

လူငယ်လေး၏မျက်လုံးများက
အနည်းငယ်ကျဉ်းမြောင်းသွားကာ “ဝိညာဉ်ဖ
န်ဆင်းရှင်လား…”

အဘိုးကြီးက သက်ပြင်းချရင်း
“ဝိညာဉ်ဖန်ဆင်းရှင်ရဲ့စွမ်းအားက

ကြောက်စရာမဟုတ်ပါဘူး။
ဝိဉာဉ်ဖန်ဆင်းရှင် (၁၀)ပါးရှိနေရင်တောင်မှ
ငါတို့ရဲ့ဘိုးဘေးကို ယှဉ်နိုင်စွမ်းမရှိဘူး။
တကယ်ကြောက်စရာကောင်းတဲ့ အချက်က
အခြားဝိဉာဉ်ဘုရင်တွေ
အခြားသက်ရှိတွေကို ဖိတ်ခေါ် ပြီး
ပေါင်းစည်းနိုင်တဲ့အား အရည်အချင်း။ ဒါဟာ
အရမ်းကြောက်စရာကောင်းလွန်းတယ်"

လူငယ်က "အကြီးအကဲ
ဘာကိုဆိုလိုတာလဲ..."ဟုမေးလိုက်သည်။

အဘိုးကြီးက ဆက်ပြီးရှင်းပြသည်။

“စစ်ပွဲကိုမပါဝင်တဲ့

မျိုးနွယ်စုတစ်ချို့နဲ့ ဝိညာဉ်ဘုရင်တွေလည်း

ရှိတယ်။ ထာဝရနယ်နိမိတ်တောင်မှ

ကြားနေခဲ့တယ်။ ဒါပေမဲ့

ဝိညာဉ်ဖန်ဆင်းရှင်ဝင်ပါလာတာနဲ့

ငြိမ်နေတဲ့လူတွေပါ

ထာဝရနိုင်ငံတော်ဘက်ကို

ရောက်သွားကြတယ်။ စကြဝဠာရဲ့

မရေမတွက်နိုင်တဲ့ သက်ရှိသတ္တဝါတွေနဲ့

ဝိညာဉ်ဘုရင်တွေက ဝိညာဉ်ဖန်ဆင်းရှင်ကို ထောက်ပံ့ပေးခဲ့ကြတယ်”

သူက ခေါင်းယမ်းပြီး ဆက်ပြောလိုက်သည်။ “အဲ့ဒီအချိန်မှာ ငါတို့မျိုးနွယ်စုက ဘယ်အရာမှာကိုမဆို နည်းနည်းလေးတောင် အသာစီးမရတော့ဘူး။ အထူးသဖြင့်တော့ ဝိညာဉ်ဖန်ဆင်းရှင် စုစည်းထားတဲ့ စွမ်းအားအပြည့်တိုက်ခိုက်မှု သူမဝင်ပါစရာတောင်မလိုဘူး။ တိုက်ပွဲကိုစောင့်ကြည့်နေရုံပဲ။ ကျန်တဲ့

စကြဝဠာထဲက မရေမတွက်နိုင်တဲ့
စွမ်းအားရှင်တွေပါဝင်လာခဲ့တယ်။  ငါတို့ဘိုး
ဘေးက အဲ့ဒီစစ်ပွဲကို ဆက်ပြီး
တိုက်ခိုက်မယ်ဆိုရင် နောက်ဆုံးရလဒ်က
ငါတို့မျိုးနွယ်စုရဲ့ဘိုးဘေးတွေအပြင်
မျိုးနွယ်စုတစ်ခုလုံးတောင်
သေသွားနိုင်တယ်။ ဒါကြောင့် ဘိုးဘေးက
ယာယီနောက်ဆုတ်ဖို့ပဲ
ရွေးချယ်လိုက်တယ်”

လူငယ်က အကြာကြီး ငြိမ်သက်သွားသည်။

“စစ်ပွဲမှာ သက်ရှိသတ္တဝါတွေနဲ့

ဝိညာဉ်ဘုရင်တွေအားလုံးကိုသတ်ဖို့

ဘယ်သူက အမိန့်ပေးခဲ့တာလဲ…”

အဘိုးကြီးကခါးသက်သက်ရယ်မောရင်း

“ဘိုးဘေးရဲ့ညီငယ်၊ အဲ့ဒီတိုက်ပွဲအပြီးမှာ

ဘိုးဘေးက သူ့ကို ကမ္ဘာငယ်လေးတစ်ခုမှာ

အကျဉ်းချခဲ့တယ်။ဒါပေမဲ့ သိပ်မကြာခင်မှာ

ထွက်လာလိမ့်မယ်”

လူငယ်က အဘိုးကြီးကို ကြည့်ပြီး
“ဘိုးဘေးကို မုန်းတီးမှာ မဟုတ်ဘူးလား...”

အဘိုးကြီးက ခေါင်းခါလိုက်သည်။
“သူမလုပ်ရဲဘူး။ ဘိုးဘေးရဲ့စွမ်းအားက
သူ့ကို နည်းနည်းလေးတောင်မှ
မကောင်းကြံတာမျိုးမရှိစေရဲဘူး”

“ဘိုးဘေး”

လူငယ်လေး၏မျက်လုံးထဲတွင်
လေးနက်မှုတစ်ခုပေါ်လာသည်။ သို့မဟုတ်
ကြောက်ရွံ့ရှိသေမှုအဖြစ် ဖော်ပြသင့်သည်။
လူတိုင်းက လေးစားကြောက်ရွံ့ကြသော
စွမ်းအားရှင်တစ်ဦးပါ။

ဤအတောအတွင်းအကြီးအကဲခန်းက
"နံပါတ်ခုနှစ်မင်းသား၊ ဘိုးဘေးက မင်းနဲ့
မင်းရဲ့ညီအစ်ကိုတွေအတွက်
အဓိကမစ်ရှင်အနေနဲ့ ဝိဉာဉ်ဖန်ဆင်းရှင်
ကိုအရယူခိုင်းလိုက်တယ်။ ဒါဟာ

စမ်းသပ်မှုတစ်ခုပဲ။ ဝိဉာဉ်ဖန်ဆင်းရှင်ကို ရတဲ့လူက ငါတို့မျိုးနွယ်စုရဲ့ အိမ်ရှေ့စံမင်းသားဖြစ်လိမ့်မယ်”

“အိမ်ရှေ့မင်းသား”

နံပါတ်ခုနှစ်မင်းသား၏ မျက်လုံးထဲမှ စိတ်လှုပ်ရှားမှုများပေါ်လာသည်။ ၎င်းက ဘိုးဘေးထက် သာလွန်သော ရာထူးအဆင့်အတန်းဖြစ်သည်။ အိမ်ရှေ့မင်းသားက မျိုးနွယ်စုတွင်

ကြီးမားသော အခွင့်အာဏာကို
ပိုင်ဆိုင်ထားသည်။ ထိုပြင်မျိုးနွယ်စု၏
မရေမတွက်နိုင်သော အရင်းအမြစ်များကို
အသုံးပြုနိုင်သည်။

အိမ်ရှေ့စံမင်းသားဖြစ်လာသရွေ့အကြီးမြတ်
ဆုံးသော လုပ်ပိုင်ခွင့်အာဏာနှင့်
အရင်းအမြစ် နှစ်ခုစလုံးကို
ချက်ချင်းရနိုင်မည်ဖြစ်သည်။

အထူးသဖြင့် လုပ်ပိုင်ခွင့်အာဏာ။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်တွင်
ဘိုးဘေးများက ရုံဖန်ရုံခါသာ
အပြင်ထွက်လာတက်ကြသည်။
တစ်နည်းဆိုရသော် အိမ်ရှေ့စံမင်းသားက
မျိုးနွယ်စုတစ်ခုလုံးကို စီမံခန့်ခွဲသူနှင့်
တူညီကြသည်။

ဝိဉာဉ်ဖန်ဆင်းရှင်။

သို့သော် အိမ်ရှေ့စံမင်းသား ဖြစ်လာရန်
တစ်ခုတည်းသောနည်းလမ်းက
ဝိဉာဉ်ဖန်ဆင်းရှင်ကို ရယူရန်ဖြစ်သည်။

လူငယ်လေးက သူ့အတွေးများကို ထိန်းကာ
ကောင်းကင်ကို မော့ကြည့်ပြီး
"ဝိဉာဉ်ဖန်ဆင်းရှင်က ငါ့ဟွမ်ယွမ်အပိုင်ပဲ"

ထိုစကားပြောပြီးနောက် အဘိုးကြီးနှင့်အတူ
ပေါ်တယ်စနစ်အထက်မှ
ပျောက်ကွယ်သွားသည်။ သူတို့

ထွက်သွားပြီးသည်နှင့် ဤနေရာတွင် အဘိုးကြီးတစ်ယောက်ပေါ်လာသည်။ သူက ကောင်းကင်ကို မျှော်ကြည့်ရင်း သက်ပြင်းချကာ "ထာဝရနယ်နိမိတ်က အကြာကြီး ငြိမ်းချမ်းနေတော့မှာ မဟုတ်ဘူးပဲ"

အဖြူရောင်ကေရာဇ်မြို့တော်။

ကောင်းကင်ယံမှ အလင်းတန်းနှစ်စင်း ဆင်းသက်လာပြီးနောက်

အဖြူရောင်ကေရာဇ်မြို့တော်ဆီကို ရောက်ရှိလာသည်။ အလင်းတန်းနှစ်စင်းက မြို့တော်ခန်းမရှေ့သို့ ဆင်းသက်သွားသည်။ ခဏအကြာတွင် ယန်ယွဲ့နှင့် ပိုင်ဇီရှန့်တို့ပေါ်လာသည်။

ဤအတောအတွင်း မြို့တော်ဝန်က ခန်းမအဝင်ဝတွင် ပေါ်လာသည်။

သူက ယန်ယွဲ့နှင့် ပိုင်ဇီရှန်ကို တွေးတဲ့အခါ
"မင်းတို့က ဘာလို့ ပြန်လာတာလဲ..."
ဟုလေးနက်စွာ ပြောလိုက်သည်။

ပိုင်ဇီရှန်က ခါးသက်သက်ပြုံးပြီး "မင်း
ငါတို့ပြန်မလာရင်
အဖြူရောင်ကေရာဇ်မြို့တော်က
ထာဝရနယ်စပ်ကနေ
ပျောက်ကွယ်သွားတော့မှာ
မဟုတ်ဘူးလား..."

မြို့တော်ဝန်က ငြိမ်သက်သွားသည်။

ယန်ယဲ့သည် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်သည်။
အဖြူရောင်ကေရာဇ်မြို့တော်၏
ပတ်ပတ်လည်၌ ပုန်းအောင်းနေသည့်
အရှိန်အဝါ (၁၀)ခုထက်မနည်း ရှိနေသည်။
အားလုံးက အနည်းဆုံး အဆင့်၁
အကန့်အသတ်ချိုးဖျက်နယ်ပယ်များဖြစ်သ
ည်။ သေချာသည်မှာ
အဖြူရောင်ကေရာဇ်မြို့တော်က

ယခင်ကတည်းက
ဝိုင်းရံခံထားရပြီးဖြစ်သည်။

အကယ်၍ ယန်ယဲ့သာ ပြန်မလာဘူးဆိုပါက
အဖြူရောင်ကေရာဇ်မြို့တော်ကို
ဓားစာခံလုပ်ပြီး အတင်းအကျပ်
ပြန်လာခိုင်းမှာ သေချာပါသည်။

မြို့တော်ဝန်က အကူအညီမဲ့စွာ
ရယ်မောလိုက်သည်။ သူသည်
အဖြူရောင်ကေရာဇ်မြို့တော်၏

လက်ရှိအခြေအနေကို သတိမပြုမိဘဲ နေမည်လော။ သို့သော်လည်း သူ၏သမက်နှင့် သမီးဖြစ်သူကို ပြန်လာဖို့ မမျှော်လင့်ခဲ့ပေ။

ဒီအချိန်တွင် ယန်ယဲ့ကပြုံးပြီး “ကောင်းပြီ မင်းတို့နှစ်ယောက်စကားစမြည်းပြောလိုက်ကြဦး”

ထိုနောက် လှည့်ထွက်သွားသည်။

သူက အန်နန်ကျင်းနှင့်အတူ
မြို့ရိုးအထက်သို့ တက်သွားကာ
“ဘယ်နှစ်ယောက်ရှိလဲ…”

“၁၂ယောက်”

အန်နန်ကျင်းက ဆက်ပြောသည်။ “ဒါပေမဲ့
သူတို့ထွက်သွားပြီ”

“ထွက်သွားပြီးလား…”

ရှင်းရှင်းပြောရလျှင် ယန်ယဲ့နှင့် အန်နန်ကျင်းတို့၏ ခွန်အားကို သိထားသောကြောင့် ချက်ချင်းတိုက်ခိုက်လာမည်ကို ကြောက်လန့်နေကြပုံပါ။ နောက်ဆုံးတွင် အကန့်အသတ်ချိုးဖျက်နယ်ပယ်တစ်ယောက် အသတ်ခံလိုက်ရပါက ၎င်းတို့အတွက် ဆုံးရှုံးမှုကြီးဖြစ်သည်။

အန်နန်ကျင်းက ရုတ်တရက်
မေးလိုက်သည်။ "နင့်ရဲ့အစီအစဉ်က
ဘာလဲ..."

"ငါ့အစီအစဉ်လား..."

ယန်ယဲ့က အံ့အားသင့်သွားပြီး
ကောင်းကင်ကို မော့ကြည့်လိုက်သည်။
အမှန်တော့ သူ့မှာ ဘာအစီအစဉ်မှ မရှိပေ။
အဓိကကတော့ နှင်းပွင့်ကို
ဝိညာဉ်ဖန်ဆင်းရှင်အဖြစ်

အပြည့်အဝပြောင်းလဲစေချင်ပြီးဖြစ်သည်။ လက်ရှိမှာ နှင်းပွင့်က သူ့အကာအကွယ်ကို လိုအပ်နေသေး၏။ ထိုပြင် သူက နှင်းပွင့်လေးကို တစ်ဖက်ရန်သူများ၏လက်ထဲက ကျရောက်စေခွင့် မပြုနိုင်ပေ။ တစ်စုံတစ်ယောက်က နှင်းပွင့်ကို ထိဖို့ ကြိုးစားလာရင်တော့ တစ်ခါတည်း သတ်ပစ်ပါလိမ့်မည်။

အန်နန်ကျင်းက စကားပြောနေရင်း ဘေးသို့
ရုတ်တရက် လှမ်းကြည့်လိုက်သည်။
သက်လတ်ပိုင်းအမျိုးသားတစ်ဦးက
အဖြူရောင်ကေရာဇ်မြို့တော်သို့
ချဉ်းကပ်လာသည်။
သက်လတ်ပိုင်းအမျိုးသား၏ ခန္ဓာကိုယ်က
ထွားကျိုင်းသန်မာသည်။
မုတ်ဆိတ်မွေးရှည်များရှိကာ
နောက်ကျောတွင် ဓားကြီးတစ်ချောင်း
လွယ်ထားသည်။ ဓားကြီးက
အလွန်ကြီးမားကာ သူ့ခန္ဓာကိုယ်ထက်ပင်

ပိုပြီး
ကြီးမားနေသယောင်ထင်ရသည်။ သူလှမ်း
လိုက်သည့် ခြေလှမ်းတိုင်းက မြေပြင်ကို
တုန်ခါသွားစေသည်။

မြို့ဝင်ပေါက်ရှေ့သို့
ရောက်လာသောအခါတွင် ပြင်းထန်သော
ဖိအားလှိုင်းတစ်ခုက တစ်မြို့လုံးကို
လွှမ်းခြုံသွားသည်။
အဖြူရောင်ကေရာဇ်မြို့တော်ရှိ လူတိုင်း
ထိတ်လန့်သွားကြသည်။

အဆင့် ၃ အကန့်အသတ်ချိုးဖျက်နယ်ပယ်။

ယန်ယဲ့က စကားလှမ်းပြောခါနီးတွင် အန်နန်ကျင်းက မြို့ရိုးပေါ်မှ ရုတ်တရက် ခုန်ဆင်းသွားသည်။

သက်လတ်ပိုင်းအမျိုးသားက အန်နန်ကျင်းကို တစ်ချက်ကြည့်လိုက်ပြီး

“ဖယ်စမ်း ။ ငါက မိန်းမတွေကို မထိတတ်ဘူး”

အန်နန်ကျင်းက စကားတစ်ခွန်းမှမပြောဘဲ ခြေထောက်တစ်ချက် ပုတ်လိုက်သည်။

“ဆူး...”

ထိုနောက် သူမ၏ပုံရိပ်က ဝေဝါးသွားသည်။ အန်နန်ကျင်း ပျောက်ကွယ်သွားသောအခါ

သက်လတ်ပိုင်းအမျိုးသားက အနည်းငယ် မျက်မှောင်ကြုတ်သွားသည်။ ထိုနောက် သူ၏ညာလက်သီးကို ဆုပ်ကာ ရှေ့သို့ လှမ်းထိုးလိုက်သည်။

"အုန်း..."

ပေါက်ကွဲသံတစ်ချက်ထွက်ပေါ်လာပြီး နှစ်ယောက်စလုံး နောက်ပြန်ဆုတ်သွားကြသည်။ သက်လတ်ပိုင်းအမျိုးသားက မီတာ

၃၀၀အကွာအထိပြန်ဆုတ်သွားသည်။
သို့သော် တစ်ချိန်တည်းမှာပဲ ပြင်းထန်သော
ဖိအားလှိုင်းတစ်ခုက သူ့ရှေ့သို့
ရောက်လာသည်။

လှံတစ်ချောင်းပါ။

လှံတစ်ချောင်းထိုးသွင်းလိုက်တာပါ။
သက်လတ်ပိုင်းအမျိုးသားက
ပေါ့ပေါ့ဆဆမလုပ်ဝံ့ဘဲ သူ၏ဓားကြီးကို
လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်လျှက်

“မိုးကောင်းကင်ခွဲ ဓားချက်”

သက်လတ်ပိုင်းအမျိုးသား၏
ဒေါသတကြီးအော်သံနှင့် အတူ
ကောင်းကင်သည် ပြင်းထန်စွာ
တုန်ခါသွားကာ ကွဲအက်သွားပုံရသည်။

“အုန်း…”

ဓားနှင့်လှံတိုက်မိသည်နှင့် တစ်ပြိုင်နက်
ကောင်းကင်သည် ပြင်းထန်စွာ
တုန်ခါသွားသည်။
သက်လတ်ပိုင်းအမျိုးသားဟာ
တန်ပြန်အားလှိုင်းကြောင့် ၁
ကီလိုမီတာအကွာအထိ
လွင့်ထွက်သွားခဲ့သည်။ သူ့ကိုယ်သူ
ရပ်တန့်လိုက်သည်နှင့်
ခြေထောက်အောက်ရှိ မြေပြင်က ချက်ချင်း
ပြိုကျသွားသည်။ အထူးသဖြင့်

သူ၏လက်နှစ်ဖက်စလုံးသွေးများ
ဖုံးလွှမ်းထားသည်။

သက်လတ်ပိုင်းအမျိုးသားကမျက်နှာပေါ်တွ
င် လေးနက်သော အမူအရာဖြင့်
အန်နန်ကျင်းကို စိုက်ကြည့်နေသည်။

အန်နန်ကျင်းက သူမ၏ညာခြေကို
တစ်ချက်ပုတ်ကာ
သက်လတ်ပိုင်းအမျိုးသားရှေ့တွင်ပေါ်လာ
သည်။ ထိုနောက် အနက်ရောင်လုံ့ကို

လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျက်
ထိုးသွင်းလိုက်သည်။
သက်လတ်ပိုင်းအမျိုးသား၏
မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားသည်။

သူသည် ဤတိုက်လိုက်မှုကို
ပေါ့ပေါ့ဆဆမလုပ်ဝံ့ဘဲ ဓားကို
လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျက်
အပေါ်ဘက်ပင့်ထိုးလိုက်သည်။

“ဆူး...”

ခါးသွားဖြတ်သွားသည့်နေရာတိုင်း ကြားကွက်လပ်အလွှာများဟာ ချက်ချင်းပင် ပွင့်ထွက်သွားသည်။

“ဘုန်း...”

အန်နန်ကျင်း၏လုံ့က
လျှပ်စီးတန်းတစ်ခုအလား
လျင်မြန်စွာထိုးသွင်းလာသည်။

သက်လတ်ပိုင်းအမျိုးသားက
တုံ့ဆိုင်းမနေဘဲ သူ၏ဓားကိုမြှောက်ပြီး
ကန့်လန့်ဖြတ်ပင့်ခုတ်လိုက်သည်။

Translated By NyiNyiSoe.

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၇၈၁ -

ဤအချိန်တွင် အလင်းတန်းနှစ်ခု

လင်းလက်လာပြီး

သက်လတ်ပိုင်းအမျိုးသား၏လည်ပင်းကို

ပိုင်းဖြတ်သွားသည်။

ရုတ်တရက်တိုက်ခိုက်လာသဖြင့်

သက်လတ်ပိုင်းအမျိုးသားဟာ

ခုခံနိုင်စွမ်းမရှိခဲ့ပါ။ သူ၏ခေါင်းဟာ
လည်ပင်းကနေပြုတ်ထွက်သွားသည်။

တစ်ချိန်တည်းမှာပဲ အလင်းတန်းနှစ်ခုက
ယန်ယဲ့ဆီကိုပြန်ရောက်သွား၏။
အဓိပတိဓား နှင့် မူလနတ်ဓားတို့ပင်
ဖြစ်သည်။

ယန်ယဲ့ထံမှ စိတ်ဆန္ဒ ကြိုးမျှင်တစ်ချောင်း
ထွက်လာပြီး ဓားနှစ်ချောင်းက
ဘူးသီးနက်ထဲသို့ ပြန်ဝင်သွားသည်။

ယန်ယဲ့က သူ၏ညာလက်ကို
ဖွေ့ယမ်းလိုက်ရာ
သက်လတ်ပိုင်းအမျိုးသား၏ မူလဝိညာဉ်က
သူ့လက်ဖဝါးထဲသို့ ချက်ချင်း
စုပ်ယူခံလိုက်ရသည်။

ထို့နောက် သူ့ဘေးနားတွင် ရပ်နေသည့်
အန်နန်ကျင်းကို စိုက်ကြည့်ရင်း
“မင်းစိတ်မဆိုးဘူး မဟုတ်လား…”

သူမက ခေါင်းခါလိုက်ပြီး “ဘယ်သူ သတ်တာလဲဆိုတာ မထူးခြားပါဘူး”

ယန်ယွဲ့ကပြုံးပြီး “မင်းမှန်တယ်”

သူမက ယန်ယွဲ့၏လက်ဝါးကို ငုံ့ကြည့်ကာ “စုပ်ယူနေတာလား...”

ယန်ယွဲ့က ခေါင်းညိတ်လိုက်သည်။ “ဒါက လျှို့ဝှက်နည်းစနစ်ပဲ”

အန်နန်ကျင်းက

အနည်းငယ်ခေါင်းညိတ်ပြပြီး

ကောင်းကင်ကို မော့ကြည့်ကာ "နောက်ထပ်

အများကြီးရှိတယ်။ ငါတို့

လိုက်သတ်ကြမလား..."

ယန်ယွဲ့ကပြုံးပြီး "သူတို့

တိုက်ခိုက်လာမဲ့အချိန်ကိုပဲ

စောင့်နေကြရအောင်"

အန်နန်ကျင်းက ခေါင်းညိတ်ပြပြီးနောက်
မြို့ရိုးအထက်သို့ ပျံတက်သွားသည်။
သူမ၏လှံကို နံရံအထက်
ထိုးစိုက်ထားလိုက်ပြီး မျက်လုံးမှိတ်လျက်
နေရာတွင် တင်ပျဉ်ခွေ ထိုင်ချလိုက်သည်။

ယန်ယွဲ့သည် ကောင်းကင်ကို မော့ကြည့်ရင်း
သူ၏နှုတ်ခမ်းထောင့်တွင်
အပြုံးတစ်ခုပေါ်လာကာ မြို့ထဲသို့
ပြန်ဝင်လာသည်။ အခန်းထဲတွင်
ယန်ယွဲ့သည် ကြမ်းပြင်ပေါ်တွင်

တင်ပျဉ်ခွေထိုင်ကာ မူလစေတီထဲသို့ ဝင်လိုက်သည်။ သူ့လက်ဝါးကို ငုံ့ကြည့်လိုက်ရာ အနက်ရောင်စွမ်းအင် ဝဲကတော့တစ်ခုရှိနေသည်။

မူလစိတ်ဝိညဉ်များ။

တန်ရှူသင်ကြားပေးခဲ့သော မူလဝိညဉ်ဝါးမျိုခြင်းနည်းစနစ်ကို ကျွမ်းကျင်ပြီးကတည်းက သူ့အတွက် အလွန်ကို အသုံးဝင်ခဲ့သည်။

ယန်ယဲ့ကသူ၏ညာလက်သီးကို
ဖြည်းညင်းစွာ ဆုပ်လိုက်သည်။
သူ့လက်ဝါးထဲရှိ အနက်ရောင်စွမ်းအင်
ဝဲကတော့က လျင်မြန်စွာ
လည်ပတ်လာသည်။ သူ့လက်ဝါးထဲမှ
မရေမတွက်နိုင်အောင်
သိပ်သည်းသောစွမ်းအင်များစီးထွက်လာပြီး
သူ့ခန္ဓာကိုယ်ထဲသို့ ပေါင်းစည်းလိုက်သည်။
ယန်ယဲ့က
ဤမူလစိတ်ဝိညာဉ်အပိုင်းအစများကို
ဖြည်းဖြည်းချင်းစီ စုပ်ယူလိုက်သည်။

ဤအတောအတွင်း ယန်ယဲ့၏အော်ရာက ယခင်ထက်ပို၍ အားကောင်းသည်ထက် ပိုအားကောင်းလာပါတော့သည်။ သို့သော် သိပ်မကြာလိုက်ပေ ပြန်ပြီး ဖိနှိပ်ထားလိုက်သည်။

ယန်ယဲ့က သူ၏ကျင့်ကြံမှုအဆင့်ကို ချိုးဖျက်ခွင့်မပြုဘဲ ချက်ချင်း ဖိနှိပ်ပစ်လိုက်သည်။ ဤအခိုက်အတန့်တွင် အန်နန်ကျင်းက မြို့ရိုးအထက်တွင် တင်ပျဉ်ခွေထိုင်နေရာမှ ထရပ်လိုက်သည်။

တစ်ချိန်တည်းမှာပဲ အဝေးဆီမှ
ဥက္ကာပျံကဲ့သို့ အလင်းတန်းများ
အဆက်မပြတ် ဆင်းလာကာ
အလန်းတန်း၏နောက်ကွယ်တွင်
မီးတောက်လှိုင်းကြီးတစ်ခုပါ
လိုက်ပါလာသည်။

အစွမ်းထက်ဖိအားလှိုင်း တစ်ခုက
အဖြူရောင်ကေရာဇ်မြို့တော်ပေါ်သို့
ချက်ချင်း ဆင်းသက်လာသည်။ အကယ်၍

မြို့ထဲကို ကျဆင်းသွားပါက
အဖြူရောင်ကေရာဇ်မြို့တော်က ချက်ချင်း
ပျက်စီးသွားပေလိမ့်မည်။

အန်နန်ကျင်းက သူမ၏ရှေ့က လှံကို
ချက်ချင်းဆောင့်ကန်လိုက်သည်။

"ရှီး..."

လုံကလေးထုကိုဆုတ်ဖြဲပြီး အလင်းတန်းကို ထိမှန်သွားသည်။

"အုန်း..."

ကျယ်လောင်သော ပေါက်ကွဲသံနှင့်အတူ မီးတောက်လှိုင်းကြီးဟာ တစ်စစီ ပြန့်ကျဲသွားသည်။ သို့သော် ထိုမျှနှင့် အဆုံးမဟုတ်သေးပါ။ အထက်မှ ရောမလက်ဝါးကြီးတစ်ဖက် ဆင်းသက်လာကာ

အဖြူရောင်ကေရာဇ်မြို့တော်တစ်မြို့လုံး

အား ဖုံးလွှမ်းသွားသည်။

အန်နန်ကျင်းက

အနက်ရောင်လုံ့ကိုပြန်သိမ်းလိုက်ပြီး သူမ၏

လက်ကို အနည်းငယ်လှုပ်လိုက်ရာ

လုံ့ရှည်တစ်ချောင်းပေါ်လာသည်။ ထိုနောက်

လုံ့ကို ဆုပ်ကိုင်လျှက်

ကောင်းကင်အထက်သို့

ပစ်လွှတ်လိုက််သည်။

"ဆူး..."

လုံက လေထုကို ဆုတ်ဖြဲပြီး
ရောမလက်ဝါးကြီး၏
အလယ်တည့်တည့်ကို
ထိုးဖောက်သွားသည်။ ပြင်းထန်သော
စွမ်းအင် လှိုင်းလုံးများ ထွက်ပေါ်လာပြီး
ရောမလက်ဝါးကြီးက ချက်ချင်းပင်
ပြာဖြစ်သွားသည်။

ခဏအကြာတွင် တိမ်တိုက်များအပေါ်၌
အဘိုးကြီးတစ်ယောက်ပေါ်လာသည်။ သူက
အဖြူရောင်ကေရာဇ်မြို့တော်ကို
ငုံ့ကြည့်နေသည်။ သို့မဟုတ် ပိုပြီး
တိကျအောင် ပြောရရင်တော့
အန်နန်ကျင်းကို
စိုက်ကြည့်နေခြင်းဖြစ်သည်။

အဘိုးကြီးက သူ့ညာလက်ကို ရုတ်တရက်
ဆုပ်လိုက်ရာ အန်နန်ကျင်း၏ အနီးအနားရှိ
အာကာသပြင်(ကြားကွက်လပ်)အလွှာက

ချက်ချင်း

ပူလောင်လာသည်။  တစ်ချိန်တည်းမှာပဲ

ပြင်းထန်သော ဖိအားလှိုင်းတစ်ခုက

အန်နန်ကျင်း၏ ပတ်ပတ်လည်ကို

ပိတ်ဆို့ထားခဲ့သည်။

အန်နန်ကျင်းက ဘာမှမထူးခြားပဲ

သူမ၏လက်သီးကိုမြှောက်ပြီး ရှေ့သို့

ဆောင့်ထိုးလိုက်ရုံသာ။

"အုန်း..."

လေထဲတွင် ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။ အန်နန်ကျင်းကို ဖိချလာသော ဖိအားက ချက်ချင်းပင် ပေါက်ကွဲသွားသည်။ ပတ်ပတ်လည်ရှိ မီးတောက်လှိုင်းများလည်း သဲလွန်စမရှိ ပျောက်ကွယ်သွားခဲ့သည်။ ဤအချိန်တွင် အန်နန်ကျင်းက ညာခြေကို တစ်ချက်ဆောင့်လိုက်သည်။

“အုန်း…”

ခဏအကြာတွင်ပဲ တိမ်တိုက်များအပေါ်၌ ပေါက်ကွဲသံ ထွက်ပေါ်လာသည်။

အဘိုးကြီးက
ဒုက္ကီလိုမီတာအကွာတွင်ပေါ်လာသည်။
အန်နန်ကျင်းကတော့ ယခင်က အဘိုးကြီး ရပ်နေခဲ့သည့် နေရာတွင် ရပ်နေခဲ့၏။
တစ်ချိန်တည်းမှာပင်
သူမ၏လက်နှစ်ဖက်ကို ဆန့်လိုက်ရာ

လုံတိုနှစ်ချောင်းပေါ်လာသည်။ ထိုနောက်
ဆန်းကြယ်ချီစွမ်းအင်များ
ပို့လွှတ်ပြီး
အဘိုးကြီးထံပစ်လွှတ်လိုက်သည်။

အဘိုးကြီး၏မျက်လုံးများက ရုတ်တရက်
ကျဉ်းမြောင်းလာပြီး သူ့ညာလက်ကို
ဆန့်ကာ ခါယမ်းလိုက်သည်။ သူ့ရှေ့တွင်
ရောမအလင်းအလွှာကြီးတစ်ခုပေါ်လာသည်
။

"ဘုန်း…ဘုန်း…"

လုံတိုနှစ်ခုက လျှပ်စီးတန်းနှစ်ခုအလား လျင်မြန်စွာ ကျရောက်လာသည်။ အလင်းအလျှာကြီးက ပြင်းထန်စွာ တုန်ခါသွားပြီးနောက် မရေမတွက်နိုင်သော အက်ကြောင်းများ ပေါ်လာသည်။ ဤအချိန်တွင် အန်နန်ကျင်းက လုံတို နှစ်ချောင်းအနောက်တွင် ရုတ်တရက် ပေါ်လာပြီး ဖမ်းဆုပ်ကာ ထပ်ပြီး ပစ်လွှတ်လိုက်သည်။

“အုန်း…”

အလင်းအလွှာက ချက်ချင်း
ပြိုကျသွားသည်။ ထိုအတူ အဘိုးကြီးက ၁၀
ကီလိုမီတာ အကွာသို့
လွင့်ထွက်သွားခဲ့သည်။ အန်နန်ကျင်းက
ထပ်ပြီးတိုက်ခိုက်ရန်ပြင်လိုက်သော်လည်း
အဘိုးကြီးက ချက်ချင်းနောက်ပြန်လှည့်ပြီး
ကောင်းကင်အထက်သို့
ပျောက်ကွယ်သွားသည်။

“ထွက်ပြေးတာလား…”

အန်နန်ကျင်းက အနည်းငယ်
မျက်မှောင်ကြုတ်လိုက်သည်။
ဤအချိန်တွင် အဝေးမှ အလင်းတန်းနှစ်စင်း
လင်းလက်သွားသည်။
ဓားပျံနှစ်ချောင်းပင်ဖြစ်သည်။
ဓားပျံနှစ်ချောင်းက လျင်မြန်စွာ
ပျောက်ကွယ်သွားပြီးနောက်

သိပ်မကြာလိုက်ဘဲ ကောင်းကင်ယံမှ
ခေါင်းပြတ်တစ်လုံး ပြုတ်ကျလာသည်။

အန်နန်ကျင်းက မြို့ရိုးကို
လှည့်ကြည့်လိုက်ရာ ပိုင်ဇီရှန်နှင့် ယန်ယဲ့က
ဘေးချင်းယှဉ်လျက် ရပ်နေသည်ကို
တွေ့လိုက်ရသည်။

အန်နန်ကျင်းက ပိုင်ဇီရှန်ကို
လှည့်ကြည့်လိုက်ပြီး ယန်ယဲ့ကို
စိုက်ကြည့်ရင်း "သွားတော့မလား..."

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။
“စားအပျက်အစီးနယ်မြေဆီ သွားရအောင်”

စကားပြောနေစဉ် ယန်ယဲ့က သူ့လက်ဝါးကို လှန်လိုက်ရာ လွတ်နေသော စားအိမ်တစ်ချောင်းပေါ်လာသည်။

သူက “အဲ့ဒီမှာ ဒီစားအိမ်က လိုချင်နေတဲ့ တစ်စုံတစ်ခုကို ငါခံစားမိတယ်”

အန်နန်ကျင်းက အနက်ရောင် ဓားအိမ်ကို
စိုက်ကြည့်ရင်း တုန်လှုပ်သွားပုံရသည်။

ခဏလောက်ငြိမ်သက်နေပြီး "ဒီနေရာက
ဘယ်လိုလဲ..."ဟု မေးလိုက်သည်။

ယန်ယဲ့က ပြုံးပြီး "ငါကသူတို့ရဲ့ပစ်မှတ်ပဲ။
ငါထာဝရနယ်စပ်ကို ပြန်ရောက်နေသရွေ့

သူတို့က အဖြူရောင်ကေရာဇ်မြို့တော်ကို
ပစ်မှတ်ထားမှာမဟုတ်ဘူး”

အန်နန်ကျင်းက ခေါင်းညိတ်လိုက်သည်။
“ကောင်းပြီ”

ယန်ယဲ့က ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်သည်။
“သွားကြရအောင်”

စကားပြောပြီးနောက် မြို့ရိုးအထက်ကနေ
ပျောက်ကွယ်သွားကြသည်။
သူတို့ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက်
အဖြူရောင်ကေရာဇ်မြို့တော်ပတ်ပတ်လည်
မှ အစွမ်းထက် အရှိန်အဝါများလည်း
ပျောက်ကွယ်သွားခဲ့သည်။

မြို့အထက် တစ်နေရာတွင် လူအိုကြီးက
ငါးယောက်ရပ်နေသည်။ ၎င်းတို့က
မျိုးနွယ်စု ငါးခု၏
ဘိုးဘေးများပင်ဖြစ်သည်။

မူလကေရာဇ်က ယန်ယဲ့နှင့် အန်နန်ကျင်းတို့
ထွက်ခွာသွားသော လမ်းကြောင်းကို
တစ်ချက်ကြည့်လိုက်ပြီး
"ဒီအမျိုးသမီးငယ်လေးကတကယ့်ကို
အံ့သြစရာပဲ"

ပေ့ချွမ်ရှီးက ပြုံးပြီး "ဒါက
သိုင်းနတ်ဘုရားခန္ဓာကိုယ်ပဲ၊
မင်းဘာကိုအံ့သြနေတာလဲ…"

“သိုင်းနတ်ဘုရားခန္ဓာကိုယ်”

လူတိုင်း၏ မျက်နှာပေါ်တွင်  လေးနက်သော အမူအရာများ ရှိနေလေသည်။ မျိုးနွယ်စုခေါင်းခေါက်ခု၏ တည်ထောင်သူဘိုးဘေးများ ဖြစ်နေသည့်အလျောက် သဘာဝအတိုင်း ကြားဖူးထားကြသည်။

ပေ့ချွမ်ရှီးက ပြုံးပြီး “ယန်ယဲ့က ဒီလိုအကူအညီကို ရှာတွေ့ဖို့

ငါမမျှော်လင့်ထားဘူး။ အခုက ပိုပြီး စိတ်ဝင်စားဖို့ ကောင်းတယ်”

“စိတ်ဝင်စားစရာလား…”

ယွဲ့ကူးက ရုတ်တရက် အေးစက်စွာပြောခဲ့သည်။ “ငါတို့ရဲ့ ပစ်မှတ်က ဝိညာဉ်ဖန်ဆင်းရှင်ပဲ၊ အခု မရေမတွက်နိုင်တဲ့ လူတွေက ထာဝရနယ်နိမိတ်ကို ရောက်နေကြပြီး

သူတို့ထဲက တချို့က ငါတို့ရဲ့အစီအစဉ်ကို နှောက်ယှက်နိုင်တယ်”

ပေ့ချွမ်ရှီးက ပြုံးပြီး “ဘာလို့ ဒီလိုတိုက်ပွဲဝင်ရမှာလဲ…။ တစ်စုံတစ်ယောက်က အနှေးနဲ့ အမြန်ဆိုသလို ကိုယ့်ကိုယ်ကို ထိန်းချုပ်ထားနိုင်မှာမဟုတ်ဘူး”

မူလကေရာဇ်က "ဒါဆို ငါတို့က
တတိယလူအနေနဲ့ အကျိုးအမြတ်
ဝင်ယူကြမလို့လား..." ဟုမေးလိုက်သည်။

ပေ့ချမ်ရှီးက ခေါင်းညိတ်လိုက်သည်။

မူလကေရာဇ်က ခေါင်းခါပြီး
"အခြားသူတွေလည်း ဒီလိုပဲ တွေးနေမှာ"

ပေ့ချွမ်ရှီးက တစ်ချက်ကြည့်လိုက်ပြီး

“ငါသိပါတယ် ဒါကြောင့် အခုအချိန်မှာတော့

ဘယ်သူက ကိုယ့်ကိုယ်ကို

ထိန်းချုပ်ထားနိုင်မလဲအပေါ်မှာ

မူတည်တယ်။ တစ်ယောက်ယောက်တော့

ကျရှုံးမှာ သေချာတယ်”

“သောက်ကျိုးနည်း ဆုံးဖြတ်ချက်ပဲ”

ယွဲ့ကူးက ရုတ်တရက်

အော်ငေါက်လိုက်သည်။

“မင်းသတိမထားမိဘူးလား…။ ယန်ယဲ့က အရင်ထက်အများကြီးပိုသန်မာလာပြီ။ ဒီအတိုင်းဆက်သွားရင် ငါတို့က သူ့ဆီကနေ ယူနိုင်မှာမဟုတ်ဘူး သူကသာ ငါတို့ဆီကနေ အကုန်ရှိသမျှ လာယူသွားလိမ့်မယ်”

“ယန်ယဲ့”

ဤအချိန်မှသာ လူတိုင်း ယန်ယဲ့၏ ခွန်အားအကြောင်း သတိပြုမိခဲ့ကြသည်။

“ယန်ယဲ့၏ ကြီးထွားမှုအရှိန်ကို
မကြောက်သူ ရှိသလား...”

သူတို့အဖွဲ့တွင်မဟုတ်ဘဲ
အမှောင်ရိပ်ထဲတွင် ပုန်းအောင်းနေသည့်
အခြားသူများပင် ကြောက်ရွံ့ကြသည်။
အထူးသဖြင့် လက်ရှိတွင်
ယန်ယဲ့တစ်ယောက်တည်း မဟုတ်ပါ။
သူ့ဘေးနားတွင် သိုင်းနတ်ဘုရား ခန္ဓာကိုယ်
ပိုင်ရှင်ပါ ရှိနေပြန်သည်။ အကယ်၍

ယန်ယဲ့သာ ဆက်ပြီး အသက်ရှင်ခွင့်ရပါက
အကျိုးဆက်ကို မည်သူခံနိုင်မည်နည်း။
သို့ရာတွင် မည်သူမှ အရင်ဦးဆုံး
ရှေ့မတိုးကြပေ။ လူတိုင်းက တတိယလူကို
အကျိုးအမြတ်ယူခွင့် မပြုချင်ကြပေ။
ထို့ကြောင့် အားလုံးက အခြေအနေကို

စောင့်ကြည့်နေကြသည်။

ပေ့ချွမ်ရှီးက သူ့မျက်လုံးများကို
ဖြည်းညင်းစွာ မှိတ်လိုက်ပြီး

“တစ်စုံတစ်ယောက်က ကိုယ့်ကိုယ်ကို ထိန်းချုပ်ထားနိုင်မှာမဟုတ်ဘူး”

“ဒါဆို ခဏလောက် စောင့်ကြည့်ရအောင် တစ်ယောက်ယောက် အရင်သွားတဲ့အထိ စောင့်ကြမယ်”

အားလုံး တိတ်ဆိတ်သွားကြသည်။ အခြားတူများလည်း အတွေးအမြင်တူမှန်း သိကြသော်လည်း ရွေးချယ်စရာမရှိသည့်အတွက်

စောင့်ဆိုင်းရုံသာရှိတော့သည်။  ဤအတော
အတွင်း ကောင်းကင်အဝေးတစ်နေရာတွင်
အမျိုးသမီးတစ်ဦးက
တိတ်ဆိတ်ငြိမ်သက်စွာဖြင့် အောက်ဘက်ရှိ
မြို့ကြီးကို စောင့်ကြည့်နေသည်။
အမျိုးသမီးက အခြားသူတော့မဟုတ်ပေ
နန်လီမုန့်ပင်။

သူမက ကောင်းကင်ကို
မော့ကြည့်လိုက်သည်။
အချိန်တော်တော်ကြာအောင်

တိတ်ဆိတ်သွားသည်။ ထိုနောက်
ခေါင်းယမ်းကာ ကောင်းကင်အထက်သို့
ပျောက်ကွယ်သွားခဲ့သည်။

ဓားအပျက်အစီးနယ်မြေ။

ယန်ယွဲ့နှင့် အန်နန်ကျင်းဟာ
ဓားအပျက်အစီးနယ်မြေဆီသို့
ရောက်လာကြသည်။
အထဲဝင်လာသည့်အခါ
တောင်ထိပ်တစ်ခုတွင်

တင်ပျဉ်ခွေထိုင်နေသော ကျန်းယွဲ့ကို မြင်လိုက်ရသည်။ နှစ်ယောက်သာ ကျန်းယွဲ့ဆီသို့လျှောက်သွားကာ

“ပေါ်လာတော့မယ်” ဟု ကျန်းယွဲ့က တိုးတိုးလေး ပြောလိုက်သည်။

“ ထွက်လာတော့မှာလား…” ယန်ယဲ့က လေးနက်စွာ ပြောလိုက်သည်။

“အဲ့ဒီဓားလား…”

ကျန်းယွဲ့က ခေါင်းညိတ်သည်။

“နင်အဲ့ဒါအတွက်
ဒီကိုရောက်လာတာလား…”

ယန်ယဲ့က အံ့သြသွားပြီး
“မင်းဘယ်လိုသိတာလဲ…”

“နင့်လက်ထဲက ဓားအိမ်” ဟု တိုးတိုးလေး ပြန်ဖြေသည်။

ယန်ယဲ့က ဓားအိမ်ကို တစ်ချက်ကြည့်လိုက်ပြီး “မင်းအရင်က မြင်ဖူးလား” ဟု တိုးတိုးလေး မေးလိုက်သည်။

ကျန်းယွဲ့က ခေါင်းညိတ်ပြီး “ငါသိတယ်”

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး "ဒီဓားက မင်းတို့ကျန်းမျိုးနွယ်စုက ပိုင်တာလား..."

ကျန်းယွဲ့က ခေါင်းခါလိုက်ပြီး "ငါ့မျိုးနွယ်စုက ဓားကို အကြွေးတင်နေတာ။ အဲ့ဒါမရှိရင် ငါတို့ မျိုးနွယ်စု တစ်ခုလုံး အဲ့ဒီကပ်ဘေးမှာတင် ပျက်သုဉ်းသွားလောက်ပြီ"

စကားပြောနေရင်း ဖြည်းညင်းစွာ ထရပ်သည်။

"သူထွက်သွားရင် ငါလည်း လွတ်ပြီ" ဟု ဆက်ပြောလိုက်သည်။

ယန်ယဲ့က "ငါယူလို့ရပြီလား..."

ကျန်းယွဲ့ကပြုံးပြီး "ဒါက ငါ့ဉစ္စာဖြစ်ရင် ငါပိုင်တယ်။ ဒါဟာ ငါပိုင်တာ မဟုတ်ရင် ငါဘယ်တော့မှ မပိုင်ဘူး"

ယန်ယဲ့ကပြုံးပြီး "ကျေးဇူးတင်ပါတယ်"

ကျန်းယွဲ့က အနည်းငယ်ခေါင်းညိတ်ပြီး ညာလက်ကို ဝှေ့ယမ်းလိုက်သည်။ ထိုခဏလေးမှာပဲ သူ့ရှေ့တွင် အက်ကြောင်းကြီးတစ်ခုပေါ်လာသည်။ အက်ကြောင်းက အဆုံးမရှိသည့်အလား မြေကြီးအနက်ပိုင်းထဲအထိ ဆင်းသက်သွားသည်။

"ဆင်းသွားလိုက်"

ယန်ယွဲ့က ခေါင်းညိတ်ပြပြီး အန်နန်ကျင်းကို စူးစိုက်ကြည့်ကာ “ကျင်းအာ သတိထားပါဟုပြောရင်း အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲကာ မြေအောက်ထဲသို့ ထိုးဆင်းသွားသည်။

ကျန်းယွဲ့က ယန်ယွဲ့ ထွက်သွားတာကို ခဏစိုက်ကြည့်နေပြီးနောက် ကောင်းကင်ကိုမော့ကြည့်ကာ “ဒါက သိပ်တော့ အဆင်ပြေနေမှာ မဟုတ်ဘူး”

အန်နန်ကျင်းက သူမ၏လက်ထဲမှ လှံကို
တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားရင်း
“လာပါစေ လာသမျှလူတိုင်းကို
ငါသတ်ပစ်မယ်”

အန်နန်ကျင်းက သိုင်းနတ်ဘုရား မဟုတ်ဘဲ
စစ်နတ်ဘုရားတစ်ပါးကဲ့သို့
တောင်ထိပ်ပေါ်တွင် မားမားမတ်မတ်
ရပ်နေခဲ့သည်။

Translated By NyiNyiSoe.

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၇၈၂ -

ကျန်းယွဲ့က စိတ်ထဲတွင် တုန်လှုပ်သွားပြီး အန်နန်ကျင်းကိုတစ်ချက်ကြည့်လိုက်သည်။

အန်နန်ကျင်းထံမှ ထွက်ပေါ်လာသည့်
ကြောက်မက်ဖွယ်ရာ အငွေ့အသက်ကို
ခံစားမိလိုက်လို့ပါ။

အန်နန်ကျင်း၏ ခန္ဓာကိုယ်မှ
ဖော်မပြနိုင်သော အငွေ့အသက်များ
ထွက်ပေါ်နေခဲ့သည်။

၎င်းက ယုံကြည်မှု။ အလွန်အမင်း
ယုံကြည်မှုပင်။

အန်နန်ကျင်းကိုယ်တိုင်က
နတ်ဘုရားများကိုပင် သတ်နိုင်သလို
ယုံကြည်မှုအပြည့်ရှိနေပုံပါ။

ခဏအကြာတွင် ကျန်းယွဲ့က
လတ်တလောအတွေးများကို ထိန်းကာ
ကောင်းကင်သို့ မော့ကြည့်လိုက်သည်။
ယန်ယွဲ့သာ ဓားကို
ဆုပ်ကိုင်နိုင်သ၍သူမ၏တာဝန်က
ပြီးဆုံးသွားပြီဖြစ်သည်။

ဓားအပျက်အစီးနယ်မြေတွင်
ဆက်ပြီးနေထိုင်ရန် မလိုတော့ပေ။

အကြောင်းမှာ သူမ၏တာဝန်က
ဓားပိုင်ရှင်ကို ရှာမတွေ့မချင်း
ကာကွယ်ထားရန်ဖြစ်သည်။
အတိတ်တွင်တော့ နှင်းပွင့်က ဓားကို
ယူသွားရန်
အလားအလာအရမ်းကောင်းသည်ဟု
ခံစားမိခဲ့သည်။ သို့သော်လည်း နှင်းပွင့်က
ဝိညာဉ်ဖန်ဆင်းရှင်ပါ။

ကံမကောင်းစွာဘဲ ဓားက သူ့အလိုလို ထွက်ပေါ်မလာခဲ့ပေ။ ထိုအခြေအနေက ကျန်းယွဲ့ကို အနည်းငယ် စိတ်ပျက်သွားစေသည်။ သို့ရာတွင် လက်ရှိမှာတော့ ဓားက သူ့အလိုလို ထွက်လာနေပြီဖြစ်သည်။

ကျန်းယွဲ့က သူမ၏ဓားကြီးကို ဆုပ်ကိုင်ထားပြီး ကောင်းကင်ကို မော့ကြည့်လိုက်သည်။

.....

ဤအချိန်တွင် ယန်ယဲ့သည် နှင်းပွင့်ကို ပခုံးပေါ်တင်လျက် တစ်လမ်းလုံး ဆင်းလာနေသည်။ လမ်းတစ်လျှောက်တင် တွေ့ရသော နတ်ရတနာများကို အကုန်အစင် သိမ်းယူလိုက်သည်။

အချိန်တော်တော်ကြာပြီးနောက်တွင် ယန်ယဲ့ သည်ရပ်တန့်သွားသည်။

သူ့ရှေ့မလှမ်းမကမ်း၌
အနက်ရောင်ခေါင်းတလားကြီး
တစ်ခုရှိနေခဲ့သည်။

ယန်ယဲ့က သတိအပြည့်ဖြင့်
အနားကိုတိုးကပ်သွားလိုက်သည်။
ခေါင်းတလား၏ ပတ်ပတ်လည်တွင်
အနက်ရောင်စွမ်းအင် ချီမျှင်များ
ရစ်ပတ်ကာချုပ်နှောင်ထားပုံရသည်။

ဒီအချိန်မှာ ယန်ယဲ့၏လက်ထဲမှ ဓားအိမ်က တုန်လှုပ်နေသည်။

အခေါင်းတလားထဲကနေ စွမ်းအင်ဓားသေးသေးလေးတစ်ချောင်း ပျံထွက်လာသည်။ ဤအချိန်တွင် နှင်းပွင့်က ခေါင်းတလားကို ညွှန်ပြပြီး ယန်ယဲ့ကို စိုက်ကြည့်နေသည်။ ယန်ယဲ့က အချိန်အကြာကြီး စိုက်ကြည့်နေပြီးနောက် သူ့ဓားကိုမြှောက်ကာ ပိုင်းချလိုက်သည်။

“ဘုန်း…”

သို့သော် ယန်ယဲ့ဟာ လူရောစားပါ
နောက်ပြန်လှင့်ထွက်လာသည်။
ခေါင်းတလားက ခြစ်ရာထင်ဖို့
နေနေသာသာအနည်းငယ်ပင်
လှုပ်သွားခြင်းမရှိပေ။
နှင်းပွင့်လေး၏မျက်လုံးသေးသေးလေးများ
ကလည်း တော်တော်လေး
အံ့သြသွားပုံရသည်။

ခဏအကြာတွင် စိုးရိမ်စိတ်များဖြင့်
ယန်ယဲ့ဆီသို့ အမြန်ပြေးသွားလေသည်။
ယန်ယဲ့က သူမ၏ခေါင်းလေးကို
ပွတ်သပ်ပြီး ပြောလိုက်သည်
"ငါအဆင်ပြေပါတယ်"

စကားပြောမည့်သာ ပြောနေသော်လည်း
သူ့စိတ်ထဲတွင် တုန်လှုပ်သွားခဲ့သည်။
နောက်ဆုံးတွင် သူ၏ မူလနတ်ဓားက
နတ်ဘုရားရတနာတစ်ပါးဖြစ်နေပါသည်။

သို့သော် ခေါင်းတလားအဖုံးကို
ခြစ်ရာတောင် မထင်ခဲ့ပေ။

ဤအချိန်တွင်
နှင်းပွင့်လေးက  ခေါင်းတလားဆီသို့
ပြေးသွားပြီး လက်သည်းလေးများဖြင့်
ရိုက်ချလိုက်သည်။

“ဘုန်း...”

ခေါင်တလားကြီးက ပြင်းထန်စွာ
လှုပ်ခါလာသည်။ ၎င်းက တစ်စုံတစ်ခုကို
ကြောက်ရွံ့နေပုံပါ။ နှင်းပွင့်လေးက
မျက်တောင်ခတ်ပြီး ပေါ့ပေါ့ပါးပါး
ရှူသွင်းလိုက်သည်။

"ရှူ…"

အခေါင်းတလာက ချက်ချင်းပင်
ပျော့ပြောင်းလာပုံရသည်။ နှင်းပွင့်လေးက
ထပ်ပြီး စုပ်ယူရန် ပြင်လိုက်စဉ်မှာပဲ

ခေါင်းတလားထဲမှ ထူးဆန်းသော
အငွေ့အသက်များ ထွက်ပေါ်လာသည်။
သေချာသည်မှာ အထဲရှိအရာက
နှင်းပွင့်လေးနှင့်
ဆက်သွယ်နေခြင်းဖြစ်သည်။

နှင်းပွင့်လေးက မျက်တောင်ခတ်ပြီး
အခေါင်းတလားအဖုံးကို ညင်သာစွာ
ပွတ်သပ်လိုက်သည်။ ခဏမျှတိတ်ဆိတ်
သွားပြီးနောက် အခေါင်းတလားအဖုံးက
“ဘန်းခနဲ” ပွင့်ထွက်သွားသည်။

တစ်ချိန်တည်းမှာပဲ

မြေကြီးအောက်ထဲမှ  စူးရှသော

ဓားအူသံကြီး ပဲ့တင်ထပ်လာကာ

တိမ်တိုက်များကြားထဲသို့ပင်

ပျံ့လွင့်သွားသည်။

သို့မဟုတ် ဤအချိန်တွင်

ထာဝရနယ်စပ်တစ်လျောက်လုံး

ဓားအူသံကို ကြားလိုက်ရသည်။

ထာဝရနယ်စပ်၏ မရေမတွက်နိုင်သော ကျင့်ကြံသူများဟာ ဓားအပျက်အစီးနယ်မြေဆီသို့ လှမ်းမျှော်ကြည့်နေသည်။ သိပ်မကြာလိုက်ဘဲ အချို့က တစ်စုံတစ်ခုကို တွေးတောမိလိုက်ပုံရသည်။ အားလုံးက မျက်စိမျက်နှာများ ပျက်သွားကာ ဓားအပျက်အစီးနယ်မြေဆီသို့ ကမန်းကတန်း ထွက်ခွာသွားကြသည်။

ဓားအပျက်အစီးနယ်မြေ ...။

မြေအောက်ထဲတွင်
ခေါင်းတလားအဖုံးပွင့်သွားသည်နှင့်တစ်ပြိုင်
နက် အထဲမှ
ဓားတစ်စင်းပျံထွက်လာပြီးနောက်
ယန်ယဲ့၏နဖူးထဲသို့ ဝင်ရောက်သွားသည်။
ထိုခဏလေးမှာပဲ သူ၏မျက်နှာက
တင်းမာလာသည်။ သူ့ရှေ့ရှိ
မြင်ကွင်းကလည်း ပြောင်းလဲသွားသည်။

အသက်ရှုသုံးရှိက်စာခန့် အကြာတွင်

သူ့ရှေ့မှာ

အနက်ရောင်ဝတ်စုံဝတ်ဓားသမားတစ်ယော

က်ပေါ်လာသည်။

ဓားသမားက ယန်ယဲ့ဆီသို့ လျှောက်လာပြီး

“ဒီဓားရဲ့ အသိအမှတ်ပြုတာကို ရယူချင်ရင်

ဓားသမားတစ်ယောက်ကို

အရင်ဆုံးကျော်ဖြတ်ရမယ်“

ထိုလူက စကားပြောပြီးသည်နှင့်
တစ်ပြိုင်နက် ယန်ယဲ့၏နဖူးကို
ဓားစွမ်းအင်ဖြင့်
ပစ်ခတ်လိုက်သည်။  ယန်ယဲ့ဟာ
တုံ့ပြန်နိုင်စွမ်းပင် မရှိလောက်အောင်အထိ
အလွန်လျင်မြန်လှသည်။ ယန်ယဲ့က
သူ့ကိုယ်သူပင် ဘာဖြစ်သွားမှန်း
မသိလိုက်ဘဲ ဓားကို အလိုလို ရှေ့သို့
ဝှေ့ယမ်းလိုက်သည်။

"ဆူး..."

ဒီအချိန်မှာပဲ ဓားတစ်ချောင်းက
သူ၏နံကြားကို ထိုးဖောက်သွားသည်။
ယန်ယွဲ့၏ ခန္ဓာကိုယ်က
ချက်ချင်းတောင့်တင်းလာသည်။

အပေါ်ဖက်ရှိ ဓားအပျက်အစီးနယ်မြေ။

တောင်ထိပ်ပေါ်တွင် ရပ်နေသော
ကျန်းယွဲ့၏မျက်နှာက မှုန်မှိုင်းလာသည်။

အဘယ်ကြောင့်ဆိုသော် ပတ်ဝန်းကျင်မှာ

မရေမတွက်နိုင်သော အော်ရာများ

ပျံ့လွင့်လာနေလို့ပါ။ သေချာသည်မှာ

ဤနေရာတွင်  အစွမ်းထက်

ကျင့်ကြံသူအများအပြား

ရောက်ရှိလာပုံရသည်။

အန်နန်ကျင်းက ကောင်းကင်ပေါ်သို့

တစ်ချက်မော့ကြည့်လိုက်ပြီးနောက်

အနက်ရောင်လုံ့ကို

တင်းကျပ်စွာ  ဆုပ်ကိုင်ထားလိုက်သည်။

ဒီအချိန်မှာပဲ သူတို့နှင့် မီတာအနည်းငယ်အကွာတွင်
အနက်ရောင်ဝတ်စုံဝတ်အဘိုးကြီးတစ်ယောက် ရုတ်တရက် ပေါ်လာသည်။

အဘိုးကြီးက ကျန်းယွဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး“ကျန်းယွဲ့၊ ငါက
ဒီလောကရဲ့ အစောင့်အရှောက်ပဲ။
ယန်ယွဲ့က အဲ့ဒီဓားကို
အမွေဆက်ခံနေတာလား…”

"အဲ့ဒီဓား"

ဓားအပျက်အစီးနယ်မြေတွင်
လျှို့ဝှက်ဆန်းကြယ်သောဓားတစ်ချောင်း
ရှိနေကြောင်း လူတိုင်း သိထားကြသည်။
မည်မျှအစွမ်းထက်သည်ကိုတော့ လူတိုင်း
မသိကြပေ။ ယခုတော့ ဓားက လုံးဝကို
ကြောက်စရာကောင်းမှန်း
သိလိုက်ကြရသည်။

ထိုပြင် တစ်စုံတစ်ယောက်၏လက်ထဲကို ရောက်သွားနိုင်ချေများသည်။ ထိုလူက ယန်ယဲ့ပင်။ အကယ်၍ ထိုဓားသာ ယန်ယဲ့၏ လက်ထဲရောက်သွားသည်နှင့် ထာဝရနယ်နိမိတ်တစ်ခုလုံး ကပ်ဘေးကျပြီဖြစ်သည်။

ကျန်းယွဲ့က ခေါင်းညိတ်လိုက်သည်

"ဟုတ်တယ်"

အနက်ရောင်ဝတ်စုံဝတ်အဘိုးကြီး၏
မျက်လုံးများက အနည်းငယ်
ကျဥ်းမြောင်းသွားကာ "ကျန်းယွဲ့ မင်းငါ့ကို
မျက်နှာသာ ပေးပြီး သူ့ကို
အမွေဆက်ခံခွင့်မပြုပါနဲ့။ သူအဲ့ဒီဓားကို
လက်လွှဲမယူသရွေ့တော့
ဓားအပျက်အစီးနယ်မြေရဲ့စည်းမျဉ်းကို
ဘယ်သူမှ ချိုးဖောက်မှာ မဟုတ်ဘူးလို့
ငါအာမခံတယ်"

ကျန်းယွဲ့က ခေါင်းကို အနည်းငယ်
ခါယမ်းလိုက်သည်။ “ဒီဓားက
ငါထိန်းချုပ်နိုင်တာထက် ကျော်လွန်သွားပြီ”

အနက်ရောင်ဝတ်စုံဝတ်အဘိုးကြီးက
“ကျန်းယွဲ့၊ ငါတို့နဲ့ ယန်ယွဲ့အကြားမှာ
မပြေနိုင်တဲ့ရန်ငြိုးရှိနေတာကို မင်းလည်း
သိထားမှာပါ။ ဒါက ငါတင်မဟုတ်ဘူး၊
တခြားအင်အားစုတွေကတောင် သူ့ကို
အသက်မရှင်စေချင်ဘူး။ မင်းသူ့ကို
ကူညီရင် ထာဝရနယ်နိမိတ်ရဲ့

အင်အားစုတွေအားလုံးကို ဆန့်ကျင်တာနဲ့
တူမသွားဘူးလား…”

ကျန်းယွဲ့က ဂရုမစိုက်ဘဲ
ပြန်ပြောလိုက်သည် “ဒါ ငါ့ကိစ္စမဟုတ်ဘူး၊
မင်းမှာ အစွမ်းအစရှိရင် ဒီဓားကို
နင်ကိုယ်တိုင် သွားယူလိုက်။ နင်ဒါကို
ယူနိုင်ရင် ငါဘာမှ ဝင်မပြောဘူး”

အနက်ရောင်ဝတ်စုံဝတ်အဘိုးကြီးက “ကျ
န်းယွဲ့၊ မင်းရဲ့ကျန်းကလန်ကို

မျက်နှာသာပေးတဲ့ အနေနဲ့
နောက်ဆုံးအခွင့်အရေး ထပ်ပေးမယ်။
မင်းသူ့ကိုမတားရင်
ဓားအပျက်အစီးနယ်မြေကို ငါကိုယ်တိုင်
ဖျက်ဆီးပစ်မယ်"

ကျန်းယွဲ့က ဘာမှမထူးခြားဘဲ သူမ၏ဓားကို
မြှောက်လိုက်ပြီး "ဒါဆိုလည်း
စမ်းကြည့်လိုက်လေ"

စကားပြောပြီးသည်နှင့်
ဓားအပျက်အစီးနယ်မြေ တစ်လျှောက်မှ
သိပ်သည်း ပြင်းထန်သော ဓားစွမ်းအင်
ကြိုးများ လွင့်မျောလာပြီး ကျန်းယွဲ့ဆီသို့
စုစည်းလာသည်။ ထိုခဏလေးမှာပဲ
ကျန်းယွဲ့၏  ဓားစိတ်ဆန္ဒက ပြင်းထန်စွာ
မြင့်တက်သွားပြီး ကြောက်မက်ဖွယ်ရာ
ပေါက်ကွဲထွက်လာသည်။

အနက်ရောင်ဝတ်စုံဝတ်အဘိုးကြီး၏
မျက်လုံးများက တဖြည်းဖြည်း

အေးခဲသွားကာ သူ၏ ညာလက်ကို
မြှောက်ပြီး ဖိချလိုက်သည်။ သူ့လက်ကို
ဖိချလိုက်သည်နှင့် ဓားအပျက်အစီးနယ်မြေ
တစ်လျှောက်ရှိမြေပြင်သည်
တုန်ခါလာသည်။ ရုတ်တရက်
အနက်ရောင်ဝတ်စုံဝတ်အဘိုးကြီး၏မျက်
လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားသည်။
သူ၏ညာဘက်လက်မှ အေးခဲနေသော
သတ်ဖြတ်လိုစိတ်များ ပေါ်လာသည်။
အစကတည်းက အန်နန်ကျင်းကို

သတိထားနေသဖြင့် သူ၏ညာလက်သီးကို အနည်းငယ် ဆုပ်ပြီး ထိုးလိုက်သည်။

"ဘုန်း…"

အန်နန်ကျင်းက နေရာတွင် ရပ်တန့်သွားသည်။ သူမထံမှ ပြင်းထန်သော စွမ်းအင်လှိုင်းတစ်ခု ပေါ်လာသည်။

Translated by NyiNyiSoe.

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၇၈၃ -

အန်နန်ကျင်း၏ အော်ရာက ချက်ချင်းပင် တဟုန်ထိုးမြင့်တက်လာသည်။ ဓားအပျက်အစီးနယ်မြေတစ်လျှောက်ရှိ အာကာသသည် ရေပူမျှားကဲ့သို့ပြင်းထန်စွာ ဆူပွက်နေသည်။

သို့သော် ၎င်းက မရပ်တန့်သေးဘဲ ရှုံးသွပ်စွာ မြင့်တက်နေဆဲဖြစ်သည်။
သူမ၏ကျင့်ကြံမှုအဆင့်နှင့် လိုက်လျောညီထွေမဖြစ်သော ဖိအားတစ်ခုက ဓားအပျက်အစီးနယ်မြေအထက် ကောင်းကင်တွင် ပေါ်လာသည်။

တစ်ချိန်တည်းတွင် အကန့်အသတ်ချိုးဖျက်နယ်ပယ်များဟာ

ဖိအားနှင့် ကြောက်မက်ဖွယ်အော်ရာ
အောက်ကနေ ရုန်းထွက်နိုင်ခြင်းမရှိကြပေ။

အကန့်အသတ်ချိုးဖျက်နယ်ပယ်များလည်း
အံ့သြသွားကြသည်။ အားလုံးက
သတိအပြည့် ဖြစ်လာကြသည်။

ဤအချိန်တွင် အန်နန်ကျင်းက
လှံကိုဆုပ်ကိုင်ပြီး ရှေ့သို့
ပစ်လွှတ်လိုက်သည်။

ဆူး... ဆူး ...ဆူး ...ဆူး...

လုံ ဖြတ်သန်းသွားသည့် နေရာတိုင်းတွင်
အာကာသသည်
အပိုင်းပိုင်းကွဲထွက်သွားသည်။
သိပ်ပြီးမကြာလိုက်ဘဲ ကောင်းကင်၌
ကြီးမားသော အပေါက်ကြီးတစ်ခု
ပေါ်လာတော့သည်။

အဆင့် ၃ အစောင့်အရှောက်က

ပေါ့ပေါ့ဆဆမလုပ်ရဲတော့ပေ။

သူ၏ ဆန်းကြယ်ချီစွမ်းအင်ဟာ ဒီရေကဲ့သို့

ထွက်လာခဲ့သည်။ ထို့နောက်

ပင်လယ်ပြင်မှာ တိုက်ပွဲဝင်နေသော

နဂါးကြီးတစ်ကောင်ကဲ့သို့

ပြောင်းလဲသွားပြီး

ရှေ့သို့ပြေးထွက်သွားသည်။

ဘုန်း...

ပေါက်ကွဲသံကြီး ထွက်ပေါ်လာပြီးနောက် အဆင့် ၃ အဆောင့်အရှောက်ဟာ ၁၀ မီတာအကွာသို့ လွင့်ထွက်သွားသည်။

အန်နန်ကျင်း က ခြေတစ်လှမ်းတိုးလာပြီး လက်သီးဖြင့် ရှေ့သို့ လှမ်းထိုးလိုက်သည်။

လက်သီးချက်က ကမ္ဘာကြီးကို ချေမှုန်းနိုင်စွမ်းရှိပုံရသည်။

အုန်း...

အာကာသသည် ပြင်းထန်စွာ
တုန်ခါသွားပြီးနောက် ပုံရိပ်တစ်ခု
လွင့်ထွက်သွားသည်။ အဆင့် ၃
အစောင့်အရှောက်ပင်။

အန်နန်ကျင်း က
ထပ်ပြီးမတိုက်ခိုက်တော့ဘဲ တောင်ထိပ်သို့
ပြန်သွားလိုက်သည်။ အမှန်တော့ သူမကို

ယန်ယဲ့နှင့် အဝေးသို့ တစ်ဖက်လှည့်
ပထုတ်ခံရမည်မှာကို စိုးရိမ်နေတာပါ။

ယန်ယဲ့ ပြန်မလာမချင်း ဘယ်သူ့ကိုမှ
မြေအောက်ထဲသို့ ဆင်းခွင့်ပြုလို့ မရပေ။

ကောင်းကင်အထက်တွင်
အနက်ရောင်ဝတ်စုံဝတ်အဘိုးကြီး
နှင့်အဖွဲ့ဟာ ထပ်ပြီးမတိုက်ခိုက်ရဲတော့ပေ။
အဘိုးကြီးက ကောင်းကင်ကိုမော့ကြည့်ပြီး
"လူတိုင်း၊ ငါတို့မကြိုးစားတာမဟုတ်ဘူး။

သူက ဘယ်လောက်သန်မာတယ်ဆိုတာ
မင်းတို့လည်းအသိပဲ။
မင်းတို့မကူညီဘူးဆိုရင် ယန်ယဲ့က
အဲဒီဓားကိုအမွေဆက်ခံခွင့်ရသွားလိမ့်မယ်”

အထက်ကောင်းကင်ကြီးက
တိတ်ဆိတ်ငြိမ်သက်နေဆဲ ။

အဘိုးကြီးက အေးစက်စွာ ရယ်မောပြီး
သူ၏မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်ထားလိုက်ပါသည်။

မည်သူမျှ ယန်ယဲ့ကို
ပိုပြီးသန်မာလာခွင့်မပေးနိုင်ကြောင်း
သူသိနေလို့ပါ။

ယန်ယဲ့၏ခွန်အားက
ထာဝရနယ်နိမိတ်တစ်လျှောက်
ထိတ်လန့်တုန်လှုပ်စေခဲ့သည်မဟုတ်ပါလား
။

အန်နန်ကျင်း က မလှုပ်ရှားဘဲ
တောင်ထိပ်ပေါ်တွင်
တင်ပျဉ်ခွေထိုင်နေခဲ့သည်။ နံဘေးတွင်
လှံတိုနှစ်ချောင်း ထိုးစိုက်ထားသည်။

ဤအတောအတွင်း ကောင်းကင်သည်
ပြင်းထန်စွာ တုန်လှုပ်လာပြီး
အစွမ်းထက်အော်ရာအများအပြားပေါ်လာ
ကြသည်။

တစ်ချိန်တည်းမှာပင်
ဓားအပျက်အစီးနယ်မြေအထက်၌
ဖိအားလှိုင်းတစ်ခု ဆင်းသက်လာသည်။

ဤအချိန်တွင် ဓားစာလိပ်က
အန်နန်ကျင်းနံဘေးမှာ ရုတ်တရက်
ပေါ်လာသည်။ နှင်းပွင့်လေးက
သူမ၏ပခုံးပေါ်မှာထိုင်နေလေသည်။ သူမ၏
လက်သည်းများကြား၌ မှန်တစ်ချပ်ကို
ကိုင်ထားသည်။

အန်နန်ကျင်း က သူတို့ကို တစ်ချက်ကြည့်လိုက်ပြီး “သူကော ဘယ်လိုလဲ”

ဆားစာလိပ်က “သူ့အတွက် အချိန်တစ်ခုလိုတယ်” ဟူ၍ တိုးတိုးလေး ပြန်ဖြေသည်။

အန်နန်ကျင်း က ခေါင်းညိတ်ပြီး “ကောင်းပြီ”

ခေါးစာလိပ်က မျက်လုံးထဲတွင် စိုးရိမ်စိတ်အပြည့်ဖြင့် ကောင်းကင်ကို မော့ကြည့်လိုက်သည်။

နှင်းပွင့်လေးက အန်နန်ကျင်း၏ ပခုံးပေါ်သို့ ခုန်တက်သွားသည်။ ထို့နောက် လက်ထဲမှာ မှန်တစ်ချပ်ကိုင်ထားရင်း ကောင်းကင်ကို မော့ကြည့်လိုက်သည်။ သူမ ဘာလုပ်ချင်နေမှန်းတော့ မသိနိုင်ပေ။

...

မြေအောက်တွင် ။

ဓားအူသံတစ်သံ ထွက်ပေါ်လာပြီးနောက် ယန်ယဲ့ သည် ၃ ကီလိုမီတာအကွာသို့ လွင့်ထွက်သွားခဲ့သည်။ ရပ်လိုက်သည်နှင့် သူ့ဘယ်ဖက်ရင်အုံမှ သွေးများ ဖြည်းညှင်းစွာ ထွက်လာသည်။

သူ့ရင်ဘတ်မှာ သွေးတစ်စက်စက်
စီးကျနေသည့်
ဒဏ်ရာအပေါက်တစ်ပေါက်ရှိနေ၏။

ထို့အပြင် တစ်ကိုယ်လုံးလည်း
ဒဏ်ရာဒဏ်ချက်အများအပြားဖုံးလွှမ်းထား
သည်။

အကယ်၍ သူ့ခန္ဓာကိုယ်ကသာ
လုံလောက်အောင်သန်မာမနေရင်တော့
လက်ရှိမှာ

လူသေအလောင်းဖြစ်နေလောက်ပေသည်။
လက်ရှိမှာတောင် သူက
ကြာကြာထိန်းထားနိုင်ခြင်းမရှိတော့ပေ။

ယန်ယွဲ့ဟာ ယခုထက်ထိ
ဓားသမားနှစ်ယောက်ကိုသာ
အနိုင်ယူနိုင်သေးသည်။

နောက်ထပ် ဓားသမား ၁၀
ယောက်ပင်ကျန်နေသေး၏။

အမှန်တိုင်းပြောရလျှင် ယန်ယွဲ့ဟာ

အတော်လေးကို

စိတ်ပျက်အားငယ်သွားသလို

ခံစားလိုက်ရသည်။

လက်ရှိမှာ သူက

တတိယမြောက်ဓားသမားကို

ရင်ဆိုင်ရုံမျှသာဖြစ်သည်။ သို့သော်လည်း

ထိုဓားသမားက အဆင့် ၄

ချိုးဖျက်ခြင်းသခင် ပါ။

ထို့အတူ သူက
ထိန်းထားနိုင်ခြင်းမရှိတော့ပေ။ သူ့ရှေ့မှ
အနက်ရောင်ဝတ်စားသမားက ယန်ယွဲ့ကို
ရိုက်ထုတ်လိုက်ပြီး ထပ်မတိုက်ခိုက်တော့ဘဲ
နေရာမှာတင် ရပ်လိုက်သည် ။ ၎င်းက
ယန်ယွဲ့တိုက်ခိုက်လာမည်ကိုစောင့်ဆိုင်းနေပုံ
ပါ။

ယန်ယဲ့က မတိုက်ခိုက်သေးဘဲ
အနက်ရောင်ဝတ်စားသမားကို
စိုက်ကြည့်နေသည်။

သန်မာတယ် ။

ငင်းက သာမန်စားမသား မဟုတ်သလို
အဆင့် ၄ မျိုးဖျက်ခြင်းသခင်ပါ
ဖြစ်နေသေး၏။

ယန်ယဲ့ဟာ သူ့ရင်ဘတ်ကို
ငုံ့ကြည့်လိုက်သည်။ ဓားဒဏ်ရာအပေါက်က
တဖြည်းဖြည်း သက်သာလာသည်။

အနက်ရောင်ဝတ်စုံဝတ်ဓားသမားကို
မော့ကြည့်လိုက်ပြီး ယန်ယဲ့၏ခါးမှ
ဘူးသီးနက်ဟာ ပြင်းထန်စွာ
တုန်ခါသွားသည်။ ထို့နောက်တွင်
အလင်းတန်းတစ်ခုလင်းလက်သွားပြီး
ဓားသမား၏လည်ချောင်းတည့်တည့်
တိုးဝင်လာသည်။

သို့သော်လည်း ယန်ယဲ့၏အမူအရာက ရုတ်တရက် သိသိသာသာ ပြောင်းလဲသွားသည်။ သူ့ခန္ဓာကိုယ်ကို ဘေးသို့ အလိုလိုစောင်းပေးလိုက်သည်။

ဆူး...

သူ၏ဘယ်ဘက်ပခုံးမှ
သွေးကြိုးတစ်ချောင်း
ဖြန်းခနဲပန်းထွက်လာသည်။

အမြန်မရှောင်ပါက ဓားဟာ
သူ့လည်ချောင်းကို ထိုးဖောက်သွားပေမည်။

သူ ရပ်တန့်ပြီးသည်နှင့် ယန်ယဲ့ သည်
အနက်ရောင်ဝတ်ဓားသမားကို
မော့ကြည့်လိုက်သည်။
ဤအခိုက်အတန့်တွင် သူ၏ဓားပျံက

အနက်ရောင်ဝတ်စားသမားနှင့်
မီတာအနည်းငယ်အကွာမှာပဲ
ရပ်တန့်သွားသည်။ ဓားတစ်ချောင်းက
သူ၏ဓားပျံကို တားဆီးလိုက်သည်။

ယန်ယဲ့ဟာ အချိန်အတော်ကြာ
တိတ်ဆိတ်ငြိမ်သက်သွားသည်။ ထို့နောက်
ညာခြေကို တစ်ချက်ဆောင့်
အနက်ရောင်ဝတ်စားသမား ရှေ့တွင်
ပေါ်လာသည်။ တစ်ချိန်တည်းမှာပင်

သူ့ဓားကို လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ပြီး ပိုင်းချလိုက်သည်။

ဓားနယ်မြေ...

ဓားလှိုင်း ၄ စင်းတိုက်ခိုက်မှု။

ယန်ယဲ့ သည် တုံ့ဆိုင်းမနေဘဲ ဓားလှိုင်း ၄ ဆင့်ကို ချက်ချင်းထုတ်ဖော်လိုက်သည်။

၎င်းသည်
သူ၏အပြင်းထန်ဆုံးတိုက်ခိုက်မှုပါ။

စတုတ္ထမြောက် ဓားလှိုင်း ဆင်းလာသည်နှင့်
တပြိုင်နက် ဓားတစ်ချောင်းက သူ၏
ဓားထိပ်ဖျားပိုင်းကို ရုတ်တရက်
ထိမှန်သွားသည်။

ခဏမျှ တိတ်ဆိတ်သွားခဲ့သည် ။

ဘုန်း...

ကျယ်လောင်သော ပေါက်ကွဲသံ
ထွက်ပေါ်လာပြီးနောက် ယန်ယဲ့ဟာ
ခားရောလူပါ လွင့်ပျံထွက်သွားသည်။
သူ့ရှေ့က အနက်ရောင်ဝတ်ခားသမား
ကတော့ ၁ ကီလိုမီတာကျော်အကွာထိ
ပြန်ဆုတ်သွားခဲ့သည်။

အဟွတ်...အဟွတ်...

ချောင်းဆိုးသံ ထွက်လာပြီးနောက်
ယန်ယဲ့ဟာ မြေပြင်ပေါ်မှ တဖြည်းဖြည်း
တွားသွားထလာသည်။ ဤအချိန်တွင်
အနက်ရောင် ဝတ်စားသမားက
သူ့ရှေ့မလှမ်းမကမ်း၌ ရပ်နေခဲ့သည်။

ယန်ယဲ့ဟာ ပါးစပ်ထောင့်က သွေးများကို
သုတ်လိုက်ပြီး
အနက်ရောင်ဝတ်စားသမားကို
မော့ကြည့်လိုက်သည်။

ဒီအချိန်မှာ သူက လုံးလုံးခွန်အားမရှိတော့

သလို ခံစားရသည်။

သူ့ရှေ့ရှိ အဆင့် ၄ ချိုးဖျက်ခြင်းသခင်

ဓားသမားက

လက်ရှိသူရင်ဆိုင်နိုင်သည်ထက်ကို

ကျော်လွန်သွားလေပြီ။

ကျင့်ကြံမှုအဆင့်၊ ဓားတာအိုနယ်ပယ်
သို့မဟုတ် ခွန်အားချင်းယှဉ်လျှင်ပင် သူဟာ
အဖက်ဖက်က အားနည်းနေပါသည်။

လုံးဝကို တစ်ဖက်သက်ဆန်လွန်းသော
ယှဉ်ပြိုင်မှုဟုဆိုရပေမည်။

အနိုင်ယူဖို့
အခွင့်အလမ်းမရှိဟုပင်ဆိုနိုင်လေသည်။
သို့သော်လည်း နောက်ပြန်ဆုတ်ရန်

အခွင့်အရေးလည်း မရှိခဲ့ပါ။
ရှေ့တိုးပြီးတိုက်ခိုက်ရုံသာတတ်နိုင်၏။

ယန်ယဲ့ သည် အသက်ပြင်းပြင်းရှူလိုက်ရင်း
သူ၏ခန္ဓာကိုယ်ထဲမှ
ဆန်းကြယ်ချီစွမ်းအင်များ
တလဟောမြင့်တက်လာသည်။
ဆန်းကြယ်ချီစွမ်းအင်များဟာ
သူ၏လက်မောင်းနှစ်ဖက်ဆီသို့တိုးဝင်လာ
သည်။ သူ့လက်မောင်းနှစ်ဖက်ရှိ

သွေးကြောများဟာ တဖြည်းဖြည်း
ဖောင်းကားလာသည်။

ရုပ်ခန္ဓာခွန်အား ။

ရိုးရှင်းသောခွန်အားပင်ဖြစ်သည်။

ဘုန်း...

ထို့အပြင် ယန်ယဲ့ထံမှ
ကြောက်မက်ဖွယ်ကောင်းသော
စိတ်ဆန္ဒတစ်ခု ပေါက်ကွဲထွက်လာသည်။

ဓားစိတ်ဆန္ဒ နှင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ
မဟုတ်ပေ၊ ထိုအစား အရှုးဆန္ဒ
ပင်ဖြစ်သည်။

အရှုးဆန္ဒ ထွက်ပေါ်လာသည်နှင့် တပြိုင်နက်
သူ၏ဓားစိတ်ဆန္ဒ နှင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ဟာ
ချက်ချင်းဖိနှိပ်ခံလိုက်ရသည်။

ဤအခိုက်အတန့်တွင်
ယန်ယဲ့၏အသိစိတ်ဟာ
ဝေဝါးလာခြင်းတော့မရှိပေ။

သူက ရှေ့သို့ ခုန်ထွက်လာကာ
ဓားကိုလက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ပြီး
အနက်ရောင်ဝတ်ဓားသမားကို
ခုတ်ချလိုက်လေသည်။

အရှုးဆေဘာ...

အောင်း...

ဓားပိုင်းချက်
ကျဆင်းလာသည်နှင့်တပြိုင်နက်
ဓားတစ်ချောင်းက သူ၏ဓားဖထိပ်ဖျားကို
ပိုင်းချလိုက်သည်။

ဖောင်း...

ဓားက ယန်ယဲ့၏ဓားကို မတားဆီးနိုင်ဘဲ ရှေ့သို့ပိုင်းချလိုက်သည်။

ဒီအချိန်မှာ ယန်ယဲ့ဟာ သူ့ကိုယ်သူ ကာကွယ်ဖို့ စွန့်လွှတ်လိုက်ပြီး တစ်ခုတည်းကိုပဲ အာရုံစိုက်ထားသည်။

ရှူးသွပ်စွာတိုက်ခိုက်ခြင်းပင်။

သို့သော် အနက်ရောင်ဝတ်စားသမားက

ချက်ချင်း နောက်ပြန်ဆုတ်သွားတော့သည်။

ယန်ယဲ့က သူ့အား ဖိနှိပ်လာမှန်းသိသွားပုံပါ။

အရှုံးစိတ်ကို

အပြည့်အဝဖွင့်ထုတ်လိုက်သည်နှင့်

တပြိုင်နက် ယန်ယဲ့ဟာ

ဘာမှန်းမသိတော့ဘဲ
တရကြမ်းတိုက်ခိုက်ပါတော့သည်။ သူက
မဲမဲမြင်ရာတိုက်ခိုက်နေပုံပါ။

သို့သော် သူက
ဆိုးရွားသောတန်ကြေးကိုပေးဆပ်ထားရသ
ည်။ သူ၏တစ်ကိုယ်လုံး ဒဏ်ရာဗလပွ
ဖြစ်နေခဲ့သည်။

ဆူး... ဆူး ...ဆူး...

လှိုင်းဖြတ်လိုက်သော အသံ အဆက်မပြတ်
ထွက်ပေါ်လာသည်။
အနက်ရောင်ဝတ်စားသမားဟာ နောက်ကို
ဆက်တိုက်ပြန်ဆုတ်နေရသည်။

ဒီအချိန်မှာ ပတ်ဝန်းကျင် အာကာသသည်
အပိုင်းပိုင်း လှိုင်းဖြတ်ခံထားရသည်။

နောက်ဆုံးတွင် အချိန် ၁
နာရီလောက်ကြာပြီးနောက်
ဓားစွမ်းအင်များ ကျဆင်းလာပြီး
အနက်ရောင်ဝတ်ဓားသမားကို
သတ်ပစ်လိုက်ပါတော့သည်။

ဤအတောအတွင်း ယန်ယဲ့ဟာ
မြေပြင်ပေါ်မှာ လဲကျသွားသည်။

သူလဲကျသွားသည်နှင့် ယန်ယဲ့ဟာ
သွေးအိုင်ထဲတွင်

တဆတ်ဆတ်တုန်လှုပ်နေသည်။ သူ့ထံမှ အရူးစိတ်များ ထွက်ပေါ်လာသည်။

သို့သော် ယန်ယဲ့က အရူးစိတ်ကို တဖြည်းဖြည်းချင်း ထိန်းချုပ်လိုက်သည်။ ခဏအကြာတွင်ပဲ သူ့အနီးတွင် နောက်ထပ် အနက်ရောင်ဝတ်စားသမားတစ်ယောက် ပေါ်လာသည်။

ငင်း၏အော်ရာက
တတိယမြောက်ဓားသမား ထက်
အများကြီးပိုအားကောင်းလေသည်။

ယန်ယဲ့က တုံ့ဆိုင်းမနေဘဲ
သူ့လက်ကိုမြှောက်ပြီး “ငါ ရပ်လိုက်ပြီ။
မလိုချင်တော့ဘူး…” ဟူ၍
အော်ဟစ်လိုက်ပါတော့သည်။

Translated By NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၇၈၄ -

သူ မလိုချင်တော့ဘူး ။

ယန်ယဲ့ဟာ အရှုံးမပေးချင်ပါ။

သို့သော်လည်း သူ့တွင်

ဆက်ပြီးတိုက်ပွဲဝင်ရန် ခွန်အားမရှိတော့ပေ။

ဓားက အဖိုးမဖြတ်နိုင်သည့်တိုင်အောင်
သူ့အသက်ကသာ ပိုပြီးအရေးကြီးပါသည်။

အမှန်တော့ ဓားကို လိုချင်နေသော်လည်း
သူ့အသက်နှင့်တော့ အလဲအလှယ်မလုပ်ပါ။

အခွင့်အရေး နည်းနည်းသာရှိရင်တောင်
ယန်ယွဲ့ဟာ လက်လျှော့မှာမဟုတ်ပေ။
လက်ရှိမှာ သူ့အတွက်
အခွင့်အရေးအနည်းငယ်တောင်မှ မရှိပါ။

ဓားသမား ၁၂ ယောက်တိတိ
ယှဉ်ပြိုင်ရပေမည်။

သို့သော် တတိယမြောက်ဓားသမားကို
တိုက်ခိုက်ရင်း အသတ်ခံရလုနီးပါးပင်။
ထို့အတူ ကျန်နေသော ဓားသမား ၁၀
ယောက်ကို အနိုင်ယူရန်မဖြစ်နိုင်တော့ပေ။

မဖြစ်နိုင်ဘူး ။

ယန်ယဲ့က ခေါင်းခါယမ်းလိုက်သည်။

မြေပြင်ပေါ်မှာ လဲကျနေရင်း

သူ့ခန္ဓာကိုယ်ဟာ ရုံဖန်ရုံခါ

လှုပ်ခါသွားသည်။ သူ့နောက်ကျောကနေ

သွေးများ အဆက်မပြတ် စီးကျလာသည်။

အကယ်၍

မူလခရမ်းရောင်စွမ်းအင်သာမရှိရင်တော့

သူဟာ တစ်ခါတည်း

သေသွားလောက်ပေပြီ။

ထိုစကားပြောလိုက်သည်နှင့်
တစ်ချိန်တည်းမှာပဲ
အနက်ရောင်ဝတ်စားသမားက
ဝေဝါးလာပြီး နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။

ဒီအချိန်မှာ ယန်ယဲ့၏ခေါင်းထဲ၌ "မင်းက
မျှော်လင့်ထားတာထက် အများကြီးပို
ကောင်းခဲ့တယ်"ဟူသော
အသံတစ်သံထွက်ပေါ်လာသည်။

ယန်ယဲ့ က မျက်လုံးဖွင့်ကြည့်လိုက်ရာ
သူ့အထက်၌ ရင်းနှီးသောပုံရိပ်တစ်ခုကို
မြင်လိုက်ရသည်။

သူက ထိုလူကို
မြောက်ပိုင်းဓားဂိုဏ်းအောက်မှာ
တွေ့ဆုံဖူး၏။ လက်နှစ်ဖက်၊
ခြေထောက်နှစ်ဖက်မရှိသော
မျက်ကန်းအမျိုးသားပင် ဖြစ်သည်။

ထိုလူက ပြုံးပြီး "မင်းအတွက် ငါတော်တော် ဂုဏ်ယူတယ်။ ဘာ့ကြောင့်လဲဆိုတော့ မင်းဟာ အဲဒီနတ်ဘုရားရတနာတွေကို အသုံးမချခဲ့လို့ပဲ။ ဒါတွေကို မင်းသုံးနိုင်တယ်၊ဒါပေမယ်လို့ ဘယ်အရာက ပိုအရေးကြီးသလဲဆိုတာ မင်းသဘောပေါက်ရမယ်။ မင်းက အဲဒီ့အပိုင်းမှာ ကောင်းကောင်းလုပ်ခဲ့တယ်"

ယန်ယဲ့က ခါးသက်သက်ရယ်မောလိုက်ပြီး "သူတို့က အရမ်းသန်မာလွန်းတယ်"

“ဟုတ်ပါတယ်” ထိုလူက ပြုံးပြီး “သူတို့အားလုံး သူတို့နေထိုင်ခဲ့တဲ့ ခေတ်ကို ကိုယ်စားပြုတဲ့ ညဏ်ကြီးရှင်တွေချည်းပဲလေ။ ဒါကြောင့် သူတို့ကို တိုက်ခိုက်တဲ့အခါမှာ မင်းရဲ့ အဆင့်ကျော်တိုက်ခိုက်နိုင်စွမ်းက ဘာမှမဟုတ်တော့ဘူး”

ယန်ယွဲ့က ခါးသီးစွာ ရယ်မောရင်း “ဒါက စမ်းသပ်မှုတစ်ခုလား”

ထိုလူက ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး "မဟုတ်ဘူး၊

မင်း ကြောက်ပိုင်းဓားဂိုဏ်းမှာကတည်းက

ငါ့စမ်းသပ်မှုကို အောင်မြင်သွားပြီ။

မင်းအတွက်

ဓားကိုဘယ်လောက်ချိတ်ပိတ်ထားပေးရမ

လဲဆိုတာ ငါသိဖို့ သူတို့ကို

အသုံးချလိုက်တာ။ အဲဒီဓားရဲ့

စွမ်းအားအပြည့်က အခုလက်ရှိ

မင်းတတ်နိုင်တာထက်

အများကြီးကျော်လွန်နေတယ်။ ဒီအတိုင်း မင်းလက်ထဲကို ရောက်သွားရင် အဲဒီဓားစွမ်းအင်က မင်းကို သတ်ဖို့တောင် လုံလောက်ပြီ”

ယန်ယွဲ့က ခေါင်းခါပြီး ခါးသက်သက်ရယ်မောရင်း “ငါ အရမ်းအားနည်းနေသေးလို့လား”

ထိုလူက ပြုံးပြီး “လုံးဝ မဟုတ်ဘူး။ အဲဒါက ငါတို့က ကမ္ဘာရဲ့အထွတ်အထိပ်ကို

ရောက်နေပြီ။ မင်းနဲ့ ငါတို့ကြားမှာ သိပ်တောင်မဝေးတော့ဘူး”

ယန်ယဲ့က မျက်ကန်းအမျိုးသားကို စိုက်ကြည့်ရင်း “အကြီးအကဲ၊ မင်းသေပြီလား”

ထိုလူက ခေါင်းညိတ်လိုက်သည် “ဟုတ်တယ်”

ယန်ယဲ့က "ဘယ်လိုကြောင့်သေတာလဲ"

ယန်ယဲ့ သည် တော်တော်လေးကို
အံ့သြသွားမိသည်။ သိုင်းပညာဘိုးဘေးကြီး၊
အဘိုးကြီးဝူနီ နှင့်
မျက်ကန်းအမျိုးသားတို့ဟာ
ကြောက်မက်ဖွယ်ရာတည်ရှိမှုများမဟုတ်ပါ
လား။ သို့သော်လည်း
အားလုံးသေသွားကြသည်။

သူတို့ကို ဘယ်သူသတ်လိုက်တာလဲ ..။

ထိုလူက ပြုံးပြီး “နောင်မှာ မင်းသိလိမ့်မယ်”

ယန်ယဲ့က အကူအညီမဲ့စွာပင်
ရယ်မောလိုက်သည်။

ထိုလူက ဆက်ပြောသည် “မင်းမှာ ရှိရှိသမျှ
အကုန်သုံးမယ် ဆိုရင်တော့ အဆင့် ၃
ချိုးဖျက်ခြင်းသခင်ကို သတ်ဖို့က
မင်းအတွက် မခက်ပါဘူး၊ ဒါပေမဲ့ အဆင့် ၄

နဲ့တွေ့ရင်တော့ မင်းရဲ့ လက်ရှိ အင်အားဟာ
အဲဒီအဆင့် ပညာရှင်နဲ့ ယှဉ်နိုင်မှာ
မဟုတ်ဘူး”

ယန်ယဲ့ က အံ့အားသင့်သွားပြီး
“အကြီးအကဲ၊ အခုလေးတင်ပဲ
သူ့ကိုသတ်လိုက်တာ”

ထိုလူက ခေါင်းယမ်းကာ “ဒါက
သူ့ခန္ဓာကိုယ်အစစ်မဟုတ်ဘူးဆိုတာ
မမေ့နဲ့”

ယန်ယဲ့ဟာ စကားမပြောနိုင်တော့ပေ။

“တကယ်လို့ သူ့ခန္ဓာကိုယ်က ဒီမှာရှိနေရင်
မင်းဟာ သူ့အတွက် လှူပ်ရှားမှု ၁၀၀
တောင်ကြာမှာမဟုတ်ဘူး”

လှုပ်ရှားမှု ၁၀၀ တောင်မရှိဘူးလား ။

ထိုစကားက ယန်ယဲ့၏ယုံကြည်မှုကို တော်တော်လေး ထိခိုက်သွားစေသည်။

“၂၀ %လောက်ဆိုရမှာပါ “

တစ်ချိန်တည်းမှာပင် ထိုလူက “မင်းရဲ့ လက်ရှိ ခွန်အားကို အခြေခံပြီး မင်းအတွက် ဓားစွမ်းအား ၂၀ % အထိ ငါဖွင့်ပေးထားမယ်။ ၂၀ % က မင်းအတွက် လုံလောက်တယ်”

ယန်ယဲ့ က ခဏတုံ့ဆိုင်းသွားပြီး
"အကြီးအကဲ၊
နောက်ထပ်နည်းနည်းတိုးလိုက်ရင်
ကောင်းမလား" ဟုပြောလိုက်သည်။

ထိုလူက ရယ်မောပြီး "ဒါကို ငါလုပ်ရင် မင်း
တန်ပြန်စွမ်းအားကို ခံရလိမ့်မယ်။ ဒါ့အပြင်
၂၀% ကို လျှော့မတွက်ပါနဲ့။
အနည်းဆုံးတော့ မင်းရဲ့ခွန်အားကို ၅၀%
လောက်မြှင့်တင်ပေးလိမ့်မယ်။
တစ်နည်းပြောရင်တော့ မင်း

အဲဒီဓားကိုသုံးလိုက်ရင် အဆင့် ၄
ချိုးဖျက်ခြင်းသခင် ကို တိုက်ခိုက်နိုင်တယ်။
ပြီးတော့ မင်း အနိုင်ရတာမရတာက အဲဒီလူ
ဘယ်လောက်သန်မာတဲ့အပေါ်မှာမူတည်တ
ယ်”

ထိုလူက စကားပြောနေရင်းဖြင့်
ဓားတစ်ချောင်းကို ယန်ယွဲ့ရှေ့သို့
ပစ်ချလိုက်သည်။

ဓားက ၁ မီတာကျော်ရှည်လျား၏။
ဖန်သားဖြင့်ပြုလုပ်ထားသကဲ့သို့
လုံးလုံးလျားလျား တောက်ပနေသည်။
ဓားလက်ကိုင်ရိုးမှာ
သွေးနီရောင်အစွယ်နှစ်ချောင်းပါရှိလေသည်
။ ထို့အပြင် ဓားထိပ်ဖျားက
ဘေးတစ်ဖက်စီကို ကွဲနေခဲ့သည်။

ထိုလူက "ဒီဓားကို ကိုယ်တိုင် မြင်ဖူးတဲ့သူ
အရမ်းနည်းပါးတယ်။
အပြင်လောကမှာရှိတဲ့သူတွေက

ဒီခါးပုံတူကို သူတို့ရဲ့စိတ်ကူးစိတ်သန်းနဲ့
အခြေခံပြီး ရေးဆွဲထားတာတွေပဲ။
ဟုတ်ပါတယ်၊
သူတို့နဲ့ပတ်သက်တဲ့အမှန်တရားတစ်ခုတော့
ရှိတယ်။ ဒီခါးဟာ တကယ်ပဲ
ထိပ်ဖျားပိုင်းကွဲထွက်နေတယ်”

ယန်ယဲ့က “ကံကြမ္မာက ကြောက်လို့
ထိပ်ဖျားပိုင်းကို ဖယ်ထုတ်ထားတာလား”

ထိုလူက ခေါင်းခါပြီး ပြုံးလိုက်ရင်း
“လူတွေပြောတာကို မင်းယုံသလား”

ယန်ယဲ့က “ဒါဆို ဘာလို့လဲ” ဓားထိပ်ဖျား
ဘာကြောင့် ကျိုးသွားမှန်း မသိပေ။ သူက
အတော်လေး သိချင်နေမိသည်။

ထိုလူက ပြုံးပြီး “သူကိုယ်တိုင်
လုပ်တဲ့အတွက် ထိပ်ဖျားပိုင်းက
ကွဲသွားတာပဲ” သူက ရှုပ်ထွေးသော

စိတ်ခံစားမှုများဖြင့် ခါးကို
စူးစူးစိုက်စိုက်ကြည့်ကာ
“အစွန်းရောက်သွားတဲ့လမ်းကြောင်း၊
တာအို”

ခါးရဲ့ ကိုယ်ပိုင်တာအို လား။

ယန်ယဲ့ဟာ အံ့အားသင့်သွားသည်။ သူက
မထိန်းနိုင်ဘဲ “ခါးတစ်ချောင်းမှာ
သူ့ကိုယ်ပိုင် တာအို ရှိနိုင်မလား” ဟု
မေးလိုက်သည်။

ထိုလူက ခေါင်းညိတ်ပြီး "ဒီကမ္ဘာမှာ

အရာအားလုံးက သူ့ကိုယ်ပိုင်

တာအိုရှိကြတယ်။

ဒီခါးရဲ့တာအိုက အဆုံးမရှိတဲ့

အစွန်းရောက်တာအိုပဲ။

အတိအကျပြောရရင် ခါးထိပ်ဖျားပိုင်းက

အဆုံးမရှိဘူး။ ဒါ့ကြောင့်

လွန်ခဲ့တဲ့ထောင်စုနှစ်တွေကစလို့

ထာဝရစကြာဝဠာရဲ့နံပါတ်တစ်ခါး

ဖြစ်လာခဲ့တာပဲ"

ယန်ယဲ့က ဓားကိုကြည့်ကာ ခဏမျှ
တုံ့ဆိုင်းသွားပြီး ဆုပ်ကိုင်လိုက်သည်။
ဓားက အနည်းငယ်တုန်ခါသွားသော်လည်း
သူ့ကို မခုခံပေ။

ဓားကို ဆုပ်ကိုင်ထားရင်း သူ့ရင်ထဲမှာ
ထူးဆန်းသော ခံစားချက်တစ်ခု
ခံစားလာရသည်။ တစ်စုံတစ်ခုက
ဓား၏စွမ်းအားကို အပြည့်အဝ

မထုတ်နိုင်တော့အောင်
ချိတ်ပိတ်ထားသလိုပင်။

သေချာသည်မှာ ထိုလူက သူ့အတွက်
ဓားစွမ်းအားကို
ချိတ်ပိတ်ထားလိုက်ပုံရသည်။

ထိုလူက ယန်ယွဲ့ကို စိုက်ကြည့်ကာ
အနည်းငယ်ခေါင်းညိတ်ပြသည်။ သူက
“ငါမျှော်လင့်ထားသလိုပဲ၊
မင်းကိုအသိအမှတ်မပြုတာမဟုတ်ဘူး။

ခေါ်ဆားက ဘယ်လောက်ပဲအစွမ်းထက်နေနေ
ငါတို့ရဲ့ကိုယ်ပိုင်ခွန်အားမဟုတ်ဘူးဆိုတာ
သတိရပါ။ ငါတို့ကိုယ်ပိုင်ခွန်အားကပဲ
စစ်မှန်တဲ့ခွန်အားဖြစ်တယ်။ မင်း
မသန်မာရင် အကောင်းဆုံး
နတ်ဘုရားတနာတွေတောင်
အဓိပ္ပါယ်မဲ့နေလိမ့်မယ်။
ပြင်ပခွန်အားအရင်းအမြစ်တွေဆိုတာ
အသုံးချနိုင်ပေမယ်လို့ မင်းကိုယ်တိုင်က
အဓိကဆိုတာမှတ်ထားပါ။

မူလအစက ဘာလဲ၊ သာမညဆိုတာ ဘာလဲဆိုတာ အမြဲဂရုတစိုက် မှတ်သားထားရမယ်"

ယန်ယဲ့က ထိုလူအား လက်သီးဆုပ်ကာ " လမ်းညွှန်မှုအတွက် ကျေးဇူးတင်ပါတယ် အကြီးအကဲ "

သူက ခဏလောက် တုံ့ဆိုင်းသွားပြီး "အကြီးအကဲ၊ ဒီဓားက နတ်ဘုရားရတနာလား" ဟု မေးလိုက်သည်။

ထိုလူက ပြုံးပြီး “အဲဒါထက် ပိုကြီးမြတ်တဲ့ ရတနာပဲ။ ထာဝရစကြဝဠာတစ်ခုလုံးမှာ ဒီလို နတ်လက်နက်ငါးမျိုးထက် မပိုပါဘူး၊ ငါတောင်မှ သုံးမျိုးပဲမြင်ဖူးတယ်”

ယန်ယဲ့ က အနည်းငယ်

မျက်မှောင်ကြုတ်ကာ “အမြင့်မြတ်ဆုံး နတ်ရတနာလား။ အဲဒါကို ဘယ်လိုစံနှုန်းနဲ့ သတ်မှတ်တာလဲ” ဟုထပ်မေးလိုက်၏။

“တာအို အရ” ထိုလူက

“အမြင့်မြတ်ဆုံးနတ်ရတနာက သူ့မှာ ကိုယ်ပိုင်တာအို ရှိတယ်။ စစ်မှန်တဲ့ တာအိုကို ပိုင်ဆိုင်ရင် အဲဒါက အမြင့်မြတ်ဆုံးနတ်ရတနာဖြစ်လိမ့်မယ်။

ထာဝရစကြာဝဠာမှာတောင် အမြင့်မြတ်ဆုံးရတနာက ရှားပါးတယ်။ သူတို့ကိုမပြောနဲ့ အဲဒီအဆင့်စွမ်းအားရှင်တွေတောင်မှ အတော်လေးကိုရှားတယ်။ မင်းကိုယ်မင်း

ကျော်လွန်ပြီးတော့ မဟာတာအိုကို
ရောက်အောင်သွားနိုင်မလားသိချင်မိတယ်”

သူက ယန်ယဲ့ကို စိုက်ကြည့်ကာ “မင်း
အဲဒီအဆင့်ကို
ရောက်မယ့်အရိပ်အယောင်ပြနေပြီ”

“ငါလား” ယန်ယဲ့က အနည်းငယ်
အံ့အားသင့်သွားပြီး အံ့သြသွားသည်။

ထိုလူက ပြုံးပြီး “မင်းရဲ့သွေးမျိုးဆက်က
ပြောင်းလဲနေပြီ။ မင်း ကိုယ့်ကိုကိုယ်
ကျော်ဖြတ်နိုင်သွားရင် ငါတို့စက်ဝိုင်းထဲကို
တကယ်ဝင်နိုင်လိမ့်မယ်။
ငါတို့အမြင်ကိုပြောရင်တော့
မင်းလိုလူတွေနဲ့ အပြင်မှာရှိတဲ့
တခြားလူတွေက ငါတို့အသိုင်းအဝိုင်းရဲ့
အပြင်ဘက်မှာပဲ ရှိတယ်”

စက်ဝိုင်းအပြင်ဘက်မှာလား ။

ယန်ယဲ့က ခါးသက်သက်

ရယ်မောလိုက်သည်။

ရိုးရိုးရှင်းရှင်းပြောရရင်တော့

သူတို့အားလုံးက ထိုအဆင့်များရှေ့တွင်

ပုရွက်ဆိတ်များချည်းပါ။

ဤအချိန်တွင် ထိုလူက ကောင်းကင်ကို

မျှော်ကြည့်ကာ "အချိန်သိပ်မကျန်တော့ဘူး။

မင်းမှာ မေးစရာတွေ ရှိကောင်းရှိနိုင်တယ်၊

ဒါမှမဟုတ် မင်းစိတ်ရှုပ်နေတာ

တစ်ခုခုရှိနိုင်မလား"

ယန်ယဲ့က ခဏလောက်စဉ်းစားပြီး
“အကြီးအကဲ၊ ငါ့ကိုပြောစရာရှိလို့လား”

ထိုလူက ယန်ယဲ့ကို ငုံ့ကြည့်ပြီး ပြုံးကာ
“ဉာဏ်ပြေးလိုက်တဲ့ကလေးပဲ”
ဟုပြောလိုက်သည်။ သူက
ယန်ယဲ့၏ခါးပေါ် ရှိ ဓားဘူးသီးကို
ငုံ့ကြည့်ကာ “မင်းရဲ့ဘူးသီးနက်ကိုသုံးပြီး
ငါ့ကို တိုက်ခိုက်လိုက်စမ်း”
ဟုထပ်ပြောသည်။

ဓားအူသံတစ်သံ ပဲ့တင်ထပ်ကာ
ထိုလူ၏လည်ချောင်းရှေ့တွင်
အလင်းတန်းတစ်ခု ရောက်ရှိလာသည်။

သို့သော် အလင်းတန်းက သူ့လည်ချောင်းနှင့်
စင်တီမီတာအနည်းငယ်အကွာမှာပဲရပ်တန့်
သွား၏။ တစ်လက်မမျှ မရွေ့နိုင်တော့ပေ။
လက်နှစ်ချောင်းက အလင်းတန်းကို
ဖိညှပ်ထားလို့ပါ။

ယန်ယဲ့သည် အံ့အားသင့်ကာ
စကားပင်မပြောနိုင်တော့ပေ။

ထိုလူက လက်ကိုအနည်းငယ်လှုပ်လိုက်ရာ
ဓားက ယန်ယဲ့ဆီကို
ချက်ချင်းပြန်ရောက်လာခဲ့သည်။

ယန်ယဲ့က ထိုလူကို စိုက်ကြည့်လိုက်ပြီး
"အကြီးအကဲ၊ လမ်းညွှန်ချက်ပေးပါလား"
ဟုပြောရင်း ဦးညွှတ်လိုက်ပါသည်။

ထိုလူက "မင်းရဲ့လက်ရှိ ခွန်အားနဲ့ လေ့ကျင့်မှုအပေါ် မူတည်ပြီး မင်းရဲ့ ဓားနယ်မြေနဲ့ပေါင်းစပ်ထားတဲ့ ဓားပျံက အရမ်းမြန်တယ်။ ဒါပေမဲ့ ပိုပြီးမြန်နိုင်သေးတယ်။ ဓားနယ်မြေကို မင်း အသုံးချနိုင်မှတော့ အရာခပ်သိမ်းရဲ့စွမ်းအားကို ဘာ့ကြောင့်များမသုံးနိုင်ရမှာလဲ။ ဒြပ်စင် (၅) ပါး၊ အာကာသ၊ အချိန်၊ အရာဝခပ်သိမ်း

လိုမျိုး အရာရာတိုင်း...
ဒါတွေအားလုံးကိုမင်းအသုံးချနိုင်တယ်”

“ဒြပ်စင် ၅ ပါး၊ အာကာသလား၊
အချိန်လား” ယန်ယဲ့က အံ့အားသင့်သွားပြီး
“ငါ သူတို့ကို သုံးနိုင်မလား” ဟု
မေးလိုက်သည်။

ထိုလူက ပြုံးပြီး “မင်းသူတို့ကို
အရင်တုန်းက ကျွမ်းကျင်ခဲ့သင့်တယ်။
ဒါပေမဲ့ မင်း ပိုပြီးသန်မာလာတဲ့အခါ

ပိုပြီးအားကောင်းတဲ့စွမ်းအင်တွေကိုသုံးလာ
လို့မေ့ထားပစ်လိုက်တာပဲ။ တကယ်တော့
အဲဒီအရာတွေအားလုံးဟာ
အားမနည်းပါဘူး၊ အဲဒါတွေကို
မင်းဘယ်လိုသုံးသလဲဆိုတဲ့အပေါ်မှာပဲ
မူတည်ပါတယ်။ ဟုတ်ပါတယ်၊
ပိုကြောက်စရာကောင်းတဲ့
တခြားစွမ်းအင်တွေ၊ ဉပဒေသတွေ၊
နည်းစနစ်တွေလည်း ရှိပါသေးတယ်။
ဒါပေမဲ့ အဲဒါတွေက မင်း အခု
လေ့လာနိုင်တဲ့ အရာတွေ မဟုတ်ဘူး”

ယန်ယဲ့က ခေါင်းညိတ်ပြီး
“နားလည်ပါတယ်”

ထိုလူက ခဏလောက်
ချီတုံချတုံပြန်ကြည့်ကာ “မင်းအနားမှာ
ဝိညာဉ်ဖန်ဆင်းရှင် ရှိနေတော့ မင်းအနေနဲ့
အဆုံးမသတ်တဲ့
ဒုက္ခတွေရင်ဆိုင်ရလိမ့်မယ်”

ယန်ယဲ့က ပြုံးပြီး “အဆင်ပြေပါတယ်။ ငါတို့ဆားသမားတွေက သူတစ်ပါးကို ဒုက္ခမပေးတတ်ဘူး၊ ဒါပေမဲ့ ငါတို့က ဒုက္ခမကြောက်ဘူး”

ထိုလူက ရယ်မောကာ “ကောင်းပြီ၊ အရမ်းကောင်းတယ်။ တကယ်ကောင်းပါတယ်။ ရိုးရိုးသားသားပြောရရင် ငါမင်းကို အရမ်းသဘောကျတယ်။ ဆားသမားတွေက ဒီအတိုင်းပဲဖြစ်သင့်တာပါ။ ချိုးတာက

ကွေးတာထက်ပိုကောင်းတယ်။ လိုအပ်ရင် ချက်ချင်းတိုက်ခိုက်ရုံပဲ။ ဟားဟား…”

ရယ်မောနေရင်းဖြင့် ထိုလူ၏ခန္ဓာကိုယ်က တဖြည်းဖြည်း ဝေဝါးလာကာ နောက်ဆုံးတွင် ပျောက်ကွယ်သွားသည်။

ယန်ယွဲ့ တစ်ယောက်ပဲ ကျန်ခဲ့တော့သည်။

ထိုလူ ပျောက်သွားတာနဲ့ ပတ်ဝန်းကျင်က ပုံမှန်ပြန်ဖြစ်လာပါသည်။

ယန်ယွဲ့ဟာ ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ပြီး မြေပြင်ပေါ် တင်ပျဉ်ခွေထိုင်ချလိုက်သည်။

အစောပိုင်းမှာ သူရခဲ့သော ဒဏ်ရာများက အရမ်းပြင်းထန်သည်။ ဒီအချိန်မှာ သူက အပေါ် ပြန်မတက်ခင် ဒဏ်ရာများ ကို အပြီးကုသရန်ရည်ရွယ်လိုက်သည်။

တရားစီရင်ခြင်းဓား က ယန်ယွဲ့ရှေ့မှာ လွင့်မျောနေခဲ့သည်။

...

တောင်ထိပ်တွင် ...၊

မရေမတွက်နိုင်သော
နတ်ဘုရားစိတ်အာရုံအသိများနှင့်
အစွမ်းထက်အော်ရာများက အန်နန်ကျင်း
နှင့် ကျန်းယွဲ့တို့အပေါ်ကိုဖိနှိပ်လာသည်။
သို့သော်လည်း
နတ်ဘုရားစိတ်အာရုံအသိများက
နှင်းပွင့်လေးအပေါ်မှာသာကျရောက်နေခဲ့သ
ည်။

ဝိညာဉ်ဖန်ဆင်းရှင် ...။

၎င်းသည် အနာဂတ်၏ ဝိညာဉ်ဖန်ဆင်းရှင်ပါ။

ဤအချိန်တွင် နှင်းပွင့်လေးက ကောင်းကင်ကို မော့ကြည့်ကာ မျက်တောင်ခတ်ပြီး မှန်ကို တင်းတင်းဆုပ်ကိုင်လိုက်သည်။

ကောင်းကင်ယံအထက်ရှိ တိမ်တိုက်များ

ရုတ်တရက် ပွင့်ထွက်သွားပြီး အပေါ်ကနေ
လုံတစ်စင်း ပစ်ချလိုက်သည်။

ပစ်မှတ်က အန်နန်ကျင်း နှင့်ကျန်းယွဲ့ တို့ပါ။

အန်နန်ကျင်း၏ မျက်လုံးများက
အနည်းငယ် ကျဉ်းမြောင်းသွား၏။
တိုက်ခိုက်ခါနီးတွင်တော့ နှင်းပွင့်လေးက
သူမရှေ့တွင် ပေါ်လာသောသည်။ ထို့နောက်
မှန်ကို ညွှန်ပြကာ

လှုံ့ချက်ကိုတားဆီးနိုင်ကြောင်း
ပြောနေလေသည်။

အန်နန်ကျင်းက နှင်းပွင့်လေးကို
ငုံ့ကြည့်ပြီးနောက်
သူမ၏အမြီးသေးသေးလေးကိုဆွဲကိုင်ကာ
ဘေးသို့ပစ်ချလိုက်သည်...

နှင်းပွင့်၏ကိုယ်လုံးလေးက လေထဲမှာ
ထပ်ခါတလဲလဲ လည်နေလေသည်။

အန်နန်ကျင်း က နှင်းပွင့်လေးကို တစ်ချက်ကြည့်လိုက်ပြီး “ကိုယ့်ကိုယ်ကို ဂရုစိုက်နေပါ။ နားလည်လား”

Translated By NyiNyiSoe

.အဆိုးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၇၈၅ -

နှင်းပွင့်လေးက အန်နန်ကျင်းကို
စိုက်ကြည့်ကာ မျက်တောင်ခတ်ပြသည်။
ဆိုလိုသည်မှာ သူမ
အဆင်ပြေကြောင်းပြောနေတာပါ။

အန်နန်ကျင်း က ပြုံးပြီး ကောင်းကင်ကို
မော့ကြည့်လိုက်သည်။ လုံ့ကို
တင်းကြပ်ကြပ်ဆုပ်ကိုင်လိုက်ပြီး

တိုက်ခိုက်ခါနီးတွင် ဓားစာလိပ်က ဆတ်ခနဲပြောလိုက်သည် “ငါလုပ်ပါရစေ”

ဓားစာလိပ်က ညာလက်ကိုဝှေ့ယမ်းလိုက်သည်။ ထိုသို့လုပ်လိုက်သည်နှင့် မူလစေတီဟာ ယန်ယွဲ့၏ခန္ဓာကိုယ်ထဲမှထွက်လာသည်။ ထို့နောက် ဓားစာလိပ်၏လက်ဝါးပေါ်မှာ ပေါ်လာသည်။

ခေါ်စာလိပ်က မူလစေတီကို
စူးစိုက်ကြည့်ရင်း သူမ၏မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်ပါသည်။
သိပ်မကြာလိုက်ပါ၊ မူလစေတီထဲမှ
ကြောက်မက်ဖွယ်ရာခေါ်စွမ်းအင်များ
ဖြာထွက်လာလေသည်။

တစ်ချိန်တည်းမှာပဲ နားကွဲမတတ်
ခေါ်အူသံကြီး ပဲ့တင်ထပ်ကာ
ကောင်းကင်ထက်သို့ပင် ပြန့်နှံ့သွားခဲ့သည်။

ထို့နောက်တွင် ဓားတစ်လက်က လေထဲသို့ ပစ်လွှတ်လိုက်ကာ တိမ်များပေါ်တွင် ပေါ်လာသည်။

မူလစေတီထဲရှိ ကောင်းကင်ဓားစင်မြင့်ဟာ ပြင်းထန်စွာ တုန်လှုပ်သွားသည်။

ဓားစာလိပ်က မျက်လုံးပြန်ဖွင့်လိုက်ပြီး သူမလက်ကို အနည်းငယ်မြှောက်ကာ "ထွက်ပေါ်လာလော့...."

ဆူး ...ဆူး ...ဆူး ...ဆူး ...ဆူး

ထိုသို့ပြောလိုက်သည်နှင့် တပြိုင်နက်
ဓားအပျက်အစီးနယ်မြေအထက်
ကောင်းကင်သည် ဓားစွမ်းအင်များ
ဖုံးလွှမ်းသွားခဲ့လေသည်။
ဓားစွမ်းအင်များသည်
ရှောမပိုက်ကွန်ကြီးသဖွယ်
ဓားအပျက်အစီးနယ်မြေတစ်ခုလုံးကို
လွှမ်းခြုံထားသည်။

ကောင်းကင်ဓားစင်မြင့်

အသက်ဝင်လိုက်စမ်း ။

ဓားစာလိပ်က

ကောင်းကင်ကိုစူးစူးစိုက်စိုက်ကြည့်ကာ

အော်ဟစ်လိုက်သည်။

ခါးအစီအရင်က မတားဆီးနိုင်မှန်း
သိနေသည့်တိုင် ယန်ယဲ့အတွက်
ယာယီအချိန်ဆွဲပေးထားတာပါ။

၁၀ မိနစ်ခန့်ကြာပြီးနောက်တွင်
ကောင်းကင်မှ
ပြင်းထန်သောဖိအားလှိုင်းကြီးတစ်ခု
ရုတ်တရက်ထွက်ပေါ်လာသည်။ ထို့နောက်
ရောမလက်သီးကြီးကျဆင်းလာပြီး
ခါးအစီအရင်ကိုထိုးချလိုက်သည်။

အုန်း...

အထက်ကောင်းကင်တစ်ခုလုံး ပြင်းထန်စွာ တုန်ခါသွားပြီးနောက် မရေမတွက်နိုင်သော ဓားစွမ်းအင်များ ပေါက်ကွဲထွက်လာသည်။

ခဏအကြာတွင်တော့ ကောင်းကင်ယံ၌ ဆံပင်ဖြူအမျိုးသားတစ်ဦး ပေါ်လာခဲ့သည်။ သူ့မျက်နှာပေါ်တွင် လှောင်ပြောင်လိုသောအပြုံးတစ်ခုရှိနေ၏၊

သူ့အကြည့်ကတော့ နှင်းပွင့်လေးအပေါ်မှာ ကျရောက်နေသည်။

ဓားစာလိပ်၏မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းလာသည်။ သို့ရာတွင် အန်နန်ကျင်း က ရုတ်တရက် ပြောလိုက်သည် “ငါလုပ်လိုက်မယ်”

ဓားစာလိပ်က အန်နန်ကျင်းကို တစ်ချက်ကြည့်ကာ ခေါင်းညိတ်ပြီး ဘေးရှောင်သွားသည်။

နှင်းပွင့်လေးက ခါးစာလိပ်၏ပခုံးပေါ်တွင် ပေါ်လာသည်။ မှန်ကို ဆုပ်ကိုင်ထားရင်း မျက်နှာသေးသေးလေးက အကူအညီမဲ့နေသလိုပင်။

ဤအတောအတွင်း ဆံပင်ဖြူအမျိုးသားက အန်နန်ကျင်း နှင့် အခြားသူများ ရှေ့သို့ ရောက်လာသည်။ သူက နှင်းပွင့်ထံမှ အကြည့်ကိုဖယ်လိုက်ပြီး အန်နန်ကျင်းကို

ပြီးပြကာ “ယန်ယဲ့အတွက်
ငါဒီကိုရောက်နေတာမဟုတ်ဘူး။
ငါ့ရဲ့တစ်ခုတည်းသောရည်ရွယ်ချက်က
ဝိညာဉ်ဖန်ဆင်းရှင်ပဲ။
ငါ့ကိုပေးလိုက်၊
ငါအခုချက်ချင်းထွက်သွားမယ်။
အဆင်ပြေလား”

အန်နန်ကျင်းက ဆံပင်ဖြူအမျိုးသားကို
တစ်ချက်စိုက်ကြည့်လိုက်သည်။ ထို့နောက်

ရှေ့ခုန်ထွက်လာပြီး လုံဖြင့်
ပြေးထိုးလိုက်သည်။

ထိုလူ၏ပါးစပ်ထောင့်မှာ အပြုံးတစ်ခု
ပေါ်လာကာ "ထာဝရနယ်စပ်မှာရှိတဲ့
လူတွေက မင်းလိုမျိုး သူတို့ကိုယ်သူတို့
အထင်ကြီးကြသလား"

စကားပြောပြီးသည်နှင့် ရှေ့သို့တိုးလာကာ
သူ့လက်ဝါးကိုမြှောက်ပြီး ပုတ်လိုက်သည်။

ဘမ်း...

လုံက သူ့လက်ဝါးကို ထိုးသွင်းလိုက်သည်။

သို့သော် လက်ဝါးက ဘာမှမဖြစ်ခဲ့ပေ။

ထိုလူက

သူ့လက်ဝါးကိုအနည်းငယ်မြှောက်ပြီး

လုံကိုထုချလိုက်သည်။

သို့သော် ထိုလူက

အနည်းငယ်မျက်မှောင်ကြုတ်လိုက်သည်။

ဒီအချိန်မှာ

အန်နန်ကျင်း က သူ့ရှေ့တွင်ပေါ်လာပြီး

ခြေထောက်ဖြင့် ဖြတ်ကန်ထည့်လိုက်သည်။

ဘုန်း...

ဆံပင်ဖြူအမျိုးသားက

အချိန်မီကာကွယ်နိုင်လိုက်ခြင်းမရှိပေ၊ ၃

ကီလိုမီတာအကွာသို့ လွင့်ထွက်သွားသည်။

အန်နန်ကျင်းက

လိုက်လံတိုက်ခိုက်တာမလုပ်ပေ၊

လှံကိုမြှောက်ကာ ရှေ့သို့

ပစ်လွှတ်လိုက်သည်။

ဆူး...

လုံ ဖြတ်သွားသည့် လမ်းကြောင်းရှိ
အာကာသဟာ အပိုင်းပိုင်း
ပြတ်တောက်သွားသည်။

ဆံပင်ဖြူအမျိုးသား၏မျက်လုံးများ
အနည်းငယ်ကျဉ်းမြောင်းသွားသည်။ သူက
နောက်ပြန်ဆုတ်လိုက်ရင်း
လက်သီးကိုရှေ့သို့လှမ်းထိုးလိုက်သည်။

ဘုန်း…

လုံက နောက်ပြန် ကန်ထွက်လာပြီး အန်နန်ကျင်းထံပြန်ရောက်သွားသည်။

တစ်ချိန်တည်းမှာပင် ထိုလူက “မင်းဟာ ငါ့ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်ရဲ့ “သုတ်သင်ရေးလုံ”ကို ဘာလို့ပိုင်ဆိုင်ထားတာလဲ”

အန်နန်ကျင်းက ဘာမှပြန်မဖြေပါ။
ညာခြေကို တစ်ချက်ဆောင့်ပြီး ရှေ့ကို
ခုန်ထွက်လာသည်။

ထိုခဏလေးမှာပဲ ပြင်းထန်သော
စွမ်းအင်လှိုင်းတစ်ခုက
ဆံပင်ဖြူအမျိုးသားရှေ့သို့ရောက်ရှိလာသ
ည်။

သူ၏မျက်လုံးထဲမှ လူသတ်လိုစိတ်များ

ထွက်ပေါ်လာပြီးနောက်
လက်ကိုအနည်းငယ်လှုပ်လိုက်သည်။
သူ့လက်ထဲတွင် အနက်ရောင်
ချိတ်ကောက်တစ်ချောင်း ပေါ်လာသည်၊
ထို့နောက် ချိတ်ကောက်ကို မြှောက်၍
ရှေ့သို့ ချိတ်ဆွဲချလိုက်သည်။

ဆူး...

မိတာရာချီသော ရေိယာသည်
ချက်ချင်းကွဲအက်သွားသည်။

ဘုန်း....

ပေါက်ကွဲသံထွက်ပေါ်လာပြီးနောက်
အန်နန်ကျင်း နှင့် ဆံပင်ဖြူအမျိုးသားဟာ
အသီးသီး နောက်ပြန်လွင့်ထွက်လာသည်။

သို့သော် အန်နန်ကျင်းက နေရာမှာပင်
ဖျတ်ခနဲပျောက်ကွယ်သွား၏။

ဆံပင်ဖြူအမျိုးသားက
အတော်ကြောက်စရာကောင်းတဲ့ ရန်သူကို
ရင်ဆိုင်ရသလို မျက်နှာတစ်ခုလုံး
လေးနက်လာသည်။ သူက တုံ့ဆိုင်းမနေဘဲ
အနက်ရောင်ချိတ်ကောက်ကို ရှေ့သို့
ချိတ်ဆွဲလိုက်သည်။

ခလွပ်...

သူ့ပတ်ဝန်းကျင် မီတာရာချီရေိယာက
ကွဲအက်သွားသည်။

အနက်ရောင်အာကာသအက်ကြောင်းထဲက
နေ လေဆင်နှာမောင်းကဲ့သို့ အားပြင်းသော
စွမ်းအင်လှိုင်းလုံးကြီး ထွက်ပေါ်လာသည်။

ဘမ်း...ဘမ်း...ဘမ်း...

ထိုနေရာမှ ပေါက်ကွဲသံများ
အဆက်မပြတ်ထွက်ပေါ်လာခဲ့သည်။

ဤအတောအတွင်း ဓားစာလိပ်က အနက်ရောင်အာကာသအက်ကြောင်းကို စိုက်ကြည့်နေသည်။ ဤအခိုက်အတန့်တွင် အန်နန်ကျင်းက ဝိုင်းနတ်ဘုရားမဟုတ်ဘဲ စစ်နတ်ဘုရားမကဲ့သို့ ခန့်ညားထည်ဝါသောအရှိန်အဝါများ ထွက်ပေါ်နေခဲ့သည်။

ထိုအရှိန်အဝါများက အချို့သော အဆင့်မြင့် အကန့်အသတ်ချိုးဖျက်နယ်ပယ်များပင် မပိုင်ဆိုင်နိုင်သောအရာဖြစ်သည်။

ကျန်းယွဲ့က ရုတ်တရုတ်ပြောလိုက်သည်
"သူမ သန်မာတယ်"

ဓားစာလိပ်က ခေါင်းညိတ်ပြီး "သူမ
အရမ်းသန်မာတယ်။ သူသာ
အသက်ရှင်ခဲ့ရင် သူ့နာမည်က သမိုင်းမှာ
ကျိန်းသေပေါက်
မှတ်တမ်းအတင်ခံရလိမ့်မယ်"

ကျန်းယွဲ့က တိုးတိုးလေးပြောလိုက်ပြန်သည်
"ဒီယန်ယဲ့က သူမကို ပိုင်ဆိုင်ထားတာက
တကယ်ကံကောင်းလိုက်တာ"

ဓားစာလိပ်က ခေါင်းညိတ်ပြပြီး
အနက်ရောင်
အာကာသအက်ကြောင်းနေရာကို
မော့ကြည့်လိုက်သည်။

အန်နန်ကျင်း က လုံ့ကို
လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ကာ

ဆံပင်ဖြူအမျိုးသားကို
လှမ်းထိုးလိုက်သည်။

လှံထိုးချက် နှင့်အတူ ပြင်းထန်သော
အရှိန်အဝါက ကမ္ဘာတစ်ခုလုံးကို
ပြိုလဲသွားစေနိုင်သည်။

ဘမ်း...

အာကာသအက်ကြောင်းထဲမှကျယ်လောင်
သော ပေါက်ကွဲသံတစ်ခု ပဲ့တင်ထပ်ကာ
ဆံပင်ဖြူအမျိုးသားဟာ
လွင့်ပျံထွက်သွားသည်။

တစ်ချိန်တည်းမှာပင် ချိတ်ကို
ကိုင်ထားသည့် ဆံပင်ရှည်ကြီး၏
လက်သည် လေထဲသို့ ပျံတက်သွားသည်။

အန်နန်ကျင်းက မရပ်တန့်ဘဲ
ထပ်ပြီးတိုက်ခိုက်ရန်ပြင်လိုက်၏။ သို့သော်

ဆံပင်ဖြူအမျိုးသားရှေ့တွင်
မီးခိုးရောင်ဝတ်လူအိုကြီးတစ်ယောက်
ရုတ်တရက်ပေါ်လာသည်။ ထို့နောက်
သူ့ဆီကနေ ပြင်းထန်သော
စွမ်းအင်လှိုင်းလုံးများ ထွက်ပေါ်လာသည်။

အန်နန်ကျင်းက အနည်းငယ်
မျက်မှောင်ကြုတ်ကာ သူမ၏
လှံကိုမြှောက်ပြီး ထိုးချလိုက်သည်။

ဘမ်း...

အန်နန်ကျင်း က လွင့်ထွက်သွားပြီး
တောင်ထိပ်ပေါ်သို့ ပြန်ပြုတ်ကျလာသည်။

သူမ၏ ပါးစပ်ထောင့်က
သွေးများစီးကျနေသည်။

ဓားစာလိပ်က “အဆင့် ၄
အကန့်အသတ်ချိုးဖျက်နယ်ပယ် လား”
ဟုမေးလိုက်သည်။

အန်နန်ကျင်း က ခေါင်းခါလိုက်သည်။ မီးခိုးရောင်ဝတ်အဘိုးကြီးက အဆင့် ၃ အထွတ်အထိပ် ပါ။ ယခင်တိုက်ခိုက်မှုက သာမန် အဆင့် ၄ ထက်ပင် သာလွန်ပါသည်။

အဘိုးကြီးက သူ့လက်ဖဝါးကို ငုံ့ကြည့်ရာ လုံ့ထိုးချက်မှ သွေးများစီးကျနေခဲ့သည်။ သူ၏မျက်လုံးများ အနည်းငယ် ကျဉ်းမြောင်းသွားပြီး အန်နန်ကျင်းကို

မော့ကြည့်ရင်း အလွန်
ထိတ်လန့်သွားပုံရသည်။

အမှန်တော့ သူက အဆင့် ၄ သို့ပင်
ခြေလှမ်းတစ်ဝက် ဝင်နေပါပြီ။ သို့မဟုတ်
သူ့ခွန်အားတစ်ဝက်ဖြင့်ပင် အဆင့် ၄
ကိုအနိုင်ယူနိုင်ပါသည်။ သို့သော် ကနဦး
အကန့်အသတ်ချိုးဖျက်နယ်ပယ် သာရှိသော
မိန်းမပျိုကြောင့် ဒဏ်ရာရသွားခဲ့၏။

သူ့စိတ်ထဲတွင် ထိုမိန်းမပျိုက
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်၏
ညဏ်ကြီးရှင်များထက်ပင်
မနိမ့်ကျကြောင်းသိလိုက်သည်။

အဘိုးကြီးက အတွေးများကို ထိန်းကာ
သူ့နောက်မှ ဆံပင်ရှည်အမျိုးသားကို
တစ်ချက်ကြည့်လိုက်ပြီး "တတိယမင်းသား၊
အဆင်ပြေရဲ့လား"

ဆံပင်ရှည်အမျိုးသားက ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး "ဘာမှ မစိုးရိမ်ရဘူး"

အဘိုးကြီးက ခေါင်းညိတ်ပြပြီးနောက် အန်နန်ကျင်းကို စိုက်ကြည့်ရင်း "မိန်းကလေး၊ မင်းဟာ ထူးထူးခြားခြား ညဏ်ကြီးရှင်တစ်ယောက်ပဲ။ အခုနေတုန်း မင်းထွက်သွားရင် တော်တော်ကောင်းတဲ့ အနာဂတ်ကို ရနိုင်တယ်။ မင်းသတ္တိကောင်းကောင်းနဲ့

ဆက်နေမယ်ဆိုရင်
မနက်ဖြန်နေထွက်တာကို
မမြင်ရတာဖြစ်သွားနိုင်တယ်”

အန်နန်ကျင်းက နှင်းပွင့်လေးကို
လှည့်ကြည့်လိုက်ပြီး အဘိုးကြီးအား
စိုက်ကြည့်ကာ
“ဘယ်သူမှ ထိခွင့်မရှိဘူး”
ဟုသာပြန်ပြောလိုက်သည်။

နှင်းပွင့်လေးက ယန်ယဲ့၏ အဓိကအကျဆုံး ပြောင်းပြန်အကြေးခွံပါ။

အဘိုးကြီး၏ မျက်လုံးများ အနည်းငယ်မှိတ်သွားကာ "ဒါဆို မင်းက ဘယ်လောက်သန်မာတယ်ဆိုတာ ငါကြည့်ပါရစေ."

ထို့နောက် ကောင်းကင်ကိုမျှော်နေကာ "အမှောင်ထဲမှာ ပုန်းနေတဲ့လူတိုင်း၊ ငါတို့နှစ်ယောက်က မင်းတို့ကို မသိကြဘူး။

ဒါပေမဲ့  ငါတို့ရဲ့စွမ်းအားတွေက

အတူတူပါပဲ၊ ဒီအတိုင်း

ဆက်သွားနေမယ်ဆိုရင် ဒီမိန်းမပျိုနဲ့

ယန်ယဲ့ပဲ နောက်ဆုံးမှာ

အကျိုးအမြတ်ရသွားလိမ့်မယ်။

အခုအချိန်မှာ

ယန်ယဲ့ထွက်မလာသေးဘူးဆိုတော့ ငါတို့က

သူမကိုသတ်ပစ်ရမယ်။

မင်းတို့ဘယ်လိုထင်လဲ”

ခဏမျှ တိတ်ဆိတ်သွားပြီးနောက်
“ကောင်းပြီ”

တစ်ချိန်တည်းမှာပင်
ကြောက်မက်ဖွယ်ဖိအားများကျဆင်းလာပြီး
တောင်ထိပ်တစ်ခုလုံး နှင့် အန်နန်ကျင်းကို
ဖုံးလွှမ်းသွားသည်။

ထို့နောက် လောကသခင်၊
အကန့်အသတ်ချိုးဖျက်နယ်ပယ်
အများအပြား ပေါ်လာကြသည်။

သို့သော်လည်း အချို့က အဆင့် ၄ နှင့် ယှဉ်နိုင်လုနီးပါးပါ။

အန်နန်ကျင်းက သူမ၏မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်ပြီး
"တက်လာခဲ့ကြစမ်း.."

ထိုသို့ပြောပြီးနောက်...

Translated By NyiNyiSoe

.အဆိုးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၇၈၆ -

ဝုန်း...

အောက်ဖက်မှ

ကြောက်မက်ဖွယ်ကောင်းသော

အငွေ့အသက်များ ထွက်ပေါ်လာပြီး

အနက်ရောင်အရိပ်တစ်ခုဟာ လေထဲသို့
လွင့်ပျံလာသည်။

ဝေါင်း...

ကောင်းကင်ယံတွင် ပြင်းထန်သော ဟိန်းသံ
ပဲ့တင်ထပ်နေပါသည်။

သိုင်းချီလင်... ။

သိုင်းချီလင် ပေါ်လာသည်နှင့်
တစ်ချိန်တည်းမှာပင်
သူမ၏ညာဖက်လက်ကို ဝှေ့မ်းပြီး
လုံတစ်ချောင်း ဆုပ်ကိုင်လိုက်လေသည်။

ထို့နောက် ကောင်းကင်ကို
မော့ကြည့်ပြီးနောက် ညာခြေကို
အားကုန်ဆောင့်ချလိုက်သည်။

ဝေါင်း...

သိုင်းချီလင် က ဒေါသတကြီးဟိန်းကာ
လေထဲသို့ ပျံတက်သွားလေသည်။

ထိုခဏလေးမှာပဲ အပေါ်မှ
ကျဆင်းလာသော အစွမ်းထက်အော်ရာ ၂၀
ကျော်ဟာ
ပြန့်ကျဲသွားသည်။

နံဘေးတွင် ရပ်နေသည့် ကျန်းယွဲ့ကလည်း ခဏငြိမ်သက်သွားပြီး သူမ၏ဓားကြီးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ကောင်းကင်ပေါ်သို့ ခုန်တက်လိုက်သည်။

အန်နန်ကျင်း ဟာ ဘယ်လောက်ပင်သန်မာနေပါစေ အကန့်အသတ်ချိုးဖျက်နယ်ပယ်အများအပြားကို တစ်ယောက်တည်းရင်ဆိုင်ရန် မဖြစ်နိုင်ပါ။

တောင်ထိပ်ပေါ်တွင် နှင်းပွင့်လေးနှင့်
ခါးစာလိပ်တို့သာ ကျန်ရှိတော့သည်။

ခါးစာလိပ်က နှင်းပွင့်ကို ငုံ့ကြည့်ကာ
"ကြောက်နေတာလား"

နှင်းပွင့်လေးက မျက်တောင်ခတ်ပြီး
ခေါင်းကို အမြန်ခါလိုက်သည်။

ပြောနေသည့်အတိုင်း သူမလေးက
ကြောက်ရွံ့မနေပေ။
အန်နန်ကျင်းကိုကြောက်တာကလွဲပြီး
အခြားဘာကိုမှဂရုစိုက်မနေပုံပါ။

ဓားစာလိပ်က အနည်းငယ်
ခေါင်းညိတ်ပြပြီးနောက်
ကောင်းကင်ထက်သို့ ခုန်တက်လိုက်သည်။

နှင်းပွင့်အတွက်တော့ စိတ်ပူမနေပါ။
နောက်ဆုံးတွင် ထိုအဖြူရောင်လေးဟာ

ဝုက်ဖဲအများအပြား
ရှိနေသည်မဟုတ်ပါလား။ နှင်းပွင့်ကို
စိတ်ပူနေမည့်အစား သူတို့ကိုယ်သူတို့
စိတ်ပူတာကသာ ပိုကောင်းပါသည်။

နှင်းပွင့်လေးက ကောင်းကင်ကို
မော့ကြည့်လိုက်ပြီးနောက် မှန်ကို
တင်းတင်းဆုပ်ကိုင်လိုက်သည်။

တိမ်တိုက်များအထက်၌ ။

ဓားစာလိပ် ခုန်တက်သွားသည်နှင့် ဓား (၁၀,၀၀၀) ဟာ ကောင်းကင်ပေါ်သို့ ပျံတက်လာပြီးနောက် မီတာရာချီသော ဧရိယာတစ်ခုလုံးကို ဖုံးအုပ်သွားခဲ့သည်။

မဟာဓားအစီအရင်...

ဓား (၁၀,၀၀၀)အစီအရင် ။

တိမ်တိုက်များထက်၊ အာကာသထဲတွင်

အန်နန်ကျင်း က လုံ့ကိုကိုင်လျက်
သိုင်းချီလင်၏ ကျောပြင်ပေါ်တွင်
ရပ်နေသည်။ သူမဆီကနေ ပြင်းထန်သော
ဖိအားနှင့် အော်ရာလှိုင်းများ
အဆက်မပြတ်ထွက်ပေါ်နေပါသည်။
အော်ရာက ပိုမိုအားကောင်းလာပြီး
အဆုံးမရှိဟု ထင်ရသည်။

သို့တိုင်အောင် သူမက
အကန့်အသတ်ချိုးဖျက်နယ်ပယ် အယောက်
၂၀ ကျော်ကို
ရင်ဆိုင်ရန် လုံလောက်သော
ခွန်အားမရှိခဲ့ပေ။

လုံးလုံးလျားလျားကို ဖိနှိပ်ခံနေရသည်။

ဤအခိုက်အတန့်တွင် အန်နန်ကျင်း၊
ဓားစာလိပ်နှင့် ကျန်းယွဲ့ တို့သုံးယောက်ဟာ

လုံး၀ ဖိနှိပ်ခံထားရသည်။

အကန့်အသတ်ချိုးဖျက်နယ်ပယ် အယောက်
၂၀ ကျော်နှင့် ရင်ဆိုင်နေရသဖြင့်
ပြန်ပြီးတိုက်ခိုက်ရန်အသာထား
ခုခံရုံသာတတ်နိုင်တော့သည်။

အန်နန်ကျင်း၏ ခုခံနိုင်စွမ်းသာ သာမန်ထက်
လွန်ကဲမနေပါက ယခုအချိန်မှာ
သုံးယောက်စလုံး
ငရဲရောက်နေလောက်ပေသည်။

ဤအတောအတွင်း နှင်းပွင့်လေးဟာ

ကောင်းကင်ကို မော့ကြည့်လိုက်ပြီး
မျက်လုံးသေးသေးလေးထဲမှ စိုးရိမ်မှု
တရိပ်ရိပ် ပေါ်လာနေသည်။

သူမလေးက
ကလေးစိတ်မကုန်သေးသော်လည်း
လုံးလုံးမသိတတ်တောတော့မဟုတ်ပေ။

လက်ရှိအချိန်မှာ အန်နန်ကျင်း
တို့သုံးယောက် အရေးနိမ့်နေမှန်းသိနေပုံပါ။

နှင်းပွင့်လေးက တခဏတာ

တုံ့ဆိုင်းသွားကာ တောင်အောက်ကို

ငုံ့ကြည့်ပြီးနောက် လက်သည်းများကို

ပေါ့ပေါ့ပါးပါး ငေ့ယမ်းလိုက်သည် ။

ဝုန်း...

ပြင်းထန်သော အော်ရာတစ်ခု လေထဲသို့ လွင့်ပျံလာပြီးနောက် နွားနတ်ဆိုး၏ပုံရိပ်က သူမရှေ့တွင် ပေါ်လာသည်။

နွားနတ်ဆိုး တင်မဟုတ်ပါ၊ သူ့နောက်တွင် ပိုအားကောင်းသော အော်ရာတချို့ပါရှိလေသည်။ အခြားတော့မဟုတ်ပေ၊ မူလနတ်ဆိုးကျား၊ မူလနဂါးနှင့် အရိုးချောင်းကိုက်နေသော ဝမ်အရူးမလေးတို့ပင်။

နှင်းပွင့်လေးက ကောင်းကင်ကို ညွှန်ပြပြီး
နွားနတ်ဆိုးကို စိုက်ကြည့်နေ၏။
သူတို့အဖွဲ့က အခွင့်အရေးရှိမရှိ
မေးနေတာပါ။

နွားနတ်ဆိုးက ကောင်းကင်ကို
မော့ကြည့်ပြီးနောက်
မှုလဖန်ဆင်းခြင်းရှေးဦးပုဆိန်ကိုဆုပ်ကိုင်
လျက် လေထဲသို့ ခုန်တက်သွားသည်။

နွားနတ်ဆိုး ထွက်သွားသည်နှင့် တပြိုင်နက်
မူလနတ်ဆိုးကျား နှင့် မူလနဂါးတို့လည်း
လိုက်ပါသွားကြသည်။

သာမန် မူလနတ်ဆိုးများက
အကန့်အသတ်ချိုးဖျက်နယ်ပယ်
လူသားကျင့်ကြံသူများနှင့်
မယှဉ်နိုင်သော်လည်း
ထိုသုံးကောင်စလုံးဟာ
သာမန်မဟုတ်ကြပေ။ အထူးသဖြင့်

မူလနတ်ဆိုးနဂါး ပင်။ ၎င်း၏ခန္ဓာကိုယ်က အလွန်သန်မာလှသည်။ အဆင့် ၄ ပင်လျှင် ထိခိုက်ဒဏ်ရာရအောင် လုပ်နိုင်မည်မဟုတ်ပေ။

တောင်ထိပ်တွင် နှင်းပွင့်လေးက ဝမ်အရှူးမလေးကို စိုက်ကြည့်နေသည်။ ဝမ်အရှူးမလေး က သူမ၏အရိုးချောင်းကို လျှာဖြင့်သပ်လိုက်ပြီး “အစ်ကိုကြီးယန် က

အချိန်နည်းနည်းလိုသေးတဲ့အတွက်
နင့်ကိုကာကွယ်ပေးဖို့ တောင်းဆိုထားတယ်”

စကားပြောနေစဉ်
အရိုးသေးသေးတစ်ချောင်းကို
နှင်းပွင့်လေးဆီ ပစ်ပေးလိုက်သည်။
နှင်းပွင့်လေးက အရိုးချောင်းကိုနမ်းရှုံ့ရင်း
ကောင်းကင်ကို မော့ကြည့်နေသည်။
သူမ၏မျက်လုံးသေးသေးလေးထဲမှာတော့
စိုးရိမ်စိတ်အပြည့်ပါ။

ဤအတောအတွင်း ဝမ်အရူးမလေးက
“စိတ်မပူပါနဲ့၊ သူတို့မှာ ခံနိုင်ရည်ရှိလို့
အချိန်အကြာကြီး ခုခံနိုင်မှာပါ”

နှင်းပွင့်လေးက
မျက်တောင်ခတ်လိုက်သည်။ ဘာပြောရမှန်း
မသိတော့ပုံပါ။

ဤအချိန်တွင် အထက်ကောင်းကင်၌။

နွားနတ်ဆိုးက တိုက်ပွဲထဲသို့ အရင်ဦးဆုံး ရောက်ရှိသွားသည်။

သူက အန်နန်ကျင်းကို အနည်းငယ် ခေါင်းညိတ်ပြပြီးနောက် မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်ကို လက်နှစ်ဖက်ဖြင့်ဆုပ်လျက် အဆင့် ၃ အကန့်အသတ်ချိုးဖျက်နယ်ပယ်ကို ခုတ်ချလိုက်လေသည်။

ပုဆိုး ခုတ်ချလာသည့်အချိန်မှာ
အာကာသသည် ချက်ချင်း ပြိုကျသွားသည်။

အဆင့် ၃ ကျင့်ကြံသူဟာ မျက်နှာပေါ်တွင်
လေးနက်သောအမူအရာ ပေါ်လာသည်။
သူက ပေါ့ပေါ့ဆဆ မလုပ်ရဲတော့ပေ။
သူ့ပုံရိပ်က
အဖြူရောင်အလင်းတန်းအသွင်ပြောင်းကာ
နွားနတ်ဆိုးထံ တည့်တည့်ခုန်ဝင်သွားသည်။

ဤအတောအတွင်း မူလနဂါးက
၎င်း၏မူလပုံစံကို ပြန်ပြောင်းထားခဲ့သည်။

ကောင်းကင်တစ်ဝက်ခန့်
ဖုံးကွယ်ထားနိုင်သော
ရောမရွှေရောင်နဂါးကြီးတစ်ကောင်

၎င်းပေါ်လာသည်နှင့် ဤနေရာရှိ လူတိုင်း
အလိုလိုလှည့်ကြည့်မိကြသည်။

မူလနဂါး တစ်ကောင် ။

တကယ်ကို ရှေးခေတ်ဦးက မူလနဂါး လား။

မူလနဂါးမျိုးနွယ်စုသည် လက်ရှိခေတ်တွင် မျိုးသုဉ်းသွားပြီဟု ဆိုနိုင်သည်။

ထို့ကြောင့် မူလနဂါးကို မြင်လိုက်ချိန်မှာ လူတိုင်း အံ့သြခဲ့ကြသည်။

မူလနဂါးက ၎င်း၏မူလပုံစံနတ်ဆိုးနဂါးကြီး
အဖြစ်ပြန်ပြောင်းလိုက်ပြီးနောက်
အမြီးရှည်ကြီးကိုယမ်းကာ အနီးဆုံး
အကန့်အသတ်ချိုးဖျက်နယ်ပယ်ကို
ရိုက်ချလိုက်သည်။ အမြီးပိုင်းသာ
ဖြစ်သည့်တိုင် လောကကို
ချေမှုန်းပစ်နိုင်ပုံရလေသည်။

ရောမရွှေရောင်နဂါးအမြီးကြီး
ကျဆင်းလာသောအခါ အဆိုပါ ပညာရှင်က

ထိတ်လန့်သွားသည်။ ယခုအချိန်မှတော့

ရှောင်တိမ်းလို့လည်း မရတော့ပေ။ သူ၏

နှတ်တစ်ပိုင်းအဆင့်

မီးခိုးရောင်ချပ်ဝတ်ကိုသာ

အမြန်အသက်သွင်းလိုက်ရလေသည်။ချက်

ချင်းဆိုသလို

ပြိုးပြိုးပြက်ပြက်လက်နေသော

အနက်ရောင်အလင်းတန်းတစ်ခု

ထွက်ပေါ်လာသည်။ ထို့နောက်

သူ့တစ်ကိုယ်လုံးအား ဖုံးလွှမ်းသွားခဲ့သည်။

သို့သော် မူလနဂါး၏အမြီးပိုင်းမှ ဖိအားနှင့်အတူ အနက်ရောင်အလင်းလွှာသည် ကွဲထွက်သွားသည်။ နတ်တစ်ပိုင်းအဆင့် အကာအကွယ်ရတနာ ပျက်စီးသွားသည်နှင့် အဆင့် ၃ ချိုးဖျက်ခြင်းသခင်ဟာ ဆက်ပြီးခုခံနိုင်စွမ်းမရှိတော့ပေ။ ချက်ချင်းပင် လွင့်ပျံထွက်သွားသည်။ ၎င်းက ၁၀ ကီလိုမီတာအကွာထိပင် လွင့်ပျံထွက်သွားခဲ့သည်။

ထို အဆင့် ၃ ကို ရိုက်ထုတ်ပြီးနောက်

မူလနဂါးဟာ

၎င်း၏အမြီးပိုင်းကိုဝှေ့ယမ်းပြီး

အခြားတစ်ဖက်သို့ရိုက်ချလိုက်သည်။

ဆူး...

ကောင်းကင်ကြီးတစ်ခုလုံး

ကွဲအက်သွားသည် ။

မူလနဂါး၏ ကြောက်မက်ဖွယ်ကောင်းသော ရုပ်ခန္ဓာသက်သက်ခွန်အားက ဤနေရာရှိ အကန့်အသတ်ချိုးဖျက်နယ်ပယ်များကို ထိတ်လန့်သွားစေသည်။

ဤအချိန်တွင် ကောင်းကင်ယံ၌ ရောမနတ်ဆိုးကျားကြီးတစ်ကောင် ပေါ်လာသည်။

၎င်းထံမှ ရက်စက်ကြမ်းကြုတ်သော အငွေ့အသက်များ ထွက်ပေါ်နေပါသည်။

မူလနတ်ဆိုးကျား၏ အသွင်အပြင်ကိုက
ကြမ်းတမ်းသော အငွေ့အသက်များဖြင့်
ဖုံးအုပ်ထားသည်။ ၎င်း၏သဘာဝကိုက
တိုက်ပွဲကို မကြောက်ရွံ့သောသဘာဝပါ။

ဤအခိုက်အတန့်တွင်
မူလနတ်ဆိုးသုံးကောင် ပေါ်လာပြီးနောက်
အန်နန်ကျင်းဖက်က အခြေအနေဟာ
အနည်းငယ်သက်သာရာရသွားသည်။

အရင်ကလို တစ်ဖက်သက်
ဖိနှိပ်ခံထားရခြင်းမျိုးမရှိတော့ပေ။

တောင်ထိပ်တွင် ဝမ်အရှူးမလေး က
ကောင်းကင်ကို မော့ကြည့်လိုက်ပြီး
"အစ်မကြီးအန်းက
အံ့သြစရာအကောင်းဆုံးပဲ။
အဲဒီမိုက်မဲတဲ့နဂါးက
နည်းနည်းပိုသာသေးတယ်။ ကျားမိုက်နဲ့
နွားမိုက်ကတော့ အားနည်းသေးတယ်။

အဲဒီနှစ်ကောင်က ပိုသန်မာဖို့ လိုတယ် ဒါမှမဟုတ်ရင် သူတို့ကို ဝါးစားပစ်မယ်”

နှင်းပွင့်လေးက အရိုးချောင်းကို လျှာဖြင့်ယပ်လိုက်ပြီး သဘောတူသည်ဟူ၍ ခေါင်းညိတ်လိုက်သည်။

ဝမ်အရူးမလေး က နှင်းပွင့်ဆီကနေ အရိုးချောင်းကို ပြန်ဆွဲယူပြီး “နှင်းခဲလေး၊ ဒီအကောင်တွေကို စားလို့ရမလား”

နှင်းပွင့်က အံ့သြသွားပြီး ကောင်းကင်ကို မော့ကြည့်လိုက်သည်။

လူတွေကို စားလို့ရလား။ အရသာရှိလို့လား။

ဤအချိန်တွင် သူတို့နှစ်ယောက်ရှေ့မှာ လက်နက်ကိုင်ဆောင်ထားသည့် အမျိုးသားတစ်ဦးနှင့်

မီးခိုးရောင်ဝတ်အဘိုးကြီးတစ်ဦး
ပေါ်လာသည်။

ဝမ်အရူးမလေး က သူတို့ကို
တစ်ချက်ကြည့်လိုက်ပြီး
“နင်တို့ဘာလိုချင်လို့လဲ”

လက်နက်ကိုင်အမျိုးသားက နှင်းပွင့်ကို

ကြည့်ကာ ပြုံးရင်း “ဒါက
ဝိညာဉ်ဖန်ဆင်းရှင် လာ။
သူမကအရမ်းချစ်စရာကောင်းတယ်”

နှင်းပွင့်လေးက မျက်တောင်ခတ်ပြီး
ဝမ်အရှူးမလေးကို စိုက်ကြည့်နေသည်။
ဝမ်အရှူးမလေး က ပြုံးပြီး “မကြောက်နဲ့။
ငါအရမ်းသန်မာတယ်”

ထိုစကားကိုကြားသောအခါ
လက်နက်ကိုင်အမျိုးသားက သူမကို

စိုက်ကြည့်ကာ ပြုံးပြသည်။ သူက "ဒါတကယ်ပဲလား။ ညီမလေး၊ မင်းက အရမ်းသန်မာနေတာလား"

ဝမ်အရှူးမလေး က အမျိုးသား၏နောက်ကွယ်မှ အဘိုးကြီးကို တစ်ချက်ကြည့်လိုက်သည်။ ထို့နောက် ဘာမှပြန်မပြောဘဲ အရိုးချောင်းကို ယပ်လိုက်ပြန်သည်။

လက်နက်ကိုင်အမျိုးသားက နှင်းပွင့်ကို စိုက်ကြည့်ရင်း ပြုံးပြီး “မင်း ငါနဲ့လိုက်မှာလား ဒါမှမဟုတ် အတင်းခေါ်သွားရမလား”

နှင်းပွင့်က မျက်တောင်ခတ်လိုက်ပြီး ဝမ်အရှူးမလေး၏ပခုံးပေါ်ကို ခုန်တက်သွားသည်။

ဝမ်အရှူးမလေး က ခေါင်းညိတ်ပြပြီးနောက် သိုင်းနတ်ဘုရားအုတ်ဂူကိုထုတ်ပြီး သူ့ရှေ့မှ

လက်နက်ကိုင်အမျိုးသားကို
ထုရိုက်ချလိုက်သည် ။

ဝမ်အရှူးမလေးက အုတ်ဂူဖြင့်
ရုတ်တရက်ထုချလိုက်လေရာ အမျိုးသားက
ထိတ်လန့်သွားသည် ။

ဒီအချိန်မှာ သူ၏ဆံပင်များ
အဆုံးမဲ့ထောင်မတ်နေလေသည်။ သူက
သေဆုံးနိုင်သော
အန္တရာယ်အငွေ့အသက်ကိုရလိုက်လို့ပါ။

ဤအခိုက်အတန့်တွင် လက်တစ်ဖက်က သူ့ကို ရုတ်တရက်မဖမ်းဆုပ်လိုက်ပြီး နေရာမှာပင် ပျောက်သွားသည်။ မီးခိုးရောင်ဝတ်အဘိုးကြီးက ကယ်တင်လိုက်တာဖြစ်သည်။သူ့လက်ဝါး ကို မြှောက်ကာ အုတ်ဂူကျောက်တုံးကို ရိုက်ထုတ်လိုက်သည်။

ဘုန်း…

သူ့လက်ဝါးက သိုင်းနတ်ဘုရားအုတ်ဂူကို ထိလိုက်တုန်း အဘိုးကြီး၏အမူအရာဟာ သိသိသာသာ ပြောင်းလဲသွားသည်။ ဒီအချိန်မှာပဲ သူ့လက်ဝါးက သွေးများဖြန်းခနဲ ထွက်လာကာ ကွဲအက်သွားသည်။

တစ်ချိန်တည်းမှာပင် အဘိုးကြီးဟာ နောက်ပြန်လွင့်ထွက်သွားခဲ့သည်။

သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့်
အဘိုးကြီး၏အမူအရာက သိသိသာသာ
ပြောင်းလဲသွားသည် “မင်းလုပ်ရဲသလား”

သူတိုက်ခိုက်ခါနီးတွင် အဝေးကနေ
ကျယ်လောင်သော အော်ဟစ်သံများ
ထွက်ပေါ်လာ၏။ ထို့နောက် အဘိုးကြီးက
နောက်ထပ် မလှုပ်ရှားရဲတော့ပေ။

အကြောင်းမှာ လက်နက်ကိုင်အမျိုးသားက
မြေပြင်ပေါ်မှာ အုတ်ဂူဖြင့် ဖိချခံနေရလို့ပါ။

ဝမ်အရှူးမလေးက ထိုလူငယ်ကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
နှင်းပွင့်ကိုလှည့်ကြည့်ကာ “နှင်းခဲလေး၊
နင်သူ့ကိုသတ်လိုက်ပါလား”

နှင်းပွင့်လေး က ခေါင်းယမ်းလိုက်သည်။

ဝမ်အရှုးမလေးက မျက်တောင်ခတ်လိုက်ပြီး
“ဘာလို့ မကြိုးစားတာလဲ။
တကယ်ပျော်ဖို့ကောင်းတယ်”

“ပျော်စရာလား” နှင်းပွင့်လေးက
မျက်တောင်ခတ်ပြီးနောက် လက်နက်ကိုင်
အမျိုးသားကို စိုက်ကြည့်ကာ အနည်းငယ်
တုံ့ဆိုင်းသွားသည်။

ဤအချိန်တွင် ဝမ်အရှုးမလေး က
ဓားမြှောင်တစ်ချောင်းကို

ရုတ်တရက်ထုတ်ယူလိုက်ပြီး နှင်းပွင့်အားညပစ်ပေးကာ "သွား၊ သတ်လိုက်ပါ။ သူ့လည်ချောင်းကို တစ်ချက်တည်းနဲ့ထိုးစိုက်ပလိုက်စမ်း။သူ အော်ဟစ်ပြီးရင် ခန္ဓာကိုယ် တုန်လှုပ်သွားလိမ့်မယ်။ အဲဒီနောက်တော့ သေသွားလိမ့်မယ်"

ဤအတောအတွင်း အဘိုးကြီးက ဝမ်အရှုးမလေးကို စိုက်ကြည့်ရင်း "မင်းက ဘယ်သူလဲ"

ဝမ်အရှုးမလေးက အဘိုးကြီးအား
လစ်လျူရှုကာ နှင်းပွင့်ကို
စိုက်ကြည့်လိုက်ပြီး "သွား၊ သတ်လိုက်ပါ"

နှင်းပွင့်လေးက ဓားမြှောင်ကို ငုံ့ကြည့်ကာ
လက်နက်ကိုင်အမျိုးသားကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
ခုန်ဆင်းလိုက်သည်။ ထို့နောက်
သူမ၏မျက်လုံးများကို လက်တစ်ဖက်ဖြင့်
အုပ်ကာ ဓားမြှောင်ကို

အခြားလက်တစ်ဖက်ဖြင့်
ထိုးစိုက်လိုက်သည်။

"Yaaa..."
ကျယ်လောင်သောအော်သံနှင့်အတူ Snowy
တုန်တုန်ယင်ယင်နှင့် ဓားမြှောင်ကို
အမှတ်တမဲ့ ထိုးချလိုက်သည် ။

ခဏအကြာတွင် သူမ၏
ဘယ်ဘက်လက်သည်းကို
မျက်လုံးအုပ်ထားရာကဖယ်ကာ

လက်နက်ကိုင်အမျိုးသားကို တစ်ချက်ကြည့်လိုက်သည်။ ဒီအချိန်မှာ လူငယ်က သူမကိုကြည့်နေတုန်းပါ။ မသေသေးပေ။

တစ်ချိန်တည်းမှာပဲ ဝမ်အရှူးမလေးက မကျေနပ်တဲ့လေသံနဲ့ပြောလိုက်သည်
“နှင်းခဲလေး၊
နင်နည်းနည်းပိုပြီးခွန်အားသုံးလို့မရဘူးလား
။ အားကုန်ထည့်ပြီး ထိုးလိုက်”

နှင်းပွင့်လေးက မျက်တောင်ခတ်ပြီး ခဏလောက် တုံ့ဆိုင်းသွားသည်။ ထို့နောက် သူမ၏မျက်လုံးများကို လက်တစ်ဖက်ဖြင့်အုပ်ကို ဓားမြှောင်ကိုထိုးစိုက်လိုက်ပါတော့သည်။

Translated By NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၇၈၇ -

မီးခိုးရောင်ဝတ်အဘိုးကြီးက
တိုက်ခိုက်ရန်ပြင်လိုက်သော်လည်း
ပြင်းထန်သောအန္တရာယ်အငွေ့အသက်ကို
ရုတ်တရက်ခံစားလိုက်ရသည်။

၎င်းက သူ့အပေါ် ပိတ်လှောင်ထားခဲ့သည်။

အဘိုးကြီးဟာ အလွန်တုန်လှုပ်သွားသည်။
သူ့အား ပိတ်လှောင်ထားသူကို

သိနေသည့်အတွက် ပိုလို့တောင်
အံ့ဩသွားသည်၊

ဝမ်အရှုးမလေးက အဘိုးကြီးကို
လစ်လျူရှုကာ
နှင်းပွင့်လေးအားစိုက်ကြည့်နေပါသည်။

သို့သော်
နှင်းပွင့်လေး၏ဓားထိုးချက်ကမထိရောက်
ပေ။ လက်နက်ကိုင်အမျိုးသားဟာ အဆင့် ၃

အကန့်အသတ်ချိုးဖျက်နယ်ပယ်ဖြစ်ရာ

သူ့အတွက် ကလိထိုးနေသလိုပင်။

နှင်းပွင့်က ဝမ်အရှူးမလေးကို

လှည့်ကြည့်ကာ

ဓားမြှောင်ပစ်ပေးလိုက်သည်။ထို့နောက်

လက်သည်းများကို

ဝှေ့ယမ်းလိုက်တော့သည်။ ဆိုလိုသည်မှာ

ဝမ်အရှူးမလေးကို

ကိုယ်တိုင်သတ်ခိုင်းနေတာပါ။

ဝမ်အရူးမလေးက ဓားမြှောင်ကို ပြန်မယူဘဲ သိုင်းနတ်ဘုရားအုတ်ဂူကို ထပ်မံမြှောက်ပြီး လက်နက်ကိုင်အမျိုးသားအား ထုရိုက်ချလိုက်သည်။

ဘုန်း...

အုတ်ဂူက တောင်ကြီးတစ်လုံးသဖွယ် လက်နက်ကိုင်အမျိုးသားကိုဖိချလိုက်သည်။

လက်နက်ကိုင်အမျိုးသားဟာ
မျက်နှာပေါ်တွင်
ရက်စက်ကြမ်းကြုတ်သောအမူအရာပေါ်
လာသည်။

သူက ဝမ်အရှုးမလေးကို မုန်းတီးနေ၏။

သူသည်
ဟင်းလင်းပြင်ဆိုတ်သုဉ်းခြင်းမျိုးနွယ်၏
ဂုဏ်သိက္ခာရှိသော
မင်းသားတစ်ပါးဖြစ်သည်။ သို့သော်လည်း

ထာဝရနယ်စပ်သို့ ရောက်လာပြီးနောက်တွင် ခွေးတစ်ကောင်၊ဝက်တစ်ကောင်လိုမျိုးရိုက်နှက်ခံနေရသည်။ အကယ်၍ ဒီသတင်းသာ ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်ကို ပြန့်သွားရင်တော့ သူ အသတ်ခံရပေမည်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်၏ စည်းမျဉ်းအရ သေဆုံးနိုင်သော်လည်း အရှက်ကွဲလို့မရပေ။

ဤအချိန်တွင် ဝမ်အရှုံးမလေးက ကောင်းကင်ကိုမော့ကြည့်ကာ "နှင်းခဲလေး၊ အစ်မကြီးအန်း နဲ့ တခြားသူတွေက ကြာကြာမထိန်းနိုင်တော့ဘူး"

နှင်းပွင့်လေးက ကောင်းကင်ကို ညွှန်ပြရင်း ဝမ်အရှုံးမလေးကို စိုက်ကြည့်နေသည်။ အပေါ်ကတိုက်ပွဲကို သွားကူရန်ပြောနေတာပါ။

ဝမ်အရှူးမလေးက ခေါင်းခါရင်း ပြန်ပြောလိုက်သည် “နင့်ကို ငါကာကွယ်ရမယ်။ နင်တစ်ခုခုဖြစ်သွားရင် အစ်ကိုကြီးယန် က ရူးသွားလိမ့်မယ်”

အမှန်တော့ ဝမ်အရှူးမလေးက ယန်ယွဲ့အား အလွန်ကြောက်ရွံ့ခဲ့သည်။ အထူးသဖြင့် ယန်ယွဲ့ ရူးနေစဉ်ကပင်၊ သူက အတော်ကိုကြောက်စရာကောင်းလှသည်။

သူရူးနေချိန်ဆိုပါက
မဲမဲမြင်ရာတိုက်ခိုက်တတ်သူဖြစ်သည်။

နှင်းပွင့်လေးက မှန်ကို
ငေ့ယမ်းပြလိုက်၏။ဆိုလိုသည်မှာ
အကာအကွယ်တနာများအများကြီးရှိနေသ
ည်ဟူ၍ပါ။

ဝမ်အရူးမလေး က ခေါင်းခါလိုက်ပြီး
“မဟုတ်ဘူး၊ အစ်ကိုကြီးယန်
ပြန်လာတဲ့အထိ စောင့်ရမယ်”

နှင်းပွင့်၏မျက်နှာသေးသေးလေးက
အတော်လေး အကူအညီမဲ့သွားပုံပေါ်သည်။

ဤအချိန်မှာပဲ ကောင်းကင်အဝေးကနေ
 ကြောက်မက်ဖွယ်ကောင်းသော
အငွေ့အသက်တစ်ခု ထွက်ပေါ်လာသည်။

ခဏအကြာတွင် အထက်မှ
အဖြူရောင်အလင်းတန်းတစ်ခု
လင်းလက်လာသည်။

ဝမ်အရှူးမလေးက အနည်းငယ်
မျက်မှောင်ကြုတ်ကာ လက်သီးများကို
ဆုပ်ထားသည်။ သို့သော်
ဘာမှတော့မလုပ်ခဲ့ပေ။

ဤအတောအတွင်း
အဖြူရောင်အလင်းတန်းဟာ အန်နန်ကျင်း

ပေါ်သို့ ကျရောက်လာသည်။ အဖြူရောင်
အလင်းတန်းကို ရှင်းရှင်းလင်းလင်း
သတိပြုမိသောကြောင့် အန်နန်ကျင်းဟာ
တိုက်ခိုက်နေတာရပ်ပြီး
လှံကိုမြှောက်ကာပင့်ထိုးလိုက်သည်။

ဤအချိန်တွင် လက်ဝါးတစ်ဖက်က
သူမ၏လှံကို ဖိချလိုက်သည်။

အုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်
အန်နန်ကျင်း နှင့်သိုင်းချီလင် ဟာ ၃
ကီလိုမီတာအကွာသို့
လွင့်ထွက်သွားခဲ့သည်။

အဖြူရောင်အလင်းတန်းများ
ပြန့်ကျဲသွားခိုက်
အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးတစ်ဦး
ပေါ်လာသည်။

ရှီရှုဟန်... ။

ပျက်စီးသွားပြီဖြစ်သော
အင်မော်တယ်အိမ်တော်၏တည်ထောင်သူ
ဘိုးဘေး....

အန်နန်ကျင်းကို တိုက်ခိုက်ပြီးနောက်
ရှီရှုဟန်က မူလနဂါးဖက်သို့ လှည့်ပြီး
လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

အုန်း...

မူလနဂါးဟာ ခုခံနိုင်စွမ်းမရှိဘဲ
မြေပြင်ပေါ်သို့ ပြုတ်ကျသွား၏။
အောက်မြေပြင်မှာ ရောမတွင်းနက်ကြီး
ပေါ်လာသည်။

တစ်ချိန်တည်းမှာပင် ရီရှူဟန် က အဝေးရှိ
မူလနတ်ဆိုးကျား ကို လှည့်ကြည့်ပြီးနောက်
လက်ခုပ်တီးလိုက်သည်။

ဘမ်း...

နတ်ဆိုးကျား၏ ဘေးပတ်ပတ်လည်ရှိ

အာကာသဟာ ချက်ချင်းဆိုသလို

ကွဲထွက်သွားသည်။

ရောမကျားကြီးတစ်ကောင်

အသွင်ပြောင်းထားသည့် နတ်ဆိုးကျားဟာ

လွင့်ပျံထွက်သွားခဲ့သည်။

တစ်ကိုယ်လုံးကနေ သွေးများ

ပန်းထွက်နေခဲ့သည်။

လက်ရှိတွင်
နွားနတ်ဆိုးတစ်ကောင်တည်းသာ
ကျန်ရှိတော့သည် ။

ရီရှုဟာန် က နွားနတ်ဆိုးကြီးဖက်
လှည့်ကြည့်လိုက်ရာ
ဒဏ်ရာဗလပွဖြစ်နေသောကြောင့်
အချိန်မဖြုန်းချင်တော့ပေ။

ခပ်လှမ်းလှမ်းရှိ နှင်းပွင့်လေးကို
စိုက်ကြည့်နေသည်။

ဝမ်အရူးမလေးက ချက်ချင်းဆိုသလို
ရှေ့တက်လာပြီး ပိတ်ရပ်လိုက်သည်။

ရီရှူဟာန်၏ အကြည့်များက
အေးခဲနေလေသည်။ ဒီအချိန်မှာ
ဘေးလှည့်ကြည့်လိုက်သည်။
ဒဏ်ရာဗလပွဖြစ်နေသော

နွားနတ်ဆိုးကြီးက ပုဆိန်ကိုကိုင်ထားရင်း
ပြေးဝင်လာသည်။

သူမ၏ပါးစပ်ထောင့်တွင်
လျှောင်ပြောင်သံသဲ့သဲ့ ထွက်ပေါ်လာပြီး
နေရာမှာပင် ဖျတ်ခနဲ
ပျောက်ကွယ်သွားခဲ့သည်။

ဆူး...

အေးစက်သော အလင်းတန်းတစ်ခုဟာ

နွားနတ်ဆိုး၏ အစာအိမ်ထဲသို့

ထိုးဖောက်သွားသည်။

နွားနတ်ဆိုး၏ခန္ဓာကိုယ်ကြီးက

ချက်ချင်းပင် တောင့်တင်းသွားခဲ့သည်။

ဤအချိန်တွင် ရီရှုဟန် က မရပ်ဘဲ

လက်ဝါးတစ်ဖက်မြှောက်ပြီး

နွားနတ်ဆိုး၏ကျောပေါ် ရိုက်ချလိုက်သည်။

ဘမ်း...

နွားနတ်ဆိုးဟာ ချက်ချင်းပင် မြေပြင်ပေါ်သို့ ပြုတ်ကျသွားပြီး သွေးများ ဖြန်းခနဲ ပန်းထွက်လာသည်။
ရောနွားခန္ဓာကိုယ်ကြီးက တစ်လက်မချင်းစီ ကွဲသွားသည် ။

ရီရှုဟန် က မရပ်သေးဘဲ အဝေးက နွားနတ်ဆိုးကို လက်ဝါးဖြင့် လှမ်းရိုက်လိုက်သည်။

နွားနတ်ဆိုး ပတ်ပတ်လည်ရှိ အာကာသဟာ

ချက်ချင်း ကွဲထွက်သွားသည်။
၎င်း၏ခန္ဓာကိုယ်ကလည်း
ပွင့်ထွက်သွားခဲ့သည်။ ခဏအကြာတွင်
ပုဆိန်ကိုင်ထားလျက်သားဖြင့်
မြေပြင်ပေါ်သို့ ပြုတ်ကျလာသည်။
နွားနတ်ဆိုး၏မျက်လုံးထဲမှာလည်း
အရောင်များမှိန်သွားခဲ့သည်။

ဤမြင်ကွင်းကြောင့် နှင်းပွင့်လေးက
ဒေါသတကြီးဖြစ်ကာ ရှီရှုဟန်
ကိုတိုက်ခိုက်ရန်ပြင်သည်။ သို့သော်

ဝမ်အရှုးမလေးက တားလိုက်၏။
သူကိုယ်တိုင်လည်း
လူသတ်ချင်စိတ်အပြည့်ဖြင့် ရီရှုဟန်
ကိုစိုက်ကြည့်နေသည်။

ဤအချိန်တွင် ရီရှုဟန် က လက်နှစ်ဖက်ကို
နောက်ပစ်ထားလိုက်ပြီး
အေးစက်စွာပြုံးကာ "ဝိညာဉ်ဖန်ဆင်းရှင်
လား"

ပြောပြီးသည်နှင့်
တိုက်ခိုက်ရန်ပြင်လိုက်သော်လည်း
ရွှေရောင်အလင်းတန်းတစ်ခုပြေးဝင်လာသ
ဖြင့် လှည့်ပြီးရင်ဆိုင်လိုက်ရသည်။

မြေပြင်ပေါ်မှာ လဲကျနေသော မူလနဂါးက
ကုန်းရုန်းထလာပြီး
တိုက်ခိုက်လာတာဖြစ်သည်။

ရီရှုဟာန် နှင့် နှင်းပွင့်လေးတို့ကြားမှာ
ကာရပ်ထားရင်း ဒေါ်သတကြီး
မျက်လုံးကြီးများဖြင့် စိုက်ကြည့်နေသည်။

ရီရှုဟာန် က ဘာမှမထူးခြားသလိုပဲ မူလ
နဂါးကို စိုက်ကြည့်ရင်း

"သန့်စင်လိုက်တဲ့ သွေးမျိုးဆက်နဲ့
နဂါးအစစ်တစ်ကောင်လား။ တကယ့်ကို
ရှားရှားပါးပါး မြင်ကွင်းပါ။ နင်သာ
ငါနဲ့အဆင့်တူဖြစ်နေရင်တော့ ငါ

ကြောက်ရလိမ့်မယ်။ ကံမကောင်းစွာပဲ၊
နင်က အခု ငါ့အတွက်
ပုရွက်ဆိတ်တစ်ကောင်နဲ့ မခြားဘူး”

စကားပြောပြီးသည်နှင့် သူမ၏လက်ကို
ညင်သာစွာ မြှောက်လိုက်သည်။
အပေါ်ဖက်မှ ပြင်းထန်သော
ဖိအားလှိုင်းလုံးကြီး ရွေ့လျားလာပြီး
ဆင်းသက်လာသည်နှင့်အမျှ
ပိုမိုပြင်းထန်လာခဲ့သည်။ အဆုံးတွင်
မူလနဂါး အပေါ်သို့ ဖိချလာပါတော့သည်။

မူလနဂါး၏မျက်လုံးထဲမှ
ရက်စက်မှုများပြည့်လာပြီး
ဒေါသတကြီးဟိန်းသံပေးလျက်အပေါ်သို့
ပျံတက်သွားသည်။

အုန်း...

ကောင်းကင်ကြီး တုန်ခါသွားပြီးနောက်
သနားစရာ အော်သံတစ်သံ
ထွက်ပေါ်လာသည်။

မူလနဂါး၏အသံ ပါ။

ဖိအားက ၎င်း၏အကြေးခွံများကို
ချက်ချင်းခွဲထုတ်ပစ်လိုက်သည်။

သို့သော် နောက်ဆုတ်မသွားခဲ့ပေ။

အနည်းငယ်တောင်
နောက်ပြန်ဆုတ်မလာပေ။

ပြင်းထန်လှသော ဖိအားကို
တောင့်ခံနေရင်းဖြင့်
မူလနဂါး၏ရောမခန္ဓာကိုယ်ကြီးဟာတုန်ယ
င်နေခဲ့လေသည်။

ဤအတောအတွင်း ဝမ်အရှူးမလေးက
ကောင်းကင်ကို မော့ကြည့်လိုက်သည်။
ကူညီချင်သော်လည်း မတတ်နိုင်ပေ၊
နှင်းပွင့်ကို ချန်ထားခဲ့လို့မရပါ။

လူတိုင်း၏ စစ်မှန်သော ရည်ရွယ်ချက်ဟာ
နှင်းပွင့်လေး ဖြစ်နေသောကြောင့်ပင်။

ဘမ်း...

ကျယ်လောင်သော ပေါက်ကွဲသံနှင့်အတူ
ရောရှေရောင်နဂါးကြီးဟာ
အောက်သို့ပြုတ်ကျသွားသည်။

မူလနဂါးဟာ သန်မာနေသည့်တိုင်အောင်
ရီရူဟာန် နှင့်ယှဉ်ပါက
အတော်ကိုအားနည်းပါသည်။

နှစ်ဖက်ကြားတွင် ကိုက်ညီမှု မရှိခဲ့ပါ။

မူလနဂါးကို ကိုင်တွယ်ပြီးသည်နှင့်
ရီရှုဟန်က နှင်းပွင့်လေးကို
စိုက်ကြည့်နေသည်။

ရီရှုဟန်က
နှင်းပွင့်၏မျက်ရည်ဝဲနေသောမျက်လုံးလေး
များကို စိုက်ကြည့်ကာ
"နင်ဝမ်းနည်းနေတာလား၊ ဟားဟား...
ပိုဆိုးတာတွေ လာမယ်။ နင်နဲ့
ပတ်သတ်နေတဲ့သူအားလုံးကို
ငါသတ်ပစ်မယ် ။ ဝိညာဉ်ဖန်ဆင်းရှင်

အပါအဝင် နင်တို့အားလုံး ကို
ငါ့လက်နဲ့သတ်ပစ်မယ်”

စကားပြောပြီးနောက် နှင်းပွင့်လေးနှင့်
ဝမ်အရူးမလေးတို့အား
တိုက်ခိုက်လိုက်သည်။

သို့သော်လည်း သေဆုံးခါနီးဖြစ်နေသော
မူလနဂါးက ရီရှူဟာန်
ကိုတိုက်ခိုက်လာသည်။

ရီရှုဟာန်၏ သတ်ဖြတ်လိုစိတ်က
မူလနဂါးဆီသို့ ကျရောက်သွားသည်။

ခလွပ်...

မူလနဂါး၏ရွှေရောင်နဂါးခေါင်းဟာ
ချက်ချင်းအက်ကွဲလာပြီး
သွေးများတလဟော ပန်းထွက်လာသည်။

ရီရှုဟန်၏ ပါးစပ်ထောင့်မှ
ပြင်းထန်သောအပြုံးတစ်ခုထွက်ပေါ်လာပြီး
"ငါက နဂါးကို တစ်ခါမှမသတ်ဖူးဘူး၊ ဒါဆို
ဒီနေ့စမ်းကြည့်ရတာပေါ့"

ထို့နောက် သူမ၏ညာလက်သီးကို
ဖြည်းညှင်းစွာ ဆုပ်လိုက်သည်။

ခလွပ်...

ပတ်ပတ်လည်ရှိ အာကာသပြင်သည် ပြင်းထန်စွာ တုန်လှုပ်သွားခဲ့လေသည်။

Translated By NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၇၈၈ -

ခလွပ်

အာကာသပြင်သည် လုံးလုံးလျားလျား
အက်ကွဲကာ အဆက်မပြတ်
တုန်ခါသွားသည်။ ထို့နောက်တွင်
ကြောက်မက်ဖွယ်ဖိအားလှိုင်းကြီးတစ်ခု
ထွက်ပေါ်လာပြီး
မူလနဂါးထံတည့်တည့်ကျဆင်းသွားသည်။

နီးကပ်လာသော တိုက်ခိုက်မှုကို
စိုက်ကြည့်ရင်း မူလနဂါး၏မျက်လုံးထဲမှာ
ဝမ်းနည်းမှုများ ရှိနေခဲ့သည်။

နှင်းပွင့်လေးနှင့် ဝမ်အရှုံးမလေးတို့အား
တစ်ချက်ကြည့်လိုက်ပြီးနောက်
မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်သည်။

နှင်းပွင့်ကို
ကာကွယ်ပေးပါဟုပြောလိုက်တာပါ။

နှင်းပွင့်လေးက မျှော်လင့်ချက်အပြည့်ဖြင့်
ဝမ်အရှုံးမလေး၏လက်ကို ပုတ်လိုက်သည်။

ဝမ်အရှုးမလေးက ကောင်းကင်ကို မော့ကြည့်လိုက်သည်။ မူလနဂါးကို ကယ်တင်ချင်သော်လည်း အဘိုးကြီးက သူတို့နှစ်ယောက်ကို ပစ်မှတ်ထားဆဲပင်။

မူလနဂါးကို ကယ်တင်လိုက်လျှင် နှင်းပွင့်လေးက အဖမ်းခံလိုက်ရပေမည်။

ဝမ်အရူးမလေးက မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်သည် “အဖိုး၊ ငါ ဘာလုပ်ရမလဲ”

ဤအချိန်မှာပဲ အောက်ဖက်မှ စူးရှသော ဓားအူသံကြီး ပေါ်တင်ထပ်လာသည်။ တစ်ဆက်တည်းမှာ မြေပြင်အောက်မှတလက်လက်တောက်ပ နေသောအလင်းတန်းတစ်စင်း ထိုးတက်လာသည်။

ဝမ်အရူးမလေး အပါအဝင် လူတိုင်း
အောက်ကို ကြည့်လိုက်ကြသည်။

အစိမ်းရောင်ဝတ်စုံဝတ်အမျိုးသားတစ်ဦး
ဟာ
တိမ်တိုက်များပေါ်သို့လွင့်မျောလာသည်။

သိပ်မကြာလိုက်ပေ၊ သူဟာ
မူလနဂါးရှေ့တွင် ပေါ်လာခဲ့သည်။

ဝုစ်...ဝုစ်...

အလင်းတန်းနှစ်စင်းဟာ ကောင်းကင်ကို ပိုင်းဖြတ်သွားပြီးနောက် ရီရှုဟန်၏ တိုက်ခိုက်မှုသည် အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားခဲ့သည်။

ရီရှုဟန်၏ မျက်လုံးများ အနည်းငယ် ကျဉ်းမြောင်းသွားပြီး "မဆိုးပါဘူး ၊ နင်က

ပိုသန်မာလာတယ်။ ဒါက ငါ့ကို
ပိုစိတ်ဝင်စားဖို့ကောင်းစေတယ်”

ယန်ယဲ့က သူမကို တစ်ချက်ကြည့်လိုက်ပြီး
“ငါ့ကို အချိန်တစ်ခုပေးပါ။ ဒါ ပြဿနာ
မဟုတ်ဘူး ဟုတ်တယ်မလား”

သူမက ပြုံးပြီး “ဟုတ်ပါတယ်။ အခု
နင့်ကိုယ်နင် ထုတ်ဖော်လိုက်ပြီဆိုတော့
အဲဒီအမျိုးသမီးလည်း
ရောက်နေလောက်ပြီ”

အဲဒီမိန်းမငယ်လေး ။

ရှီရှုဟန် က တျန်းရှူအကြောင်းကို ပြောနေတာပါ။

ယန်ယဲ့က ပြန်လှည့်ကြည့်လိုက်ပြီး မှူလနဂါးကို စိုက်ကြည့်လိုက်တော့ သူ့နှလုံးသားက နာကျင်သွားသည်။

ကြောက်စရာကောင်းလိုက်တဲ့ ဒဏ်ရာတွေ။

မူလနဂါး၏ ရွှေခန္ဓာကိုယ်ဟာ လုံးဝကို
ပုံပျက်သွားခဲ့ပါပြီ။ ၎င်း၏အကြေးခွံများ
လုံးဝပျက်စီးသွားပြီး ဦးခေါင်းမှာပင်
ကွဲအက်သွားခဲ့သည်။ ဒဏ်ရာများက
သေခါနီးအထိကို ပြင်းထန်လွန်းသည်။

သင်္ချိုင်းကို
ခြေတစ်ဖက်လှမ်းနေပြီဟုတောင်
ပြောရပေတော့မည်။

ယန်ယဲ့က အနားကို လျှောက်သွားပြီး
နဂါးဦးချိုကို ညင်သာစွာ ကိုင်လိုက်ကာ
“ကျေးဇူးတင်ပါတယ်”

ဤအချိန်တွင် နှင်းပွင့်လေးက
ယန်ယဲ့အနားမှာ ပေါ်လာသည်။ သူမက
ယန်ယဲ့ကို ပွေ့ဖက်ကာ
ငိုကြွေးပါတော့သည်။ ထို့နောက် အငိုရပ်ပြီး
မူလနဂါး၏ဦးချိုများကို ညင်သာစွာ
ပွတ်သပ်လိုက်သည်။

ယန်ယဲ့က သူ၏ညာလက်ကို ဝှေ့ယမ်းကာ
မူလနဂါးကို အထဲပြန်ပို့လိုက်သည်။

ထို့နောက် ခပ်လှမ်းလှမ်းက
နွားနတ်ဆိုးကိုစိုက်ကြည့်လိုက်သည်။
နွားကြီးက မလှုပ်မယှက်
လဲလျောင်းနေခဲ့သည်။

သူ၏အငွေ့အသက်က
ပျောက်ကွယ်ခါနီးအလား
အားနည်းလှသည်။

အကယ်၍ မူလနဂါးသာ နောက်ဆုံးအခိုက်
လက်မငှားပါက နွားနတ်ဆိုးဟာ
အသက်တစ်ဝက်ပင် မကျန်တော့ပေ။

၎င်း၏ခန္ဓာကိုယ်က မူလနဂါးနှင့်
ယှဉ်ရင်များစွာနိမ့်ကျသည့်အတွက်
ရီရှုဟန်၏ တိုက်ခိုက်မှုများစွာကို မခံနိုင်ပါ။

နှင်းပွင့်လေးက နွားနတ်ဆိုး၏အဖြစ်ကို
တွေ့သောအခါ ချက်ချင်းငိုတော့သည်။
သူမ၏ ခန္ဓာကိုယ်သေးသေးလေးက
တဆက်တည်းတုန်ရီနေလေသည်။

ယန်ယဲ့က နွားနတ်ဆိုး ဆီသို့
လျှောက်သွားသည်။ နောက်မှ တစ်ချက်
ကြည့်လိုက်ပြီးနောက် သူ့မျက်နှာက မှုန်ကုပ်
သွားသည်။

နွားနတ်ဆိုး၏ဒဏ်ရာများက
မူလခရမ်းရောင်စွမ်းအင်ဖြင့်ပင်
ကုသပေးရန်မဖြစ်နိုင်သလောက်ပါ။

ယန်ယဲ့ဟာ စိတ်ထဲ တစ်ခုခုကို
တွေးမိသည့်အလား သူ့မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်ပြီး
"ထာဝရစွမ်းအင်..."

ယန်ယဲ့က

လက်ညှိုးတစ်ချောင်းဆန့်ထုတ်ကာ

ထာဝရစွမ်းအင်ကြိုးမျှင်တစ်ချောင်းထည့်

ပေးလိုက်သည်။ ထို့နောက်

သူ၏ညာလက်ကို ဝှေ့ယမ်းကာ

နွားနတ်ဆိုးကို

မူလစေတီထဲသို့ပြန်ပို့လိုက်သည်။

တစ်ဆက်တည်း နှင်းပွင့်ကို စိုက်ကြည့်ကာ

“အထဲကို ဝင်သွားပြီး ကူညီလိုက်”

နှင်းပွင့်လေးက ကမန်းကတန်း
ခေါင်းညိတ်ကာ မူလစေတီထဲကို
ဝင်သွားလေတော့သည်။

မူလခရမ်းရောင်စွမ်းအင် သီးသန့်ဖြင့်
နွားနတ်ဆိုးနှင့် မူလနဂါးကို
ကယ်တင်ရန်မဖြစ်နိုင်ပေ။
ထာဝရစွမ်းအင်ပါ ထည့်ပေါင်းရင်တော့
ဖြစ်နိုင်ပါသည်။ သို့သော် ၎င်းကလည်း
အလုပ်ဖြစ်မည်ကို မသေချာပါ။

နှစ်ကောင်လုံးက
သေခါနီးဆဲဆဲကိုဖြစ်နေကြတာပါ။

ယန်ယဲ့က သူ့အတွေးများကို ထိန်းကာ
ဝမ်အရှူးမလေးကို စိုက်ကြည့်ပြီး “မင်းကော
ဘယ်လိုလဲ”

ဝမ်အရှူးမလေးက ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
လက်နက်ကိုင်အမျိုးသားကို
ကန်ထုတ်လိုက်ပြီး “ဒီလူက

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်က
ဖြစ်တယ်လို့ အဲဒီဘိုးကြီးပြောခဲ့တယ်။
ဒီတော့ ငါတို့က သူ့ကိုသတ်လို့မရဘူး။
အစ်ကိုကြီးယန်၊ နင်ဘယ်လိုထင်လဲ”

ယန်ယဲ့က ပြောခါနီးတွင်
မီးခိုးရောင်ဝတ်အဘိုးကြီးဟာ
ရုတ်တရက်စကားဖြတ်ပြောသည် “ယန်ယဲ့၊
သူက
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်ရဲ့
တတိယမင်းသားလေးပဲ။ မင်း ...”

ယန်ယဲ့က အဘိုးကြီးအား
တစ်ချက်မျှပင်ဂရုမစိုက်ဘဲ ကောင်းကင်ကို
မော့ကြည့်ကာ "သူ့ကိုသတ်လိုက်ပါ"

ဝမ်အရှူးမလေး၏ နှုတ်ခမ်းထောင့်မှ
ရက်စက်ကြမ်းကြုတ်သော
အပြုံးတစ်ခုပေါ်လာသည်။ ထို့နောက်
သူမ၏ပါးစပ်ကိုဟကာ စုပ်ယူလိုက်သည်။

ဆူး…

စုပ်ယူအားတစ်ခုပေါ်လာပြီး လက်နက်ကိုင်
အမျိုးသားကို ဆွဲယူကာ
ဝမ်အရှုးမလေး၏ပါးစပ်ထဲကို
ဝါးမျိုခံလိုက်ရသည်။

သူ့ကို အရှင်လတ်လတ်စားလိုက်တာလား။

မီးခိုးရောင်ဝတ်အဘိုးကြီး၏မျက်လုံးများ
ဟာ ထိတ်လန့်ကြောက်ရွံ့မှုများနှင့်
ပြည့်နှက်နေပြီး "အား...၊ မင်းက
ဘယ်သူလဲ"

ဝမ်အရှုးမလေးက
မီးခိုးရောင်ဝတ်အဘိုးကြီးကို စိုက်ကြည့်ရင်း
"ခွေးအိုကြီး။ နင့်ကြောင့်သာမဟုတ်ရင်
နွားမိုက်နဲ့ ဒီငတုံးနဂါးက
ဒီလောက်ပြင်းထန်တဲ့ ဒဏ်ရာရမှာ

မဟုတ်ဘူး။ ငါ နင့်ကို
အရှင်လတ်လတ်စားမယ်”

ဒေါသတကြီးပြောပြီးနောက်
ခြေတစ်ချက်ဆောင့်၍ လေထဲသို့
ခုန်တက်သွားသည်။

ထို့နောက် အဘိုးကြီးအထက်မှာ ပေါ်လာပြီး
သိုင်းနတ်ဘုရားအုတ်ဂူဖြင့်
ထုချလိုက်လေသည်။

အဘိုးကြီးဟာ ပေါ့ပေါ့ဆဆ ပြုမူဝံ့ခြင်း မရှိပေ။ လက်သီးနှစ်ဖက်ကို တင်းတင်းဆုပ်ထားပြီး အပေါ်ကို ဆောင့်ထိုးလိုက်သည်။

အုန်း....အုန်း...

ပေါက်ကွဲသံ နှစ်ချက် ပဲ့တင်ထပ်လာပြီး အဘိုးကြီးဟာ ပြုတ်ကျသွားပါသည်။

ဝမ်အရှုးမလေးက မရပ်တန့်ဘဲ
ထပ်ပြီးတိုက်ခိုက်လိုက်သည်။

ဤအချိန်တွင် ယန်ယဲ့က သူ့အကြည့်ကို
ဖယ်လိုက်ပြီး ရီရှုဟန် ရှေ့မှာ
ချက်ချင်းပေါ်လာသည်။

သူမက ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး
"နင် နတ်ဓားတစ်ချောင်းရပြီ။ မဆိုးဘူး၊

မဆိုးဘူး။ နင်အရင်ကထက် အများကြီး ပိုသန်မာတယ်။ လာ၊ နင်ဘယ်လောက်တောင် သန်မာနေပြီလဲ ကြည့်ရအောင်။ နင်...”

သူမ၏အသံက  ရုတ်တရက်ရပ်သွားပြီး လက်နှစ်ဖက်နဲ့ ရှေ့ကို လှမ်းဆုပ်လိုက်သည်။

ယန်ယဲ့၏ခါးပုံနှစ်ချောင်းကို ချက်ချင်းဖမ်းဆုပ်ထားလိုက်သည်။

ဓားပျံနှစ်ချောင်းက ရီရှုဟန်ကို ခြိမ်းခြောက်နိုင်စွမ်းမရှိပေ။

ရီရှုဟန် က ဓားပျံနှစ်ချောင်းကို နောက်ပြန်ပစ်လွှတ်လိုက်သည်။ အရှိန်က ယန်ယွဲ့ထက်ပင် ပိုမြန်နေ၏။

ယန်ယွဲ့၏အမူအရာက မပြောင်းလဲဘဲ ရှေ့သို့နှစ်လှမ်းတိုးလိုက်ရုံပင်။ သူ၏ခါးမှ

ဘူးသီးနက်က
အနည်းငယ်တုန်ခါသွားပြီးနောက်
ဓားများကို စုပ်ယူလိုက်လေသည်။

ယန်ယဲ့က ရှီရှုဟန် ကိုစိုက်ကြည့်ရင်း
"တကယ်ပဲ အဆင့် ၄ ဖြစ်နေတာကိုး။
ကောင်းလိုက်တာ၊ ငါလည်း အဆင့် ၄
တစ်ယောက်ကို
သတ်နိုင်မလားကြည့်ရအောင်"

ရီရှုဟန် က
လက်နှစ်ဖက်ကိုနောက်ပစ်ထားလိုက်ရင်း
ယန်ယွဲ့ဆီသို့ ဖြည်းညှင်းစွာ
လျှောက်သွားကာ “အဆင့် ၄
ကိုသတ်မလို့လား။ ဟား… ဉာဏ်မဲ့လိုက်တဲ့
ပုရွက်ဆိတ်။ ငါဟာ လွန်ခဲ့တဲ့
နှစ်ရာဂဏန်းလောက်ကတည်းက အဆင့် ၄
ကို ရောက်ခဲ့တာ မင်းသိလား။ ငါက အဆင့်
၅ ကို မရောက်သေးပေမယ့် သာမာန်
အဆင့် ၄ တွေနဲ့ဘယ်လိုနှိုင်းယှဉ်မှာတုန်း”

သူမက ရပ်လိုက်ပြီး "ယန်ယဲ့၊
ငါတည်ဆောက်ထားတဲ့
အင်မော်တယ်အိမ်တော်က နင့်လက်ချက်နဲ့
ပျက်စီးသွားပြီ။ အဲဒါအတွက် နင့်ကို
အဆတစ်ရာပြန်ပေးခိုင်းမယ်"

စကားပြောပြီးသည်နှင့် သူမ၏
မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်သည်။
လောကတစ်ခုလုံးဟာ တဖြည်းဖြ
ည်းအရောင်မှိန်ကျလာသလိုပင်။

ရှီရှုဟာန် ထုတ်ဖော်လိုက်သည့် ခွန်အားက

ထာဝရနယ်နိမိတ်၏အကာအကွယ်စွမ်းအား

ဖြင့် ခုခံထားနိုင်သော အရာမဟုတ်ပေ။

သူမ၏ခွန်အားက ထာဝရနယ်နိမိတ်ရှိ

အာကာသနှင့် ဥပဒေသအားလုံးကို

ဖျက်ဆီးရန် လုံလောက်ပါသည်။

ယန်ယဲ့၏မျက်လုံးများ အနည်းငယ်
ကျဉ်းမြောင်းသွားသည်။ ဘူးသီးနက်က
တဖြည်းဖြည်းတုန်လှုပ်လာကာ အထဲကနေ
တရားစီရင်ရေးဓား ပျံထွက်လာသည်။

ဤအခိုက်အတန့်တွင် ရှီရှူဟန်က
ရုတ်တရက် မျက်လုံးပွင့်လာပြီး
မော့ကြည့်လိုက်သည်။ သူမ၏အကြည့်က
တစ်စုံတစ်ခုကို မြင်လိုက်ရပုံရပြီး
မျက်လုံးထဲကနေ

ရက်စက်ကြမ်းကြုတ်သောအမူအရာတို့
ပေါ်လာသည်။ ထို့နောက်မှာတော့
ရီရှုဟန်၏ပုံရိပ်ဟာ
နေရာမှာပင်ဝေဝါးသွားခဲ့သည်။

ယန်ယွဲ့သည် ဤရုတ်တရက်
အပြောင်းအလဲကြောင့် အံ့သြသွားသည်။
သူမ ထွက်ပြေးသွားပြီလား။

ရီရှုဟာန် က ဒီအတိုင်း
ထွက်ပြေးသွားတာလား။ ဘာလဲဟ...

ယန်ယဲ့ က မျက်မှောင်ကြုတ်လိုက်သည်။
အချိန်တော်တော်ကြာသည့်တိုင်အောင်
ရီရှုဟာန် ပြန်မလာသေးသောကြောင့်
လစ်လျူရှုကာ အန်နန်ကျင်း
ဖက်လှည့်လိုက်ပါသည်။

ဤအချိန်တွင် အန်နန်ကျင်းက
အကန့်အသတ်ချိုးဖျက်နယ်ပယ် ၈

ဦးနှင့်တိုက်ခိုက်နေ၏။
သူမ၏ခန္ဓာကိုယ်အနှံ့မှာလည်း
ဒဏ်ရာအပြည့်ပါ။

ယန်ယဲ့က ရှေ့တစ်လှမ်းတိုးလိုက်သည်။

ဆူး...

အလင်းတန်းတစ်ခုက ကောင်းကင်ကို
ဖြတ်သွားသည် ။ အန်နန်ကျင်း

နောက်ကွယ်ရှိ အဆင့် ၃ ပညာရှင်ဟာ မျက်နှာပျက်သွားပြီးတိုက်ခိုက်ရန်ပြင်လိုက်၏။ သို့သော်လည်း အလင်းတန်းက သူ၏လည်ချောင်းကိုထိုးဖောက်သွားပါတော့သည်။

ဆူး...

သူ့မျက်လုံးထဲကနေ အံ့သြမှုတို့အပြင် ပြုုးကျယ်သွားသည်။

မြန်လိုက်တာ။

သူ မသေခင် မခုခံနိုင်လောက်အောင်ကို မြန်ဆန်လွန်းသည်။

ထိုလူကို သတ်ပြီးနောက် ဓားပျံတစ်စင်း လင်းလက်လာပြီး အန်နန်ကျင်း၏ ညာဖက်ရှိ အဆင့် ၃ ပညာရှင်ဟာ ခေါင်းပြတ်သွားပြန်သည်။

ယန်ယဲ့က

အလစ်အငိုက်ဖမ်းတိုက်ခိုက်လိုက်တာပါ။

ဤအချိန်တွင် အခြားပညာရှင်များက

ယန်ယဲ့ဆီသို့ အာရုံပြောင်းလာသည်။

ယန်ယဲ့က အန်နန်ကျင်း အနားတွင်

ပေါ်လာပြီး သူမကို စိုက်ကြည့်ကာ “မင်း

တိုက်ခိုက်နိုင်သေးလား” ဟု
ပြောလိုက်သည်။

သူမက ယန်ယဲ့ကို တစ်ချက်ကြည့်ပြီးနောက်
အဆင့် ၃ ပညာရှင်ကို
တိုက်ခိုက်လိုက်သည်။

ယန်ယဲ့က သူ့မျက်လုံးကို
ဖြည်းညှင်းစွာမှိတ်လိုက်ပြီး
“သတ်ကြတာပေါ့။ တစ်ယောက်မှ
မကျန်အောင်သတ်ရမယ်”

ယန်ယဲ့ဟာ နေရာတွင်ပင်
ပျောက်ကွယ်သွားသည်။

...

အဆုံးအစမဲ့သော အာကာသထဲတွင်
ရီရှုဟန် က လျင်မြန်စွာလွင့်မျောနေခဲ့သည်။

အချိန်အတော်ကြာပြီးနောက်
ရပ်တန့်လိုက်သည်။ သူ့ရှေ့တွင်
ခပ်သေးသေး မိန်းမငယ်လေးတစ်ယောက်
ရပ်နေ၏။

မိန်းမငယ်လေးက လက်နှစ်ဖက်ကို
နောက်ပစ်ထားကာ
အဆုံးမဲ့ကြယ်တာရာကောင်းကင်ကြီးကို
မျှော်ကြည့်နေသည်။

ထို့နောက် ရီရှုဟန် ကို ရုတ်တရက် စိုက်ကြည့်လိုက်ပြီး "နင်ငါ့ကို လိုက်ရှာနေတာလား"

Translated By NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၇၈၉ -

ထိုမိန်းမငယ်လေးက
ပျောက်နေတာကြာပြီဖြစ်သော
တျန်းရှုပင်ဖြစ်သည်။

ရီရှုဟာန်က  တျန်းရှုကို
အချိန်အတော်ကြာအောင်
စိုက်ကြည့်နေသည် "ဒါနင့်ရဲ့အဓိက
ခန္ဓာကိုယ်မဟုတ်ဘူး"

၎င်းက တျန်းရှု၏ အဓိက
ခန္ဓာကိုယ်မဟုတ်ဘဲ သာမန်
ကိုယ်ပွားတစ်ခုသာ ယူဆနိုင်သည်။

တျန်းရှုက ရီရှုဟန်ကို ပြန်ကြည့်ကာ
“နင်ငါ့ကို လိုက်ရှာနေတာလား…”

ရီရှုဟန်က တိုက်ရိုက်ပင်
ခေါင်းညိတ်လိုက်သည် “မှန်တယ်”

တျန်းရှုက ခေါင်းညိတ်လိုက်ပြီး
“ထာဝရမြစ်နားမှာ နင့်ကို စောင့်နေမယ်”

ရီရှုဟာန်၏ မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားသည်။ သူမက
ထိုနေရာကို သဘာဝကျကျသိနိုင်သည်။
တျန်းရှု ရှိနေသည်ဟု မထင်ထားပေ။
အချိန်အတော်ကြာသွားပြီးနောက်
ရီရှုဟာန်က အကန့်အသတ်အာကာသထဲသို့

ပျောက်ကွယ်သွားသည်။သူမ၏ဦးတည်ရာ
က ထာဝရမြစ်ဆီသို့ပါ။

ရီရှုဟန် ထွက်သွားပြီးနောက် တိုက်ပွဲထဲကို
ယန်ယဲ့ ဝင်လာသည်နှင့် အခြေအနေက
တစ်မျိုးပြောင်းသွားသည်။
ဓားစွမ်းအင်အလင်းတန်းများဟာ
တိမ်တိုက်များအကြားသို့ ရံဖန်ရံခါ
တောက်ပလာကာ ဤနေရာရှိလူတိုင်း
ထိတ်လန့်ကုန်ကြသည်။

တစ်ချိန်တည်းမှာပင် လူတိုင်း

ကြောက်ရွံ့တုန်လှုပ်မှုကို ခံစားမိကြသည်။

ယန်ယဲ့ဝင်ပါလာပြီးကတည်းက

အကန့်အသတ်ချိုးဖျက်နယ်ပယ်များ

တစ်ယောက်ပြီးတစ်ယောက်

အသတ်ခံလိုက်ကြရသည်။

ကံကောင်းထောက်မစွာ လူတိုင်းက

လက်ရှိတွင်

သတိအပြည့်ထားနေသောကြောင့် ယန်ယဲ့

ဟာ ချက်ချင်းသတ်ပစ်ရန်
မဖြစ်နိုင်လောက်အောင်ပင်။

“ဆူး...”

ဓားအလင်းတန်း တစ်ချက်ဟာ
တိမ်တိုက်များကို ဖြတ်သွားပြီး
အဆင့်(၃)အကန့်အသတ်ချိုးဖျက်နယ်ပယ်
၏ ခေါင်းက လေထဲသို့ ပျံတက်သွားသည်။
ယန်ယဲ့က ဆက်ပြီး တိုက်ခိုက်ခါနီးတွင်
အကန့်အသတ်ချိုးဖျက်နယ်ပယ် အချို့က

သူ့ဆီကို ခုန်ဝင်လာသည်။ လူတိုင်းက
အန်နန်ကျင်း ကျန်းယွဲ့တို့အစားယန်ယွဲ့ကို
အရင်ဆုံးတိုက်ခိုက်ရန်
ဆုံးဖြတ်လိုက်ကြပုံရသည်။

ယန်ယွဲ့၏မျက်နှာက
ဘာမှထူးခြားမသွားပေ။
မီတာအနည်းငယ်အကွာတွင်
ယန်ယွဲ့၏လက်ထဲ၌ ဖန်သားပြင်ကဲသို့
တလက်လက်တောက်ပနေသော
ဓားတစ်ချောင်းပေါ်လာသည်။

သူက တရားစီရင်ရေးဓားကို
ပထမဆုံးအကြိမ် ထုတ်သုံးလိုက်တာပါ။
ခဏအကြာတွင်
တလက်လက်တောက်ပနေသော
အလင်းတန်းတစ်ခု ပြေးထွက်သွားသည်။

"ဆူး..."

ဓားအလင်းတန်းက အာကာသကို

ဖြတ်သွားတိုင်း ချက်ချင်း ပြိုကျသွားကာ

ရှေ့ဆုံးက ပြေးထွက်လာသော

အကန့်အသတ်ချိုးဖျက်နယ်ပယ်က

ချက်ချင်း နှစ်ခြမ်းခွဲခံလိုက်ရသည်။

ကျန်ရှိနေသော

အကန့်အသတ်ချိုးဖျက်နယ်ပယ်များက

နေရာမှာတင် ထိတ်လန့်သွားပြီး

"ချက်ချင်း အသတ်ခံလိုက်ရတယ်"

တစ်ချိန်တည်းမှာပင် ဓားပျံနှစ်ချောင်းက ၎င်းဆီသို့ ပျံသန်းလာသည်။ ထိုလူကလည်း ရှောင်ချိန်ပင်မရလိုက်ဘဲ သူ၏ခေါင်းက သွေးစီးကြောင်းနှင့်အတူ လေထဲသို့ ပျံတက်သွားသည်။

“နောက်ဆုတ်ကြမယ်”.

ဤအချိန်တွင် တစ်စုံတစ်ယောက်က စတင် အော်ဟစ်လိုက်ပြီးနောက် မရေမတွက်နိုင်သော ပညာရှင်များက အနီး

ပတ်ဝန်းကျင်ဆီသို့ ကမန်းကတန်း
ထွက်ပြေးကြတော့သည်။

"ပြေးမယ်"

ဤအချိန်တွင် ယန်ယဲ့၏
ဓားတစ်ချက်ဆီတိုင်းက
အကန့်အသတ်ချိုးဖျက်နယ်ပယ်များကို
သတ်နိုင်သောကြောင့် ဘယ်သူကမှ
ဆက်ပြီး မတိုက်ခိုက်လိုကြတော့ပေ။

အန်နန်ကျင်းက ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်ပြီးနောက် "ငါတို့
လိုက်မှာလား..."

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။
အမှန်တော့ အစောပိုင်းမှာ အဆင့်၃
အကန့်အသတ်ချိုးဖျက်နယ်ပယ်များကို
ဆက်တိုက် သတ်ဖြတ်ခြင်းက လူတိုင်းကို
အလစ်အငိုက်ဖမ်းထားသောကြောင့်ပါ။
ယခုအချိန်မှာတော့ လူတိုင်းက

သတိထားနေပြီးဖြစ်ရာ သတ်ရန်
ခက်ခဲနေပါသည်။
မှန်သည်။  အရေးအကြီးဆုံးကတော့
အမှောင်ရိပ်ထဲတွင် ပုန်းအောင်းနေသူ
အများအပြားလည်း ရှိနေသေး၏။

ထိုပြင် အန်နန်ကျင်း ဓားစာလိပ် ကျန်းယွဲ့
နှင့် မူလနတ်ဆိုးကျားတို့ဟာ
ဒဏ်ရာအပြင်းအထန် ရရှိထားခဲ့သည်။
အကယ်၍ ဆက်ပြီး တိုက်ခိုက်နေပါက

နှစ်ဘက်စလုံး
အသေအပျောက်များပါလိမ့်မည်။

သူက မကြောက်သော်လည်း အန်နန်ကျင်း၊
ဓားစာလိပ်နှင့် ကျန်းယွဲ့ကို သူနှင့်အတူ
ဆွဲမချနိုင်ပါ။ ထို့ကြောင့်
စကြဝဠာပုံကြမ်းကိုသုံးပြီး ၎င်းတို့ကို
တားဆီးထားခြင်းမရှိတော့ပေ။

သိပ်ပြီးမကြာလိုက်ပေ ပတ်ဝန်းကျင်သည်
တဖြည်းဖြည်း ငြိမ်သက်သွားခဲ့သည်။

ယန်ယဲ့သည် တစ်နေရာကို
လှမ်းကြည့်လိုက်သည်။ ဝမ်အရှူးမလေးက
မီးခိုးရောင်အဘိုးကြီးကို တိုက်ခိုက်နေ၏။
ယန်ယဲ့က ဝင်ပါခါနီးတွင် ဓားစာလိပ်က
တားလိုက်သည်။

“ခဏစောင့်”

သူက ခဏတုံ့ဆိုင်းသွားပြီး
ခေါင်းညိတ်လိုက်သည်။
ဤအခိုက်အတန့်တွင် ဝမ်အရှူးမလေးက

သိုင်းနတ်ဘုရားအုပ်ဂူကို အသုံးချကာ
အဘိုးကြီးကို ထုထောင်းနေခဲ့သည်။

သူမသုံးနေသည်က  သာမန်ရိုးရှင်းသော
ရုပ်ခန္ဓာခွန်အားဖြစ်သည်။
ဝမ်အရူးမလေး၏ခွန်အားက
အလွန်ကြောက်စရာကောင်းလှသည်။
ဂူသင်္ချိုင်းကြီး ထုချလာတိုင်း သူတို့
ပတ်ပတ်လည် အာကာသက
တုန်လှုပ်သွားသည်။

မီးခိုးရောင်ဝတ်စုံဝတ်အဘိုးကြီးက ဝမ်အရူးမလေး၏ ရုပ်ခန္ဓာခွန်အားနှင့် ထိပ်တိုက် ရင်မဆိုင်နိုင်ရဲပေ။ သူ့ကိုယ်သူ လွတ်အောင်ရှောင်တိမ်းပြီး ခုခံရုံသာ တက်နိုင်သည်။ လက်ရှိတွင် သူက လုံးဝကို ဖိနှိပ်ခံနေရသည်။

ဓားစာလိပ်က ယန်ယဲ့၏ နံဘေးတွင်ပေါ်လာပြီး "သူမစိတ်ဆိုးနေတယ်"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ် အရမ်းဒေါသထွက်နေတယ်”

“အုန်း…”

ဒီအချိန်မှာပဲ

ပေါက်ကွဲသံတစ်ချက်ပဲ့တင်ထပ်လာပြီး

အုပ်ဂူဖြင့်

ရိုက်ချခံလိုက်ရသည်။ ခဏအကြာတွင်

သူက ဆက်ပြီးမတိုက်ခိုက်တော့ဘဲ

ထွက်ပြေးရန်ပြင်လိုက်တော့၏။

သို့သော်လည်း ဝမ်အရှုးမလေးက ဂူသင်္ချိုင်းကို ချလိုက်ပြီး လက်သီးဖြင့် လှမ်းထိုးလိုက်သည်။ လက်သီးချက်မှ ကြောက်မက်ဖွယ်ရာ စွမ်းအင်လှိုင်းများ ထွက်လာသည်။

၎င်းက ရှေးဟောင်းမီးတောင်တစ်ခုလိုပင် အလွန်ကြောက်စရာကောင်းလှသည်။ အဘိုးကြီးက အဝေးဆီသို့ လွင့်ထွက်သွားသည်။ အဆုံးတွင် မြေပြင်ပေါ်သို့ ပြုတ်ကျသွားသည်။

ထိုနေရာတွင်
ရောမအပေါက်ကြီးတစ်ခုပေါ်လာသည်။
အဘိုးကြီး ထခါနီးတွင် ဝမ်အရှုးမလေးက
သူ့ရှေ့တွင် ပေါ်လာသည်။ သူမ၏
ခြေထောက်သေးသေးလေးကို မြှောက်ပြီး
အဘိုးကြီး၏ ရင်ဘက်ကို
တက်နင်းထားလိုက်သည်။ ထို့နောက်
အဘိုးကြီးကို ငုံ့ကြည့်ရင်း နှုတ်ခမ်းကို
လျှာဖြင့် သပ်လိုက်သည်။

တစ်ချိန်တည်းမှာပင် သူ၏ ပါးစပ်ကို ဟကာ စုပ်ယူလိုက်သည်။

“အဘိုးကြီးကို မျိုချလိုက်တာလား…။ အရှင်လက်လက်မျိုချလိုက်တယ်”

ဓားစာလိပ်နှင့် ကျန်းယွဲ့ တို့ နှစ်ယောက်စလုံးသည် မျက်နှာပေါ်တွင် လေးနက်သော အမူအရာများ ရှိနေကြသည်။ အန်နန်ကျင်းလျှင်ပင်

မတတ်နိုင်ဘဲ ဝမ်အရှူးမလေးကို
ငုံ့ကြည့်လိုက်သည်။

"သူမ လူတွေကို စားနိုင်တာလား..."

"အရှင်လက်လက်စားနေတာ"

ယန်ယဲ့လည်း အံ့သြသွားသည်။
ဝမ်အရှူးမလေးပ နတ်ဆိုးများကို
ဝါးမျိုတတ်သော်လည်း လူသားများကို

ဝါးမျိုးမည်ဟု မမျှော်လင့်ထားခဲ့ပေ။
"သူမက အရှင်လက်လက်စားနေတာ ဝမ်လေးရဲ့သဘာဝက ဘာလဲ..."

ဤအချိန်တွင် ဝမ်အရူးမလေးက ယန်ယွဲ့နှင့် အခြားလူများထံလျှောက်လာသည်။

သူမက ယန်ယွဲ့ကို တစ်ချက်ကြည့်လိုက်ပြီး "အစ်ကိုကြီးယန်၊ ငါ့ဗိုက်ဆာနေသေးတယ်"

ယန်ယဲ့က အံ့အားသင့်သွားပြီး
ဘာပြောရမှန်း မသိတော့ပေ။

ဝမ်အရှုးမလေးက ရုတ်တရက်
ခေါင်းခါလိုက်ပြီး “နောက်မှစားမယ်။ ငါက
နွားမိုက်နဲ့ ဒီမိုက်မဲတဲ့နဂါးကို
သွားကြည့်ရမယ်” ဟုပြောပြီး
မူလစေတီထဲသို့ ဝင်သွားသည်။

ယန်ယဲ့သည်အချိန်အတော်ကြာ
တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။ ထိုနောက်
အန်နန်ကျင်းကို ကြည့်လိုက်သည်။

သူမက ခေါင်းကို
အနည်းငယ်ခါယမ်းကာ “ငါအဆင်ပြေပါတ
ယ်”

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး သူ့လက်ကို
ဝှေ့ယမ်းကာ လူတိုင်းကို မူလစေတီထဲသို့
ပို့လိုက်သည်။ မူလစေတီထဲတွင် ယန်ယဲ့က

လူတိုင်းကို နွားနတ်ဆိုးနှင့်
မူလနတ်ဆိုးနဂါးဆီသို့
ခေါ်ဆောင်သွားခဲ့သည်။

ဤအချိန်မှာ နှင်းပွင့်လေးက
နှစ်ယောက်စလုံးကို ဂရုစိုက်ပေးနေ၏။
ထာဝရစွမ်းအင်
မူလခရမ်းရောင်စွမ်းအင်တို့၏
အကူအညီဖြင့် နွားနတ်ဆိုး
မူလနတ်ဆိုးနဂါးတို့ကို

သေမင်းချောက်ကမ်းပါးမှ
ကယ်တင်နိုင်ခဲ့သည်။

နောက်ဆုံးတွင် ထိုစွမ်းအင်နှစ်ခုက
လောက၏ အဆင့်မြင့်
ကုသခြင်းသဘာဝစွမ်းအင်ပင်ဖြစ်သည်။
ထိုထာဝရစွမ်းအင်နှင့် မူလစွမ်းအင်သာ
မရှိရင်တော့ နွားနတ်ဆိုးနှင့်
မူလနတ်ဆိုးနဂါးတို့ဟာ
သေသွားလောက်ပြီးဖြစ်သည်။

နှင်းပွင့်က လူအုပ်ကို မြင်သောအခါ ယန်ယဲ့ပခုံးပေါ်သို့ ပျံတက်သွားသည်။ နွားနတ်ဆိုးနှင့် မူလနတ်ဆိုးနဂါးကို ညွှန်ပြလိုက်သည်။

ယန်ယဲ့က "ကောင်းပြီ။ သူတို့ပိုပြီး နေကောင်းလာလိမ့်မယ်" ဟုတိုးတိုးလေးပြောလိုက်သည်။

နှင်းပွင့်က ခေါင်းညိတ်ပြပြီး မူလနတ်ဆိုးကျားကို စိုက်ကြည့်နေသည်။

ရှီရှုဟန်က ကျားကို
ပစ်မှတ်မထားသောကြောင့် အခြားနှစ်
ကောင်နှင့်စာရင်
အခြေအနေပိုကောင်းသည်။ သို့သော်
နှင်းပွင့်၏အကြည့်များက
စိုးရိမ်ပူပန်မှုများဖြင့် ကြည့်နေသေးသည်။

ကျားက နှင်းပွင့်ကို လှမ်းကြည့်ပြီး ခေါင်းကို
အနည်းငယ် ခါယမ်းကာ
“အဆင်ပြေပါတယ်”

သူ့အခြေအနေက သိပ်တော့မဆိုးပါ။
နောက်ဆုံးတွင် မူလနတ်ဆိုးများက
ရိုက်နှက်ခံရသည်ကို
သဘောကျသည်မဟုတ်ပါလား…။

ယန်ယဲ့က ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး
လေးနက်စွာပြောခဲ့သည်။
“အဆင်ပြေအောင် ကိုယ့်ကိုယ်ကို ပြန်ပြီး
ကုသကြ။ ကျန်တာ ငါ့ဆီထားခဲ့”

သူက ကျန်းယွဲ့ကို ခဏစိုက်ကြည့်ကာ "ဒီနေ့
မင်းလက်ကို ငှားခဲ့တဲ့အတွက်
ကျေးဇူးတင်ပါတယ်"

သူမက ခေါင်းကိုယမ်းကာ
ခဏတုံ့ဆိုင်းနေသည်။ "ဒီဓားကို
ငါကြည့်လို့ရမလား..."

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။
စိတ်ဆန္ဒတစ်မျှင်
ထုတ်ယူလိုက်သည်။ ဘူးသီးနက်ထဲမှ

တရားစီရင်ရေးဓားထွက်လာပြီး ကျန်းယွဲ့ရှေ့ကို ရောက်လာသည်။

ကျန်းယွဲ့က အချိန်ကြာအောင် စိုက်ကြည့်ပြီး “ဒါက တကယ့်ကို ထာဝရစကြဝဠာရဲ့ ဒဏ္ဍာရီလာ လက်နက်ပဲ။ သူမက ယန်ယွဲ့ကို စိုက်ကြည့်ပြီး ဂရုစိုက်ပါ” စကားဆိုးသည်နှင့် သူမက မူလစေတီထဲကနေထွက်ကာ ကောင်းကင်အထက်သို့ပျောက်ကွယ်သွားသည်။

ဆားစာလိပ်က "နောက်ဆုံးတော့ သူမ လွတ်လပ်သွားပြီ အခုထက် သူမပိုပြီး သန့်မာလာမယ်ဆိုတာ ငါသေချာတယ်"

ယန်ယဲ့က တိုးတိုးလေးပြောလိုက်သည်။ "သူမကို ခြေချုပ်မိထားတဲ့ တာဝန်မရှိတော့လို့ဘဲ မဟုတ်လား..."

ဓားစာလိပ်က ခေါင်းညိတ်လိုက်သည်။

“သူ့ရဲ့ မျိုးနွယ်စု ဆက်ဆက်က

မျိုးဆက်ပေါင်းများစွာကျန်ရစ်ခဲ့တဲ့တာဝန်

နောက်ဆုံးတော့ ပြီးဆုံးသွားပြီပေါ့”

ထိုစကားပြောပြီးနောက်

တရားစီရင်ရေးဓားကို စိုက်ကြည့်ကာ

“ဒီဓားကို နင့်လက်ထဲ ကျရောက်ဖို့

ငါမမျှော်လင့်ထားဘူး။ လက်ရှိမှာ အဆင့်၃

အကန့်အသတ်ချိုးဖျက်နယ်ပယ်တွေက

နင့်ကို ခြိမ်းခြောက်မှုမရှိတော့ဘူး။

အဆင့်၄  အကန့်အသတ်ချိုးဖျက်နယ်ပယ်
တောင်မှ သိပ်ပြီး
ခြိမ်းခြောက်နိုင်မယ်မထင်ဘူး”

ယန်ယဲ့က ကောင်းကင်ကို မော့ကြည့်ရင်း
“အဆင့်၄
အကန့်အသတ်ချိုးဖျက်နယ်ပယ်က
ငါထင်ထားတာထက် အများကြီး
အားကောင်းတယ်။
ငါကအရမ်းအားနည်းနေသေးတယ်”

စကားပြောနေရင်း
သူ၏ကိုယ်ပိုင်ကျင့်ကြံခြင်း အခန်းထဲသို့
သွားလိုက်သည်။ ထိုနေရာတွင်
ဓားသုံးချောင်းရှိနေသည်။

မူလနတ်ဓား၊ အဓိပတိနတ်ဓားနှင့်
တရားစီရင်ရေးဓား။

သို့သော် တရားစီရင်ရေးဓားက
ဘူးသီးနက်ထဲသို့ ဝင်ရန် ငြင်းပယ်ခဲ့သည်။
ထိုပြင် မူလနတ်ဓားနှင့် အဓိပတိဓားတို့နှင့်ပါ

အတူရှိရန် ငြင်းပယ်ခဲ့သည်။
မူလနတ်ဓားနှင့်
အဓိပတိနတ်ဓားတို့ကလည်း
တရားစီရင်ရေးဓားနှင့် ထိတွေ့ရန်
ဆန္ဒမရှိပေ။

ထိုဓားက အလွန်အစွမ်းထက်လှသည်။
၎င်းနှင့် နီးကပ်နေလျှင်
၎င်းတို့၏အသိစိတ်များ ပျက်စီးသွားနိုင်၏။
ဓားနှစ်ချောင်းတင်မဟုတ်ဘဲ
ဘုံးသီးနက်ကပါ တရားစီရင်ရေးဓားကို

အထဲမဝင်စေချင်ပါ။

ထက်မြိုကာအစွမ်းထက်လွန်းလှသည်။

အခန်းထဲတွင် ယန်ယဲ့က

တရားစီရင်ရေးဓားကို ဘေးဖယ်ထားပြီး

ဓားနှစ်ချောင်းကိုင်ထားသည်။

သူက ဓားတစ်လက်တည်းအဖြစ်

ပေါင်းစည်းရန် ရည်ရွယ်နေခြင်းဖြစ်သည်။

ယန်ယဲ့က သူ့နှလုံးသားထဲက

စိတ်ဆန္ဒတစ်မျှင်ထုတ်လိုက်ရာ

ဓားနှစ်ချောင်းက ချက်ချင်းပင်

ဘူးသီးနက်ထဲသို့ ဝင်ရောက်သွားသည်။
ခဏအကြာတွင် ဘူးသီးနက်ထဲမှ
အလင်းတန်းတစ်စင်းထွက်ပေါ်လာသည်။

အလင်းတန်းတစ်ခု ဓားနှစ်လက်။

မီးအလင်းရောင်တစ်ခုလိုပင်။

တိုက်ခိုက်မှုက ပိုပြီး
ပြင်းထန်လာပုံရသော်လည်း အရှိန်က

ကျဆင်းသွားပုံသည်။ ဓားနှစ်ချောင်းကို တစ်ပြိုင်နက်တည်း ထုတ်သုံးလိုက်ခြင်းက စိတ်ဝိညာဉ်အခြေအနေကို ပိုပြီး ကုန်ဆုံးစေသည်။

"ကျင့်ကြံမယ်"

ယန်ယဲ့သည် အရူးတစ်ယောက်လို ကျင့်ကြံပါတော့သည်။ အန်နန်ကျင်းနှင့် အခြားသူများက ကုသနေချိန်တွင် ယန်ယဲ့သည်လည်း

အရှုးတစ်ယောက်လိုမျိုးလှေ့ကျင့်ခဲ့သည်။
ထိုကဲ့သို့ပင် ယန်ယဲ့၏ ဓားအလျင်များက
တဖြည်းဖြည်း လျင်မြန်သည်ထက်
မြန်လာတော့သည်။

သူကလဲ့စားချေရမယ်။ အန်နန်ကျင်းနှင့်
အခြားသူများ
အပြည့်အဝပြန်ကောင်းလာသည့်အချိန်က
သူတို့ကလဲ့စားချေရမည့်အချိန်ပါ။

Translated by NyiNyiSoe.

.အဆိုးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၇၉၀ -

ထာဝရနယ်စပ်မှ ပညာရှင်များ၏

တိုက်ခိုက်မှုကြောင့် အန်နန်ကျင်းနှင့်

အခြားသူများဟာ

ဒဏ်ရာအပြင်းအထန်ရရှိခဲ့ကြသည်။

အထူးသဖြင့် သေလုမြောပါးနေသော

န္ဒားနတ်ဆိုးနှင့် မူလနဂါးတို့ပင်။ သူ့အနေဖြင့်

လက်စားမချေဘဲ နေနိုင်မည်မဟုတ်ပေ။

မူလစေတီထဲတွင် အန်နန်ကျင်းနှင့်
ခါးစာလိပ်တို့က မူလခရမ်းရောင်စွမ်းအင်
ဖြင့် တဖြည်းဖြည်း
ကောင်းမွန်လာကြသည်။ အပြင်းအထန်ဆုံး
ဒဏ်ရာရထားသည့် နွားနတ်ဆိုးနှင့်
မူလနဂါးတို့ဟာ အနည်းငယ်သာ ပြန်ပြီး
သက်သာလာခဲ့သည်။

အခုအချိန်တွင် နှင်းပွင့်ဟာ
ဝါးသေတ္တာလွယ်ထားသော

အဘိုးကြီးထံမှရယူထားသော
အသီးတစ်ခြမ်းကိုထုတ်ကာ မူလနဂါး၊
မူလနတ်ဆိုးကျား အန်နန်ကျင်းနှင့်
သိုင်းချီလင်တို့ကို ဖြန်းပေးလိုက်သည်။
၎င်းက သေးငယ်သော
အသီးတစ်ခြမ်းသာဖြစ်သော်လည်း
နတ်ဆိုးများက နှင်းပွင့်ပေးလာသည်ကို
မြင်သောအခါ
အလွန်စိတ်လှုပ်ရှားလာကြသည်။
အသီးစိပ်လေး တစ်စိပ်စီကို စားပြီးနောက်

အားလုံးက တဖြည်းဖြည်း
ပြောင်းလဲလာကြသည်။

ဤအချိန်တွင် နှင်းပွင့်က
မြောက်ပိုင်းဓားဂိုဏ်း၏
အနောက်ဘက်တောင်တန်းများဆီသို့
ပြေးသွားခဲ့သည်။
တောင်တန်းအနက်ပိုင်းထဲတွင်
သစ်ပင်ငယ်နှစ်ပင်ရှိနေသည်။
သစ်ပင်များက သိပ်တော့မကြီးမားပေ။
လူကြီးအရွယ်မျှသာဖြစ်သည်။

ပင်စည်က ပုံဆောင်ခဲများဖြင့်
ပြုလုပ်ထားသည့်အလားဖြစ်သည်။
အရွက်များက သလင်းကျောက်များနှင့်
အလွန်ဆင်တူသောကြောင့် ၎င်းတို့ကို
လုံးဝလှနေစေသည်။ အပင်နှစ်ပင်စလုံးတွင်
လက်မအရွယ်ခန့် သေးငယ်သောအသီးများ
ပါရှိသည်။

ဖရိုဖရဲသစ်သီးများပင်ဖြစ်သည်။

အားလုံးက ဖရိုဖရဲအသီးများပင်။
ထိုအကြောင်းသာ သတင်းပျံ့သွားပါက
အကျိုးဆက်က မှန်းဆလို့မရပေ။
အဘိုးကြီးဝူနီပြောသလိုပင်။ လောကတွင်
နတ်ဘုရားရတနာအဆင့်သစ်သီး
ငါးမျိုးထက်မပိုပါ။ သို့သော်လည်း နှင်းပွင့်မှ
လေးမျိုးတောင် ရှိနေပါပြီ။
အနာဂတ်တွင်ပိုပြီးရရှိလာမည်မှာ
ပိုပြီးသိသာပါသည်။

ဤဖရိုဖရဲအပင်နှစ်ပင်က အစေ့နှစ်စေ့မှ စိုက်ပျိုးထားသော အပင်များဖြစ်သည်။ မှန်သည်။ နှင်းပွင့်ကြောင့်သာ ကြီးထွားလာနိုင်ခဲ့ကြသည်။ အစေ့နှစ်စေ့ကို စိုက်သည့်နေ့ကစ၍ နှင်းပွင့်ဟာ ဝိညာဉ်အသက်သွင်းခြင်းစွမ်းရည်ကို နေ့တိုင်းအသုံးပြုခဲ့သည်။

မူလခရမ်းရောင်စွမ်းအင်အပြင် ထာဝရစွမ်းအင်ပါ အသုံးပြုပြီး ပြုစု ပျိုးထောင်ပေးခဲ့သည်။ ထိုနောက်တွင်

ဖရိုဖရဲသစ်စေ့နှစ်စေ့ဟာ တဖြည်းဖြည်း အညှောက်ပေါက်လာပြီး အသီးများပင် သီးလာကြသည်။ ၎င်းက နှင်းပွင့်ကို အတော်လေး ပျော်ရွှင်သွားစေသည်။ ထို့ကြောင့် သူမလေးက ပိုပြီးတော့တောင် ကြိုးစားလုပ်ဆောင်ခဲ့သည်။

"အသီးသီးနေပြီ"

ဖရိုဖရဲအသီးပင်။ အမှန်တော့
အပင်နှစ်ပင်လုံးက နှင်းပွင့်ကြောင့်သာ
အဓိက ကြီးထွားနိုင်ကြသည်။

ဝိညာဉ်ဖန်ဆင်းရှင်။

နှင်းပွင့်သာမရှိပါက
ဝါးသေတ္တာလွှယ်ထားသော အဘိုးကြီးပင်
အလျင်အမြန် ကြီးထွားလာအောင်
လုပ်နိုင်မှာမဟုတ်ပါ။ နှင်းပွင့်လေးက
သစ်ပင်နှစ်ပင်ကို ညင်သာစွာ

ထိတွေ့ပြီးနောက် မှုတ်ထုတ်လိုက်သည်။
ထိုခဏလေးမှာပဲ မရေမတွက်နိုင်သော
ဝိညာဉ်စွမ်းအင်များသည် သစ်ပင်နှစ်ပင်ဆီသို့
ပျံ့လွင့်သွားသည်။

ထိုပြင် နှင်းပွင့်က ထာဝရစွမ်းအင်ကို
ဆင့်ခေါ် ပြီး သစ်ပင်များ ပတ်ပတ်လည်
တွင် ရစ်ပတ်ထားသည်။
ထာဝရစွမ်းအင်ပေါ်လာသော အခါတွင်
သစ်ပင်နှစ်ပင်က
တစ်ချက်တုန်လှုပ်သွားသည်။

အသီးသေးသေးလေးများကပင်
အနည်းငယ် ကြီးလာပုံရသည်။

နှင်းပွင့်၏ မျက်လုံးလေးများက
တောက်ပလာကာ ဝိညာဉ်စွမ်းအင်များ
မှုတ်ထုတ်နေသည်။ ဤအချိန်တွင်
ဝမ်အရှူးမလေးက နှင်းပွင့်၏
ဘေးနားတွင်ပေါ်လာသည်။

သူမက သစ်ပင်အဖျားကို
မော့ကြည့်ကာ"နှင်းခဲလေး၊

ဒါစားလို့ရမလား…" ဟုမေးရင်း နှုတ်ခမ်းကို လျှာဖြင့် သပ်လိုက်သည်။

နှင်းပွင့်က ဝမ်အရူးမလေးကို တစ်ချက်ကြည့်လိုက်ပြီးနောက် ခေါင်းယမ်းပြလိုက်သည်။ အသီးများ ပိုကြီးလာမှ စားရမယ်လို့ ပြောနေတာပါ။ ဝမ်အရူးမလေးက ခေါင်းညိတ်ဖို့ကလွဲလို့ ရွေးချယ်စရာမရှိတော့ပေ။ အကြောင်းမှာ အသီးများက သေးငယ်လွန်းသောကြောင့် သူမဗိုက်ပြည့်မည်ဟု မထင်ပါ။

ထိုကဲ့သို့ပင် အချိန်အတော်ကြာပြီးနောက်

နှင်းပွင့်က ပင်းပန်းသွားပုံရသည်။

လက်သည်းများကိုချလိုက်ရာ

ခပ်လှမ်းလှမ်းသို့ ပြေးသွားသည်။

နှင်းပွင့်လေး ထွက်သွားပြီးသည်နှင့်

ဓားစာလိပ်က

ဖရိုဖရဲသစ်ပင်နှစ်ပင်ရှေ့တွင်ပေါ်လာသည်။

သူမက အချိန်အကြာကြီး စိုက်ကြည့်ကာ

“ဖရိုဖရဲသစ်ပင်တွေ၊ ဒါတွေသာ

ထာဝရစကြဝဠာမှာပေါ်လာရင်
မရေမတွက်နိုင်တဲ့ နတ်ဆိုးတွေ
ရှုံးသွပ်သွားလိမ့်မယ်”

သူမက
ခေါင်းခါလိုက်ပြီး“ဘယ်လိုအကောင်လေးလဲ
...”

စကားပြောပြီးနောက် နေရာတွင်ပင်
ပျောက်ကွယ်သွားသည်။

တိမ်တိုက်များအကြားတွင်တော့ ယန်ယဲ့က
မျက်လုံးများကို မှိတ်ထားသည်။
ဒီအချိန်တွင် သူက ကမ္ဘာကြီးနှင့်
ပေါင်းစည်းသွားပုံရသည်။ သူ့ခန္ဓာကိုယ်ထဲရှိ
အငွေ့အသက်များက
လုံးဝငြိမ်သက်နေခဲ့သည်။

ခေါးအူသံ ရုတ်တရက် မြည်ဟည်းလာပြီး
တိမ်တိုက်များအပေါ်မှာ အလင်းတန်းများ
ဖြာထွက်လာသည်။ အဝေးရှိ

တိမ်တိုက်တစ်ခုဟာ ရုတ်တရက် ပေါက်ကွဲသွားသည်။

ခဏအကြာတွင် အလင်းတန်းက အလင်းများ ပြန့်ကျဲသွားပြီး ဓားနှစ်ချောင်း လွင့်မျောလာသည်။ သွေးဓားတစ်ချောင်းနှင့် ရွှေဓားတစ်ချောင်း။ ဓားနှစ်ချောင်းက အလင်းတန်းနှစ်စင်းအသွင် ပြန်ပြောင်းပြီး ပျောက်ကွယ်သွားသည်။ ခဏအကြာတွင် ယန်ယဲ့၏ ခါးမှ ဘူးသီးနက်ဟာ

တုန်ခါသွားပြီး ဓားစွမ်းအင်တစ်စင်း
ထုတ်ဖော်လာသည်။

တစ်ချိန်တည်းမှာပဲ ဓားစွမ်းအင်တစ်စင်းက
ဘယ်ဘက်ကို ပျံထွက်သွားပြီး
နောက်တစ်ခုက ညာဘက်ကို
ပျံသန်းသွားပါသည်။ မတူညီသော
ဦးတည်ရာနှစ်ခုကို ပစ်ခတ်နေသော
ဓားပျံနှစ်ချောင်း။

ကောင်းကင်ယံတွင် အလင်းတန်းများ
ပြည့်နှက်နေသည်။ သို့သော်
တကယ်တမ်းတော့ ယန်ယဲ့၏ ဝှက်ဖဲက
ဓားပျံများမဟုတ်ပေ။
ဓားနယ်မြေပင်ဖြစ်သည်။

ဓားနယ်မြေက တရားစီရင်ရေးဓားနှင့်
ပေါင်းစပ်ပြီး တိုက်ခိုက်နိုင်၏။
လက်ရှိတွင်သူက ဓားနယ်မြေကို
လေးကြိမ်တိုင်တိုင် ထုတ်ဖော်နိုင်သည်။
အကန့်အသတ်အနေဖြင့် အနည်းဆုံး

ငါးကြိမ်ဆက်တိုက်ထုတ်ဖော်နိုင်၏။
သို့သော်သူက ဓားနယ်မြေကို
ငါးကြိမ်တိုင်တိုင်မထုတ်ဖော်ရပေ။

ထိုသို့လုပ်ပါက သူ့ရန်သူကို သူနှင့်အတူ
တစ်ခါတည်းဆွဲချသွားသလိုပင်။
လုံးဝမျှော်လင့်ချက်မဲ့သော  အခြေအနေတွ
င်သာ အသုံးပြုရပေမည်။

ထို့ပြင် လက်ရှိသူက တရားစီရင်ရေးဓားနှင့်
ဓားနယ်မြေကို ပေါင်းစပ်ပြီး

ဓားလှိုင်းလေးဆင့်ဖြင့် အဆင့်၄
အကန့်အသတ်ချိုးဖျက်နယ်ပယ်ကိုပင်
သတ်ပစ်နိုင်သည်ဟု ဆိုနိုင်သည်။

အဆင့်၃
အကန့်အသတ်ချိုးဖျက်နယ်ပယ်အတွက်
တော့ လက်ရှိတွင် သူ၏
ဓားတစ်ချက်တောင်
ခုခံနိုင်စွမ်းမရှိကြတော့ပေ။ ယန်ယွဲ့သည်
တရားစီရင်ရေးဓားကို
ဆုပ်ကိုင်လိုက်သောအခါ

မည်မျှထိတ်လန့်စရာကောင်းကြောင်း
ခံစားလိုက်ရသည်။

၎င်းသည် လောကရှိအားများထက်
သာလွန်သောအားတစ်လက်ဖြစ်သည်။
သာမန်အားလို့ သတ်မှတ်လို့မရတော့ပေ။
မူလနတ်အားနှင့် အဓိပတိအားတို့အတွက်
တရားစီရင်ခြင်းအားကို
ထိတွေ့ပြီးနောက်တွင်
ကိုယ်ပိုင်မှတ်ချက်များ ရှိခဲ့သည်။ သို့မဟုတ်
ဦးတည်ချက်ရှိသည်ဟု ဆိုရပေမည်။

ယန်ယဲ့က ဓားများကို ပြန်သိမ်းလိုက်သည်။
ထိုနောက် တရားစီရင်ရေးဓားက
သူ့လက်ထဲပေါ်လာသည်။
မူလစေတီပင်လျှင် ဂုင်းကို အထဲမှာ ထားရန်
ဆန္ဒမရှိပေ။ မူလစေတီ၏
အသိစိတ်ဝိညာဉ်ကို အနည်းနဲ့အများ
ခြိမ်းခြောက်နေလို့ပါ။

ယန်ယဲ့က တရားစီရင်ရေးဓားကို
တစ်ချက်ငုံ့ကြည့်ကာ နေရာတွင်ပင်
ပျောက်ကွယ်သွားသည်။

မြောက်ပိုင်းဓားဂိုဏ်း၏
နောက်ဘက်တောင်တန်း။

ယန်ယဲ့သည် နွားနတ်ဆိုးရှိရာသို့
သွားခဲ့သည်။ နွားနတ်ဆိုးက
ယခုလှုပ်ရှားနိုင်ပြီဖြစ်သည်။ သို့သော်

ဒဏ်ရာများက မသက်သာသေးပါ။
နှင်းပွင့်လေးလည်း ရှိနေခဲ့သည်။

ယန်ယဲ့ကို မြင်သောအခါ သူမ၏
မျက်လုံးလေးများတောက်ပလာကာ
ထိုနောက်ပခုံးပေါ်သို့ ပျံတက်သွားပြီး
ခေါင်းသေးသေးနှင့် ညင်သာစွာ
ပွတ်သပ်လိုက်သည်။ ယန်ယဲ့က
သူမ၏ခေါင်းကို ပွတ်သပ်လိုက်ပြီး
နွားနတ်ဆိုးကို စိုက်ကြည့်လိုက်သည်။
၎င်းက ယန်ယဲ့ကို ခေါင်းညိတ်ပြသည်။

နွားနတ်ဆိုးက ယန်ယဲ့ကို

အလွန်လေးစားသည်။

နှင်းပွင့်ကြောင့်မဟုတ်ဘဲ။

ယန်ယဲ့ကိုယ်တိုင်က

အလွန်သန်မာသောကြောင့်ဖြစ်သည်။

သန်မာသူတိုင်းက ဘယ်နေရာမှာပင်ဖြစ်စေ

အမြဲလေးစားခံရသည်။

ယန်ယဲ့က နွားနတ်ဆိုးဆီသို့လျှောက်သွားပြီး ပခုံးပေါ်လက်ဖြင့်

အသာပုတ်ကာ"မင်းဘယ်လိုလဲ..."

နွားနတ်ဆိုးက  စကားပင်မပြောရသေးပေ နှင်းပွင့်က သူမ၏လက်သည်းလေးများကို ဝှေ့ယမ်းလိုက်သည်။

ယန်ယဲ့ကပြုံးပြီး "သူပိုကောင်းလာတာ အဆင်ပြေပါတယ်"

နှင်းပွင့်က နွားနတ်ဆိုး၏ခေါင်းပေါ်သို့
ပျံတက်သွားပြီး
နဂါးဂျိုနှစ်ချောင်းကို  အသာပုတ်လိုက်သည်
။ သူမက နွားနတ်ဆိုးကို ဒဏ်ရာများ
အမြန်ဆုံးသက်သာလာဖို့
အခြားဘာမှမလုပ်နဲ့ဟု ပြောနေတာပါ။
နွားနတ်ဆိုးက သဘာဝအတိုင်း နှင်းပွင့်ကို
မငြင်းဆန်ပေ။ လျင်မြန်စွာ
ခေါင်းညိတ်လိုက်သည်။

နှင်းပွင့်လေးကပြုံးကာ ယန်ယဲ့၏
ပခုံးပေါ်သို့ ခုန်တက်သွားသည်။

ယန်ယဲ့ကပြုံးပြီး "အဆင်ပြေအောင်နေ။
နောက်ကျရင်
ငါတို့အတူတူတိုက်ခိုက်ကြမယ်"

ထိုနောက် ယန်ယဲ့က နှင်းပွင့်ကို ပွေ့ချီလျက်
ထွက်ခွာသွားသည်။ ယန်ယဲ့က နှင်းပွင့်ကို
ဝမ်အရှူးမလေးနေသည့် အခန်းကို
ခေါ်သွားခဲ့သည်။ ဤအခိုက်အတန့်တွင်

ဝမ်အရှူးမလေးက နေရာတွင်
တင်ပျဉ်ခွေထိုင်နေသည်။ သူတို့နှစ်ယောက်
ကိုမြင်သောအခါ မဖက်တောင်မခတ်ပဲ
မတ်တတ်ရပ်နေသည်။

နှင်းပွင့်က ဝမ်အရှူးမလေးထံပြေးသွားပြီး
ခေါင်းကိုထိလိုက်သည်။
ဝမ်အရှူးမလေး၏ခေါင်းပေါ် ရှိ အနက်ရော
င်ဦးချိုတစ်စုံက အတော်လေး
ကြီးထွားလာခဲ့သည်။ ယခုအခါ
လက်သီးဆုပ်အရွယ်အစားပင်

ရှိနေပြီးဖြစ်သည်။

နှင်းပွင့်၏မျက်လုံးလေးများက

စူးစမ်းလိုစိတ်များဖြင့် ထိကိုင်နေလေသည်။

နှင်းပွင့်က အနက်ရောင်ဂျိုးများကို

ထိလိုက်တဲ့အခါ ဝမ်အရှူးမလေး၏

ခန္ဓာကိုယ်က အနည်းငယ်

တောင့်တင်းသွားသည်။ သို့သော်လည်း

ခဏသာကြာပြီး ပုံမှန်ပြန်ဖြစ်သွား၏။

အမှန်တော့ နှင်းပွင့်က

ထိုအနက်ရောင်ဂျိုးများကို

လုံးဝမထိနိုင်ကြောင်းမသိခဲ့ပါ။ မှန်သည်။ ဝမ်အရူးမလေးနှင့် သူမ၏ ဆက်ဆံရေးအပေါ် အခြေခံပြီး ဆက်ပွတ်နေရင်တောင် ပြဿနာရှိမည်မဟုတ်ပေ။

ယန်ယဲ့က ဦးချိုများကို တစ်ချက်ကြည့်လိုက်သည်။ "ဝမ်လေး အဲ့ဒါတွေက ဘာတွေလဲ..."

ဝမ်အရူးမလေးက "ငါမသိဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ငါကလူနှစ်ယောက်ကို စားပြီးတဲ့အချိန်မှာ ပိုပြီး ကြီးလာသလိုပဲ"

သူမက ယန်ယဲ့ကို မျက်တောင်ခတ်ပြီး စိုက်ကြည့်ကာ "အစ်ကိုကြီးယန်၊ ငါ..."

ယန်ယဲ့က  "မင်းဘာပြောဖို့ကြိုးစားနေတာလဲ..."

သူမက
အချိန်အတော်ကြာတုံ့ဆိုင်းနေသည်။
“သေချာပေါက်အရသာရှိမယ်ထင်တယ်”

ယန်ယဲ့က စကားမပြောဘဲ
အံ့အားသင့်သွားသည်။ နှင်းပွင့်ကလည်း
အံ့အားသင့်သွားပြီးနောက် သူမ၏ ခေါင်းကို
တစ်ဆက်ဆက်ခါနေသည်။ ယန်ယဲ့ကို
လုံးဝမထိရဘူးလို့ ညွှန်ပြလိုက်သည်။

ဝမ်အရှူးမလေးကပြုံးပြီး "ငါသူ့ကိုမစားဘူး။ နောက်ပြီး အစ်ကိုကြီးယန်က အရမ်းသန်မာတယ်။ သူ့ကို အနိုင်ယူနိုင်မယ်မထင်ဘူး"

ယန်ယဲ့က ခေါင်းခါပြီး "ဝမ်လေး၊ မင်းသန်မာလာပြီလား..."

ဝမ်အရှူးမလေးက ခေါင်းညိတ်သည် "ဟုတ်တယ်၊ ငါအရမ်းသန်မာတယ်"

ယန်ယဲ့ကပြုံးပြီး “ငါမြင်တယ်”

သူက ခဏလောက်တုံ့ဆိုင်းသွားကာ
“ဝမ်လေး၊ မင်းလူနှစ်ယောက်ကို
အရှင်လက်လက်စားနေတာလား…”

သူမက မျက်တောင်ခတ်ကာ
“မရဘူးလား…”

ယန်ယဲ့က ခဏာတုံ့ဆိုင်းသွားပြီး “အို့…၊ အရသာရှိလား…”ဟုမေးလိုက်သည်။

ဝမ်အရှူးမလေးက နှုတ်ခမ်းကို လျှာဖြင့်သပ်လိုက်ပြီး “သူတို့ကမဆိုးပါဘူး။ မှန်တယ်။ နှင်းပွင့်လေး၊ နင်စမ်းကြည့်လို့ရတယ်။ နင်လည်း ဒါကို ကြိုက်လိမ့်မယ်”

နှင်းပွင့်က မျက်တောင်ခတ်ပြီး နောက်တစ်ကြိမ်စမ်းကြည့်ရန်

ခေါင်းညိတ်ပြလေသည်။ ဤအချိန်တွင် ယန်ယဲ့က နှင်းပွင့်၏ ဖင်တုံလေးကို ပုတ်ပြီး အသာရိုက်လိုက်သည်။

"လူတွေကိုမစားနဲ့"

နှင်းပွင့်က ယန်ယဲ့ကို စိုက်ကြည့်နေသည်။ ဘာလို့လဲ ဟု မေးနေပုံပါ။

ယန်ယဲ့က "သူတို့ကအရသာမရှိဘူး"

“မဆိုးပါဘူး”

ဝမ်အရူးမလေးက “သူတို့က အရသာမဆိုးပါဘူး”

နှင်းပွင့်က ယန်ယဲ့ကို စိုက်ကြည့်ကာ ဝမ်အရူးမလေးကို ညွှန်ပြသည်။

ယန်ယဲ့က ဝမ်အရူးမလေးကိုကြည့်ရင်
“ဝမ်လေး၊ မင်းက လူတွေစားနိုင်တယ်။
ဒါပေမဲ့ နှင်းပွင့်ကို ဒီလိုလုပ်ဖို့
မသင်ပေးရဘူး။ နားလည်လား...”

ဝမ်အရူးမလေးက နှုတ်ခမ်းတွန့်ကာ
“အစ်ကိုကြီးယန်၊လူတွေက နတ်ဆိုးတွေကို
စားခွင့်ရှိပေမဲ့ နတ်ဆိုးတွေက လူတွေကို
မစားရဘူးလား...”

ယန်ယဲ့က နှင်းပွင့်ကို လက်ညှိုးထိုးပြပြီး
"သူမက နတ်ဆိုးမဟုတ်ဘူး"

တစ်ချိန်တည်းမှာပင် နှင်းပွင့်က သူ့ကိုယ်သူ ညွှန်ပြပြီး  သူမဟာ နတ်ဆိုးတစ်ယောက် ခြောက်ပြနေသည်။ ယန်ယဲ့က ဘာပြောရမှန်းပင်မသိတော့ပေ။

ဝမ်အရှူးမလေးက ကောင်းကင်ကို ရုတ်တရက် မော့ကြည့်ရင်း "ငါ့အိမ်မက်က

စားချင်တာ ဒီကမ္ဘာမှာ ငါစားနိုင်သမျှကို စားချင်တာ”

နှင်းပွင့်လေးက မျက်တောင်ခတ်လိုက်ပြီး သူမ၏လက်သည်းများကို အမြန်ဝှေ့ယမ်းလိုက်သည်။ သူမကတော့ရတနာများ လိုချင်တာလို့ ပြောနေတာပါ။ ဤလောကရှိရတနာအားလုံးက သူမ၏အပိုင်ဖြစ်သည်။

ယန်ယဲ့က အံ့သြသွားသည်။

ဘယ်လောက်တောင်

ယုတ်မာလိုက်တဲ့အကောင်ငယ်လေးလဲ။

Translated by NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၇၉၁ -

ယန်ယဲ့သည်
အယုတ်တမာလေးနှစ်ယောက်ကို
ချန်ထားခဲ့ပြီး
ကောင်းကင်ဓားစင်မြင့်အထက်သို့
ပျံတက်သွားသည်။ သူသည်
တိမ်တိုက်များအထက်သို့ ရောက်လာပြီး
အနည်းငယ်ပျောက်ဆုံးသွားသလို
ခံစားလိုက်ရသည်။

အမှန်တော့ တော်တော်လေး
ပျောက်ဆုံးသွားပုံရသည်။ ရုတ်တရက်

သူ့ဘေးနားတွင်
အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးတစ်ယော
က် ပေါ်လာသည်။

သူမက ယန်ယဲ့ကို ညင်သာစွာ
ပွေ့ဖက်လိုက်ပြီး “ဘာဖြစ်လို့လဲ...”

ယန်ယဲ့က သူ့ဘေးနားရှိ
လှပသောမျက်နှာကို စိုက်ကြည့်နေသည်။
သူမက စုချင်းရှီ ပါ။

ယန်ယဲ့က သူမ၏နဖူးကို ညင်သာစွာ နမ်းလိုက်ပြီး "ချင်းရှီ၊ ငါလွန်ခဲ့တဲ့နှစ်က ကျင့်ကြံနေတုန်း အဆက်မပြတ် တွေးနေခဲ့တာ" ဟု ပြန်ပြောသည်။

"ဘာကိစ္စလဲ…" စုချင်ရှီက တိုးတိုးလေးမေးသည်။

ယန်ယဲ့က ကောင်းကင်ကို မော့ကြည့်ရင်း

"ငါက ဆန်းကြယ်တိုက်ကြီးမှာ

ကျင့်ကြံလာကတည်းက အခုထိ

တိုက်ခိုက်သတ်နေရတုန်းပဲ၊ အဆက်မပြတ်

သတ်ဖြတ်နေတာ ဒါမှမဟုတ်

ငါအသတ်ခံရတာပဲ ဖြစ်ဖြစ်

ဒီသတ်ဖြတ်မှုက ဘယ်တော့မှ

ပြီးဆုံးသွားမလဲလို့ တွေးနေတာ"

စုချင်ရှီက ထိုမေးခွန်းကို

မဖြေနိုင်သည့်အတွက် ငြိမ်သက်နေသည်။

ယန်ယဲ့က ခေါင်းယမ်းပြီး ပြုံးလိုက်ကာ
“အစတုန်းကတော့ ငါ့ရည်ရွယ်ချက်က
ငါ့အမေနဲ့ ငါ့ညီမလေးကို
ကာကွယ်ဖို့အတွက်ပါပဲ။ လက်တွေ့က
ရက်စက်လိုက်တာ၊ အဲ့ဒါကိုပိုလိုချင်လေ
အောင်မြင်ဖို့က ပိုခက်လေလေပဲ။
ငါလမ်းတစ်လျှောက်လုံးမှာ လူအများကြီး
သတ်ခဲ့ပြီးပြီ။ အပြင်ထွက်တာနဲ့
သတ်ဖို့ကျန်နေတုန်းပဲ။
ငါ့ကိုပြော  ငါဘယ်တော့မှ

လူသတ်တာရပ်နိုင်မှာလဲ...။
ငါဆိုတာပြိုင်ဘက်ကင်းသွားတဲ့အထိ
သတ်ပစ်ရမှာလား...”

စုချင်ရှိက နှုတ်ဆိတ်နေဆဲဖြစ်သည်။

အဆုံးအစမဲ့ သတ်ဖြတ်ခြင်း ။

ယန်ယဲ့က ပြုံးပြီး ပြောလိုက်ပါသည်
“ငါလည်း တစ်သက်လုံးအများကြီး

တိုက်ခိုက်ဖူးတယ်။ တစ်သက်လုံး သတ်ပစ်နေရတာ သတ်တာကိုမကြိုက်ဘူး။ ဒီလိုပြောရတာ နည်းနည်းတော့ ရယ်စရာကောင်းမယ်ထင်တယ်။ သတ်တာကို မကြိုက်တဲ့သူက အမြဲတမ်း သတ်နေတယ်”

ယန်ယဲ့က ကောင်းကင်အဝေးတစ်နေရာကို မော့ကြည့်ကာ “ဒါပေမဲ့ ငါဘာလုပ်နိုင်မလဲ… ငါသူတို့ကို မသတ်ရင် သူတို့က ငါ့ကို သတ်လိမ့်မယ်”

ဤအချိန်တွင် စုချင်ရှီက “ငါနင့်ကို ဘာအန္တရာယ်မှမရှိဘဲ အဆင်ပြေနေစေချင်တယ်”

“လုံခြုံစေချင်တာလား...” နံဘေးမှ အေးစက်စက်အသံ ရုတ်တရက် ထွက်ပေါ်လာသည်။

ယန်ယဲ့က လှည့်ကြည့်လိုက်ရာ
ဓားစာလိပ်က သူ့ဆီသို့
တည့်တည့်လျှောက်လာလေသည်။

သူမက မျက်လုံးခြင်းတည့်တည့်ကြည့်ကာ
"နင့်ရဲ့အတွေ့အချို့က မိုက်မဲတယ်လို့
ပြောရမယ်"

ယန်ယဲ့က ငြိမ်သက်နေကာ ဓားစာလိပ်
ရှေ့ဆက်ပြောမည်ကို စောင့်ဆိုင်းနေသည်။

ဓားစာလိပ်က ရှေ့သို့
ခြေတစ်လှမ်းတိုးလာသည်။ သူမက
ယန်ယဲ့နှင့် အတော်လေး နီးကပ်လာပြီး
"ငါ့ရဲ့အရင်သခင်က လူတွေက
အရာခပ်သိမ်းရဲ့ မွေးဖွားခြင်းဆိုတာ
ကျင့်ကြံခြင်းပုံစံလို့ ပြောခဲ့တာကို
အားလုံးသိကြတယ်။ ငါတို့ ဒီလောကကို
ရောက်လာကတည်းက
ကျင့်ကြံမှုလမ်းကြောင်းစနေပြီ"

ဓားစာလိပ်က ခေါင်းခါလိုက်ပြီး
“အမိုက်မဲဆုံး အဓိပ္ပါယ်ကို နင်သိလား…”

ယန်ယဲ့က “ဘာကိုဆိုလိုချင်တာလဲ…”

“ဒါကို သေချာစဉ်းစားပါ။ နင်မွေးဖွားတဲ့
ကမ္ဘာမှာ နင့်ခရီးစတင်ချိန်
လူဘယ်နှစ်ယောက်ပျောက်ဆုံးသွားပြီလဲ…”

ယန်ယဲ့၏လက်များ အနည်းငယ်
တုန်ခါသွားသည်။ “ဘယ်လောက်များလဲ။
ဘယ်လောက်များများ ကုန်ဆုံးသွားပြီးလဲ...”

အခြားဘယ်နေရာမှမပြောလိုပေ။
ဆန်းကြယ်တိုက်ကြီးတွင်
သူ၏အမေဖြစ်သူ၊ အကြီးအကဲမှု၊
ချင်ဘူဖန်း၊ ကျန်းဝမ်အာ၊ ဇီအာ၏အဖေ။
မဟာချင်အင်ပါယာ၏
တည်ထောင်သူကောရာဇ် တို့အား
ဆုံးရှုံးခဲ့ရသည်။

ထို့ပြင် အခြားနေရာများလည်း ရှိပါသေးသည်။ သူဖြတ်သန်းလာခဲ့သည့် ကမ္ဘာများ ဘယ်လောက်များများ ပျောက်ကွယ်သွားပြီလဲ…။ အရမ်းကို များပြားလွန်းသည်။

ဓားစာလိပ်က "ကမ္ဘာကြီးက ရက်စက်ပြီး လက်တွေ့ဆန်ပါတယ်။ သန်မာသူတွေက ပိုပြီးတိုးလာသလို အားနည်းသူတွေကို ဖယ်ရှားပစ်လိုက်ကြတယ်။

မရေမတွက်နိုင်တဲ့ ဓားနည်းစနစ်တွေ၊
လက်သီးနည်းစနစ်တွေ၊ နင်တစ်ချိန်က
အသုံးပြုခဲ့တဲ့  ဥပဒေသတွေလိုပဲ ဘာလို့
အခုမသုံးတာလဲ။ ဘာကြောင့်လဲဆိုတော့
သူတို့က လုံလောက်တဲ့ သန်မာမှုမရှိလို့
သူတို့က မသန်မာတဲ့အခါ သူတို့က နင့်ကို
ဖယ်ထုတ်ပစ်လိုက်မယ်။ နင်က
လက်တွေ့ဆန်တဲ့လူပဲ၊
ဒီကမ္ဘာကိုမပြောနဲ့တော့။
အားနည်းတဲ့လူတွေက အသုံးမဝင်ဘူး။
ဒါသဘာဝပဲ”

ယန်ယဲ့က ခါးသက်သက်ရယ်မောလိုက်ပြီး
"ဒါကြောင့် ငါလည်း ဒီလိုလူပဲကို"

ဂျာအတောအတွင်း ဓားစာလိပ်က
ဆက်ပြောသည်။ "ဒါက မမှားပါဘူး။
လူတိုင်းက ပိုမြင့်တဲ့နေရာကို
ထပ်တက်ရမယ်။ သာမန်ဘဝတစ်ခုမှာ
ပျော်မွေ့တယ်ပြောနေတဲ့သူတွေက
တကယ်တော့ ကိုယ့်ကိုယ်ကို
လိုလိုလားလား ဆွဲချနေတဲ့သူတွေချည်းပဲ။

သူတို့က အသုံးမဝင်တဲ့လူတွေပေါ့။ ဒါက ရွေးချယ်စရာမရှိလို့ဘဲ သာမန်ဘဝမှာနေထိုင်ကြတာများပါတယ်။ အထွတ်အထိပ်မှာ ရပ်တည်နေတဲ့လူတွေက သာမန်ဘဝနေထိုင်မှုအကြောင်း ပြောခွင့်ရှိတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ ရသင့်ရထိုက်တာပြီးသွားပြီ။ ဒါပေမဲ့ တစ်ချို့လူတွေက သာမန်ဘဝမှာမနေချင်ကြလို့ အတင်းအကျပ်တွန်းအားပေးခံရတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့မှာ

သူတို့ရဲ့ကိုယ်ပိုင်ဘဝကို
ပြောင်းလဲနိုင်စွမ်းမရှိသေးလို့ဘဲ”

ဤအချိန်မှာ ဓားစာလိပ်က
ခါးသက်သက်ရယ်မောလိုက်ပြီး “ယန်ယွဲ့၊
ဘဝဆိုတာ ပျော့ညံ့တဲ့ဘဝနဲ့ မနေသင့်ဘူး။
ငါတို့လိုကျင့်ကြံသူတွေက
သာမန်လူတွေထက် ပိုပြီးသက်တမ်း
ရှည်လျားတယ်။ ဒါပေမဲ့ ဒါဟာ
ငါတို့အတွက် တိုတောင်းတယ်။
နင်အသက်ရှင်နေတဲ့အချိန်မှာ

တိုက်ပွဲဝင်နေတာ အကောင်းဆုံးပဲ။
ဘာလို့လဲဆိုတော့ နင်မလုပ်ရင်...”

ဤအချိန်တွင် စုချင်ရှီကို စိုက်ကြည့်ကာ
အနည်းငယ် ပြုံးပြီး “ငါ့ကို တစ်ခုလောက်
ရိုးရိုးသားသား ပြောခွင့်ပြုပါ။ နင်က
အားနည်းတဲ့သူတစ်ယောက်ဆိုရင်၊
နင်အရူးတစ်ယောက်ဆိုရင် သူမက နင့်ကို
ကြိုက်မှာတောင်မဟုတ်ဘူး။ နင့်ရဲ့
နတ်သမီးတမျှ ချောမောလှပတဲ့
ဇနီးသည်တွေက နင့်ကို

လေးလေးနက်နက်နဲ့ ဂရုစိုက်မှာတဲ့လား။

ဟုတ်ပါတယ်၊ နင်က သာမန်လူတစ်ယောက်

ဖြစ်လာရင်တောင်

နင်နဲ့အတူရှိနေမှာသေချာတယ်။ ဒါပေမဲ့

နင်အစကတည်းက အသုံးမကျတဲ့

သာမန်လူတစ်ယောက်ဖြစ်နေမယ်ဆိုရင်

နင်နဲ့ သူတို့အကြားမှာ

ဘာမှဖြစ်မလာဘူးဆိုတာ

ငါသေချာပါတယ်”

ယန်ယဲ့သည် ငြိမ်သက်သွားသည်။

ဓားစာလိပ်ပြောသည်က

အမှန်ပင်ဖြစ်သည်။ အကယ်၍ သူက

အသုံးမဝင်သော အမှိုက်တစ်စဖြစ်နေရင်

စုချင်ရှီနှင့် ရှောင်ယုရှီတို့ကဲ့သို့ ထူးချွန်သော

ညဏ်ကြီးရှင်များက

နှစ်သက်ကြမည်လား...။

သေချာပေါက်မဟုတ်ပါ။ သို့မဟုတ် သူ့ကို

သဘောကျနိုင်ရင်တောင် သူက

ကာကွယ်ပေးနိုင်စွမ်းမရှိပါ။

ဘဝတွင် စိတ်ခံစားမှု ချစ်ခြင်းမေတ္တာနှင့်
သစ္စာရှိမှုတို့ ဆိုသော်လည်း
သတ်မှတ်ချက်အနေဖြင့် လူတစ်ဦးအား
ကိုယ်ပိုင်စွမ်းအားနှင့်
သဘာဝစွမ်းရည်အပေါ်တွင်
မူတည်ပါသည်။

ယောကျ်ားက
ဆင်းရဲနွမ်းပါးလျှင်မိန်းမဖြစ်သူက
သူ့အတွက် အကုန်အကျခံရမည်လား။
ထိုလူ၏

ဇနီးသည်ဖြစ်လိုသောဆန္ဒရှိနိုင်သလား...။
အနည်းငယ် ရှင်းရှင်းလင်းလင်း
ပြောရရင်တော့ တစ်စုံတစ်ယောက်ဟာ
ငွေကြေးကြွယ်ဝပါက အရာအားလုံး
အဆင်သင့်ဖြစ်နေပါလိမ့်မည်။
သို့သော်လည်း ကြွယ်ဝမှုမရှိပါက လူတိုင်း
ကဲ့ရဲ့ရှုံ့ချကြပေလိမ့်မည်။

ခားစာလိပ်က ဘေးဘက်သို့ ထွက်သွားကာ
ကောင်းကင်သို့မျှော်ကြည့်ရင်း "ဒါပြင်
ကျင့်ကြံခြင်းဆိုတာက အရင်းအမြစ်နဲ့

ကံတရားအတွက် အခြားသူတွေကို ဆန့်ကျင်တိုက်ခိုက်နေတာကိုကိုယ်စားပြုနေတယ်။ ဒါပေမဲ့ အဲ့ဒီမှာတင် အဆုံးမသတ်ပါဘူး။ နင်ဟာ တစ်သက်လုံး ကံကြမ္မာနဲ့ ကောင်းကင်ဘုံကို တိုက်ခိုက်ရမယ်။

ဒီကျင့်ကြံခြင်းလမ်းကြောင်းမှာ လူတွေက အခြားသူတွေကို တိုက်ခိုက်ရင်း သေဆုံးရတယ်။ အခြားသူတွေကလည်း ကောင်းကင်ဘုံကို တိုက်ခိုက်ရင်း သေဆုံးကြတယ်”

သူမက ယန်ယဲ့ကိုစိုက်ကြည့်ကာ
ဆက်ပြောလိုက်သည်
“နင်ကိုယ်တိုင်တိုက်ခိုက်ပြီး နင်ကိုယ်တိုင်
တိုက်ပွဲဝင်ပြီး သာမန်ဘဝတစ်ခုကို
ရှာဖို့မကြိုးစားဘူးဆိုရင် နင်ဘဝကလည်း
ကောင်းကင်ဘုံနဲ့ တိုက်ပွဲထဲကို
ပါသွားလိမ့်မယ်။ ဒါဆို နင့်ဘဝက
ကောင်းကင်ဘုံနဲ့ သက်ဆိုင်ပြီး နင်ရဲ့
သက်တမ်းကို တိုးချင်ရင်
ဆန့်ကျင်တိုက်ခိုက်ရမယ်။ ကျင့်ကြံတဲ့အခါ

ကောင်းကင်ဘုံကို တိုက်ခိုက်ရမယ်။
မဟုတ်ရင် နင့်အရင်တုန်းက နေခဲ့ဖူးတဲ့
ကမ္ဘာကလိုပဲ တဖြည်းဖြည်း
ဖယ်ထုတ်ခံရလိမ့်မယ်”

ယန်ယဲ့က သူ့လက်ထဲက
ဓားကိုငုံ့ကြည့်လိုက်သည်။
“ကောင်းကင်ဘုံကို ဆန့်ကျင်ရမယ်”

ဤအခိုက်အတန့်တွင် သူကအနည်းငယ်
နားလည်လိုက်သည်။ ရိုးရိုးရှင်းရှင်း

ပြောရလျှင် အောက်ဘုံမှာရှိစဉ်အခါ ဆေဘာဓားဂိုဏ်း၏အလုပ်သမားတပည့်အဖြစ်ကဲ့သို့ပင်။ အကယ်၍ သူသည် ယင်းအတွက် ယှဉ်ပြိုင်ခြင်းမပြုပါက

အမြဲတမ်း

အလုပ်သမားတပည့်သာဖြစ်နေပေမည်။

ယန်ယဲ့က ရုတ်တရက် ပြုံးလိုက်သည်

“လောကမှာမဟာတာအိုပေါင်းမြောက်များစွာရှိတယ်။ ငါယန်ယဲ့က ငါ့ဓားတာအိုကို တိုက်ခိုက်ဖို့ သုံးမယ်”

“အောင်း…”

ထိုသို့ပြောလိုက်သည်နှင့် သူ့ခန္ဓာကိုယ်ထဲမှ ပြင်းထန်သော ဓားအငွေ့အသက် စွမ်းအင်လှိုင်းကြီး ထွက်လာသည်။

ဓားစိတ်ဆန္ဒ။

ထိုခဏလေးမှာပဲ ယန်ယဲ့၏ ခံစားစိတ်ဆန္ဒ
ပေါက်ကွဲနေသောမီးတောင်တစ်လုံးလို
ရှူးသွပ်စွာ မြင့်တက်လာသည်။

ကောင်းကင်ခံစားစင်မြင့် အထက်တွင်
ခံစားစာလိပ်က "လေ့ကျင့်ဖို့အခက်အခဲဆုံးက
လေ့ကျင့်ဖို့(ကျင့်ကြံဖို့) အခက်အခဲဆုံးက
ခံစားပဲ။ ဒါပေမဲ့
ကျင့်ကြံဖို့အလွယ်အကူဆုံးကလည်း
ခံစားဖြစ်နေပြန်တယ်"ဟုတိုးတိုးလေးပြောလို
က်သည်။

နှလုံးသားကို ကျင့်ကြံပေးသောကြောင့်
ဓားသမားများအတွက် အလွယ်အကူဆုံး
ကျင့်ကြံခြင်းဖြစ်သည်။ တာအိုနှလုံးသား
အားကောင်းနေလျှင် ဓားက
အားကောင်းလာလေလေဖြစ်သည်။
စိတ်ကကြည်လင်နေလျှင် ဓားတာအိုက
အဆင်ပြေချောမွေ့နေပေလိမ့်မည်။ သို့သော်
စိတ်ကမကြည်လင်ရင်တော့ ဓားတာအိုက
ရှေ့ဆက်တိုးနိုင်မည် မဟုတ်ပေ။
အခက်အခဲဆုံးဖြစ်သည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့၏
ခေါင်းစိတ်ဆန္ဒက ရှုံးသွပ်စွာ
မြင့်တက်လာခဲ့သည်။ ထိုသို့ဖြစ်နေသည့်
အကြောင်းအရင်းက သူ၏စိတ်က
ကြည်လင်နေရုံသာမကဘဲ ယခုလေးတင်
ခေါင်းတာအိုအတွက် ဦးတည်ချက်အသစ်ကို
ဉာဏ်အလင်းပွင့်သွားလို့ပါ။

၎င်းက တိုက်ပွဲဝင်ဖို့ပင်ဖြစ်သည်။

အစပိုင်းမှာ သူက ပြင်းပြင်းထန်ထန်
တိုက်ခိုက်သော်လည်း ယခုတော့
မဟာတာအိုအဖြစ် ရည်မှန်းထားပုံရသည်။
သူသည် ပြိုင်ဘက်ကင်းသည်အထိ
တိုက်ခိုက်ပြီး
ဓားတာအို၏အထွတ်အထိပ်ကို
တက်လှမ်းရမည်ဖြစ်သည်။

ခဏအကြာတွင် ဓားစိတ်ဆန္ဒက
ဒီရေပြန်ကျလာသလိုမျိုး သူ့ခန္ဓာကိုယ်ထဲကို
ပြန်ဝင်လာသည်။ ယန်ယွဲ့၏လက်ထဲမှ

ခေါင်းက ပြင်းထန်စွာ တုန်လာသွားပြီးနောက် ခေါင်းအလင်းတန်းတစ်စင်းဟာ တိမ်တိုက်များအကြားသို့ ပျံတက်သွားသည်။

လောကသခင်အဆင့်။

သူ၏ ကြည်လင်နေသော စိတ်ဆန္ဒက ခေါင်းစိတ်ဆန္ဒကို  လောကသခင်အဆင့်သို့ ရောက်ရှိသွားစေခဲ့သည်။

ဤအတောအတွင်း ဓားစာလိပ်က ရုတ်တရက် “မင်အခုထိ  ဆက်ပြီး ဖိနှိပ်မထားခဲ့ဘူးဆိုရင် နင်ရဲ့ကျင့်ကြံမှုက ဘယ်လောက်အထိ အဆင့်မြင့်သွားနိုင်မလဲ…”

ယန်ယဲ့က သူမကို ကြည့်ပြီး ပြုံးကာ “ငါမသိဘူး”

အမှန်လဲ သူတကယ်မသိခဲ့ပါ။ သူသည် ကျင့်ကြံမှုအဆင့်ကို အဆက်မပြတ်

ဖိနှိပ်ထားခဲ့ရုံသာ။ ၎င်းကို ရပ်တန့်ပြီး
တိုးတက်လာပါက ဘယ်အဆင့်
တက်လှမ်းသွားမည်ကိုမသိနိုင်ပေ။

သူမက ယန်ယဲ့ကို ခေါင်းညိတ်ပြပြီး
"နင်ရပ်တန့်မဲ့နေ့ကို ငါမျှော်လင့်တယ်"

ယန်ယဲ့က ရယ်မောလိုက်ပြီး
စုချင်ရှီကိုလက်တစ်ဖက်ဖြင့် ပွေ့ချီပြီး
နေရာမှာတင် ပျောက်ကွယ်သွားခဲ့သည်။
ထိုနောက်တွင် ယန်ယဲ့သည်

သူ၏မိသားစုနှင့်အတူ အချိန်
နှစ်ရက်အကြာ အဖော်ပြုပေးခဲ့သည်။
နှစ်ရက်အကြာတွင် ယန်ယဲ့သည်
မူလစေတီထဲမှ ပြန်ထွက်လာခဲ့သည်။

ဓားအပျက်အစီးနယ်မြေ
အထက်ကောင်းကင်။

ယန်ယဲ့က  ပတ်ဝန်းကျင်ကိုတစ်ချက်ကြည့်
လိုက်ပြီး ထွက်သွားရန် ပြင်လိုက်သည်။
ဒီအချိန်မှာပဲ အနီးအနားရှိ

အာကာသပြင်ထဲကနေ မီးခိုးရောင်ဝတ်စုံဝ
တ်အဘိုးကြီးတစ်ယောက်ပေါ်လာသည်။
အဘိုးကြီးက ဝမ်အရှူးမလေး မျိုချဖူးသော
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်စု၏
မီးခိုးရောင်ဝတ်စုံဝတ်အဘိုးကြီးနှင့်
မျက်နှာပေါက် ဆင်တူသည်။

အဆင့်၃ အကန့်အသတ်ချိုးဖျက်နယ်ပယ်။

အဘိုးကြီးက ယန်ယဲ့ကိုစိုက်ကြည့်ကာ ရွှေရောင်ကတ်ပြားတစ်ပြားကို ပစ်ပေးလိုက်သည်။

ယန်ယဲ့က အနည်းငယ် မျက်မှောင်ကြုတ်ကာ "ဒါက ဘာအဓိပ္ပါယ်လဲ..."

အဘိုးကြီးက "ငါတို့ရဲ့နံပါတ်၇ မင်းသားက မင်းကိုတွေ့ချင်နေတာ။ မင်းငါတို့ကို

မျက်နှာသာပေးပြီးလာခဲ့ပါ။
သေချာတယ်မဟုတ်လား…"

ယန်ယဲ့က အဘိုးကြီးကို
တစ်ချက်ကြည့်လိုက်ပြီး ရွှေကတ်ပြားကို
သူ့ဆီပြန်ပေးကာ "မင်းတို့ရဲ့
သတ္တမမင်းသားကို
ငါကောင်းကောင်းကြီးမသိဘူး။
ဒီတော့ မျက်နှာသာမပေးဘူး"

စကားပြောပြီးနောက်
ထွက်သွားရန်ပြင်လိုက်သည်။

အဘိုးကြီးက ရုတ်တရက်
ထပ်ပြောလိုက်သည်။"မင်းငါတို့ရဲ့
သတ္တမင်းသားကို မျက်နှာသာမပေးရင်
သူကမင်းကို ပြန်ပေးမယ်မထင်ဘူး။
ဟုတ်တယ်၊ သူအခု
အဖြူရောင်ကေရာဇ်မြို့တော်မှာ
အလည်အပါတ်ရောက်နေတယ်ဆိုတာ

မင်းကိုပြောဖို့ မေ့သွားတာ။
မင်းမသွားရင်...”

ရုတ်တရက် ဓားအူသံတစ်သံ
ထွက်ပေါ်လာသည်။ ခဏအကြာတွင်
ဓားအလင်းတန်းတစ်ချက်
လင်းလက်လာပြီးနောက် ကမ္ဘာကြီးဟာ
ပြင်းထန်စွာ တုန်လှုပ်သွားပြီး ထူးဆန်းစွာ
ပြောင်းလဲသွားပုံရသည်။ အဘိုးကြီး၏
အမူအရာက ပြောင်းလဲသွားသည်။

ဤအချိန်မှာ သူ့မှာ ရှိသမျှ
ခွန်အားအကုန်သုံးပြီး ခုခံလိုက်သည်။

ယန်ယဲ့က သူ့ဓားကို
ဓားအိမ်ထဲပြန်ထည့်လိုက်သည်။
“ကောင်းပြီ၊ ငါသူ့ကို
မျက်နှာသာပေးလိုက်မယ်”

ဤအချိန်မှာ အဘိုးကြီး၏ မျက်လုံးများက
ပြူးကျယ်နေသည်။

“ဒါကြောင့် ငါ့ကို မင်းရဲ့ခေါင်း

ခဏငှားလိုက်ပါ” ပြောပြီးနောက်

အဘိုးကြီး၏ ခေါင်းကို ဆုပ်ကိုင်လိုက်ပြီး

လည်ပင်းကနေ ဆွဲဖြုတ်လိုက်တော့သည်။

ထိုနောက်တွင် ယန်ယဲ့က လက်တစ်ဖက်က

လက်တစ်ဖက်တွင် ဓားတစ်လက်နှင့်

ခေါင်းတစ်လုံးကို ကိုင်လျက်

အဖြူရောင်ကေရာဇ်မြို့တော်ဆီသို့

ထွက်လာခဲ့လေသည်။

Translated by NyiNyiSoe.

.အဆိုးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၇၉၂ -

ယန်ယဲ့ထွက်သွားပြီးနောက်

ဓားအပျက်အစီးနယ်မြေ

ကောင်းကင်ယံအထက်တွင်

အမျိုးသမီးတစ်ဦးပေါ်လာသည်။

အခြားတော့မဟုတ်ပေ၊
နန်လီမုန့်ပင်ဖြစ်သည်။ သူမ၏
မျက်နှာပေါ်တွင် လေးနက်သော
အမူအရာဖြင့် ကောင်းကင်ကို
မော့ကြည့်လိုက်သည်။

အဘိုးကြီးက အနည်းဆုံးတော့ အဆင့် ၃
အကန့်အသတ်ချိုးဖျက်နယ်ပယ်ဖြစ်သည်။
ထိုပညာရှင်က ယန်ယဲ့၏
ဓားတစ်ချက်ကိုပင်
ခုခံနိုင်စွမ်းမရှိခဲ့ပေ။  ဒီယန်ယဲ့က

ဘယ်လောက်တောင် သန်မာနေပြီးလဲ။
နန်လီမုန့်ပင် အဖြေကိုမသိတော့ပေ။

နန်လီမုန့်က အချိန်တော်ကြာ
တိတ်ဆိတ်ငြိမ်သက်နေပြီးနောက်  "ထာဝရ
နယ်စပ်အတွက် ကပ်ဘေးကျပြီ"
ဟုပြောရင်း ခေါင်းယမ်းလိုက်ပါတော့သည်။
ထို့နောက် လှည့်ပြီး ထွက်သွားသည်။

ယန်ယဲ့၏ ဒေါသကို
ကောင်းကောင်းသိထားလို့ပါ။ ထိုအရှူးက

လုံးဝ ရက်စက်ကြမ်းကြုတ်သူဖြစ်သည်။

အရိုးထဲထိအောင် ရက်စက်တက်သူဖြစ်၏။

တစ်စုံတစ်ယောက်က

သူ့အပေါ်ကောင်းလျှင်တော့

တစ်သက်လုံးမမေ့မှာမဟုတ်ပေ။ သို့သော်

တစ်စုံတစ်ယောက်က

သူ့အပေါ်မကောင်းကြံပါက

ခဏပင်မေ့ထားမည်မဟုတ်ပေ။

ကံကောင်းထောက်မစွာ နန်လီကလန်က

ဤပြဋ္ဌပက္ခတွင် ဝင်ပါခဲ့ခြင်းမရှိပေ။

.....

အဖြူရောင်ကေရာဇ်မြို့တော် ...။

မြို့အပြင် မြေပြင်အထက်၌
လူငယ်တစ်ယောက် ထိုင်နေသည်။
သူ့ရှေ့တွင် စားပွဲဝိုင်တစ်ခု ချထား၏။
ပုလင်းတစ်လုံးနှင့် ဝိုင်နှစ်ခွက်ပါရှိသည်။
ထိုလူငယ်က
ဟင်းလင်းပြင်ပျက်သုဥ်းခြင်းမျိုးနွယ်စု၏
မင်းသား ဟွမ်းယန်ဖြစ်သည်။

ဟွမ်ယမ်က ကောင်းကင်ကို ရုတ်တရက်

မော့ကြည့်လိုက်သည်။ ထိုနေရာတွင်

အေးစက်သောအလင်းတန်းတစ်ခု

လင်းလက်သွားပြီးနောက် မလှမ်းမကမ်း၌

အစိမ်းရောင်ဝတ်စုံဝတ်အမျိုးသားတစ်

ယောက်ပေါ်လာသည်။

အစိမ်းရောင်ဝတ်စုံဝတ်အမျိုးသားက

ညာဘက်လက်တွင် ဓားတစ်ချောင်းနှင့်

ဘယ်ဘက်လက်ထဲ၌သွေးစီးကျနေသော

ခေါင်းပြတ်တစ်လုံး ကိုင်ထားလေသည်။

ခေါင်းပြတ်ကို မြင်သောအခါ
ဟွမ်းယန်၏မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားသည်။

ဤအချိန်တွင် ယန်ယဲ့က လူငယ်လေးဆီ
လျှောက်သွားပြီး ခေါင်းပြတ်ကို ပစ်ချကာ
"မင်းငါ့ကို တွေ့ချင်နေတယ်လို့
ငါကြားတယ်။ လက်ဗလာနဲ့ လာရတာ
ငါ့အကျင့်မဟုတ်ဘူး။ ဒါကြောင့် မင်းကို

လက်ဆောင်လေးတစ်ခုယူလာပေးတယ်။ မင်းသဘောကျရဲ့လား…”

ဟွမ်းယန်က စကားပြန်မပြောသေးဘဲ ခေါင်းပြတ်ကို ငုံ့ကြည့်ပြီး ပြုံးလိုက်သည်။

ထို့နောက် သူက “အစ်ကိုယန်၊ မင်းက အရမ်းကြင်နာတတ်တာပဲ၊ လက်ဆောင်ပေးဖို့မလိုပါဘူး။ ဒါပေမဲ့ အပြန်အလှန် ဆက်ဆံတယ်ဆိုတာ

မရှိမဖြစ်လိုအပ်တာဆိုတော့ ငါလည်း
လက်ဆောင်တစ်ခုပြန်ပေးပါ့မယ်”

စကားပြောပြီးသည်နှင့် သူညာလက်ကို
မြို့ထဲသို့ ဝှေ့ယမ်းလိုက်၏။
ထိုခဏလေးမှာပဲ မြို့အထက်
ကောင်းကင်ယံကနေ
ရောမလက်ဖဝါးကြီးတစ်ဖက်
ဆင်းသက်လာသည်။

မြို့အပေါ် ဖိချလိုက်ပါက  တစ်မြို့လုံး
အစအနပင် ရှာမရအောင်
ပျက်စီးသွားပါလိမ့်မည်။

ရုတ်တရက်ပင် လက်ဝါးအောက်မှ
ဓားစွမ်းအင်တစ်စင်းတောက်ပလာသည်။
သို့သော် ဟွမ်းယန်က လက်သီးဖြင့်
လှမ်းထိုးလိုက်သည်။

"ဘန်း..."

ဓားစွမ်းအင်က ပြန့်ကျဲသွားသည်။

ဟွမ်းယန်က ပြုံးပြီး "အစ်ကိုယန်၊
ဒီလက်ဆောင်ကို လက်ခံသင့်တယ်"

မြို့အထက်ရှိ ရောမလက်ဖဝါးကြီးက
ဆင်းသက်လာသော်လည်း ခဏအကြာတွင်
အလင်းတန်းနှစ်စင်း လင်းလက်သွားပြီး

ထိမှန်သွားသည်။ ရောမ လက်ဝါးကြီးက
ပြင်းထန်စွာတုန်ခါပြီး အက်ကွဲသွားသည်။

ခါးပုံနှစ်ချောင်း။

ဟွမ်ယမ်က ယန်ယွဲ့၏ခါးမှာ
ချိတ်ဆွဲထားသော ဘူးသီးနက်ကို
စိုက်ကြည့်လိုက်သည်။

“တော်တော်ကောင်းတဲ့ နတ်ဘုရားရတနာပဲ။ မင်းအဲ့ဒါကို ကောင်းကောင်းသုံးနိုင်တာပဲ”

ယန်ယဲ့က သူ့ရှေ့မှာ ထိုင်ချပြီး “မင်းက သတ္တမမင်းသားဟုတ်လား...။ ဝမ်လေးက တတိယမင်းသားကို စားလိုက်တယ်။ မင်းတို့ မျိုးနွယ်ထဲမှာ မင်းသားဘယ်နှစ်ယောက်ရှိလဲလို့ သိချင်လိုက်တာ...”

ဟွမ်ယမ်က ပြုံးပြီး “၃၇ ယောက်ရှိတယ်။ ဒီအချိန်မှာတော့ ၉ ယောက်ပဲ ပါလာတယ်။ ဟုတ်တယ်၊ အခု ၈ယောက်ပဲ ကျန်တော့တယ်”

ယန်ယဲ့က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး“မင်းမှားနေပြီ” ဟုပြန်ပြောသည်။

ဟွမ်ယမ်က အံ့သြသွားပြီး “ဘာလဲ...”

ယန့်ယဲ့က စကားတစ်ခွန်းမှ မပြောဘဲ
သူ့ခြားကို ဆွဲထုတ်ပြီး ဆတ်ခနဲ
ပိုင်းချလိုက်သည်။

"ကြောက်စရာကောင်းတယ်"

ယန့်ယဲ့ တိုက်ခိုက်လိုက်သည်နှင့်
ဟွမ်းယန်ခံစားလိုက်ရသော
စိတ်ခံစားချက်ပါ။

ယန်ယဲ့က စားဆွဲထုတ်လိုက်သောအခါ

ဟွမ်းယန်အနေဖြင့် ဝိညာဉ်ဖန်ဆင်းရှင်

ပိုင်ဆိုင်ထားသည့် အစိမ်းဝတ်လူငယ်ကို

အတော်လေး

လျှော့တွက်ထားမိကြောင်းသိလိုက်သည်။

ထိုအစိမ်းဝတ်ဓားသမား၏တိုက်ခိုက်မှုက

အဆင့်၃

အကန့်အသတ်ချိုးဖျက်နယ်ပယ်ပင်

ခုခံနိုင်သောအရာမဟုတ်ပေ။

သူထိတ်လန့်နေသော်လည်း တုံ့ပြန်မှုက
နှေးကွေးခြင်းမရှိပါ။ ယန်ယဲ့က
ဓားပိုင်းချလိုက်သည်နှင့် သူ့ခန္ဓာကိုယ်ထဲမှ
ကြာပန်းနက်တစ်ပွင့် ရုတ်တရက်
ပွင့်ထွက်လာသည်။

ထို့နောက် ကြာပန်းနက်က
တဖြည်းဖြည်းကြီးမားလာကာ
ပွင့်အာလာပြီး ဟွမ်းယန်ကို
ချက်ချင်း  ဖုံးအုပ်လိုက်သည်။

နတ်ဘုရားတစ်ပိုင်းအဆင့်
အကာအကွယ်ရတနာ။

ကြာပန်းနက်က နတ်ဘုရားတစ်ပိုင်းအဆင့်
အကာအကွယ်ရတနာဖြစ်သည်။ ထိုပြင်
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်စု၏
စွမ်းအားရှင်များက
၎င်းကို ဖန်တီးထားကြသည်။

ထို့ကြောင့် ဟွမ်ယမ်က ကြာပန်းနက်ကို
အလွန်ယုံကြည်မှုရှိခဲ့သည်။ သို့သော်လည်း

ယန်ယဲ့၏လက်ထဲမှ ဓားက

ဘယ်လိုဓားအမျိုးအစားဖြစ်နေမှန်း

မသိခဲ့ပေ။

ဓားက

ကြာပန်းနက်တည့်တည့်ကိုပိုင်းချလိုက်သည်

။

"ဆူး..."

ကြာပန်းနက်က ပေါက်ကွဲထွက်သွားသည်။
တစ်ချိန်တည်းမှာပဲ တရားစီရင်ရေးဓားက
ဟွမ်းယန်၏ ခန္ဓာကိုယ်တစ်လျှောက်
တည့်တည့် ပိုင်းချလိုက်သည်။

ဟွမ်းယန်၏ ခန္ဓာကိုယ်က
ချက်ချင်းပင်တောင့်တင်းသွားသည်။

သူက ယန်ယဲ့အား ဗလာဖြစ်နေသော
အကြည့်တို့ဖြင့် စိုက်ကြည့်ကာ “ဒီဓားက...”

ယန်ယဲ့ကပြုံးပြီး “တရားစီရင်ရေးဓား”
စကားပြောပြီးသည်နှင့်
လှည့်ထွက်သွားသည်။

ဟွမ်ယမ်၏ ခန္ဓာကိုယ်က ရုတ်တရက်
ကွဲထွက်သွားပြီးနောက်  သွေးများ
ကိုယ်တွင်းအင်္ဂါများ မြေပြင်တစ်ခုလုံး
ဖွန်းခနဲ ဖွန်းခနဲ ဖြစ်သွားသည်။

"သတ္တမမင်းသား သေပြီ"

ဟွမ်းယန်ကို သတ်ပြီးနောက် ယန်ယဲ့က ကောင်းကင်အထက်သို့ ပျံတက်လိုက်သည်။ သိပ်မကြာလိုက်ပေ၊ သူကကောင်းကင်အမြင့်သို့ ရောက်လာခဲ့သည်။ ဒီအချိန်မှာ အစွမ်းထက်အော်ရာအများအပြားက အဝေးသို့ ပျံ့လွင့်သွားခဲ့သည်။ ထွက်ပြေးသွားကြပုံပါ။ အားလုံးက

အဝေးကနေ စောင့်နေကြသော ထာဝရနယ်စပ်၏ ကျင့်ကြံသူများဖြစ်သည်။

ယန်ယဲ့က သူတို့ရောက်ရှိနေတာကို သတိပြုမိတာနဲ့ လူတိုင်းထွက်ပြေးဖို့ ပြတ်ပြတ်သားသား ရွေးချယ်လိုက်ကြသည်။ သို့သော်လည်း ယန်ယဲ့က တစ်ယောက်မှ လွှတ်မပေးခဲ့ပေ။ ဓားပျံနှစ်စင်းက အာကာသထဲသို့ တိုးဝင်ကာ ပျောက်ကွယ်သွားခဲ့သည်။

"ဆူး...ဆူး..."

တစ်စုံတစ်ခုကို လှီးဖြတ်လိုက်သည့်အသံ
နှစ်ချက် ထွက်ပေါ်လာပြီးနောက်
အဝေးကနေ ခေါင်းပြတ်နှစ်လုံး
ပြုတ်ကျလာသည်။
ချက်ချင်းအသတ်ခံလိုက်ရသည်။

ဓားပုံနှစ်ချောင်းက အဆင့်၃
အကန့်အသတ်ချိုးဖျက်နယ်ပယ် နှစ်ဦးကို
ဆက်တိုက်သတ်ပစ်လိုက်သည်။ ယန်ယဲ့က

လှည့်ကြည့်လိုက်သည်။
နောက်ဆုံးကျန်နေသော  အဆင့်၃
အကန့်အသတ်ချိုးဖျက်နယ်ပယ်က
နောက်ကိုပင် လှည့်မကြည့်ဘဲ တရကြမ်း
ထွက်ပြေးသွားခဲ့သည်။

ယန်ယဲ့က သူ့အကြည့်ကို ပြန်ရုတ်လိုက်ပြီး
စိတ်ဆန္ဒကြိုးတစ်ချောင်းထုတ်ဖော်လိုက်သ
ည်။ သူ့ရှေ့တွင် ဓားပျံတစ်ချောင်း
ချက်ချင်းပေါ်လာသည်။

“ဆူး...”

ခါးဖြတ်သွားတဲ့ အာကာသပြင်ဟာ
ချက်ချင်းအပိုင်းပိုင်း
ဖြတ်တောက်သွားခံလိုက်ရသည်။
အဝေးကိုရောက်နေသော အဆင့်၃
အကန့်အသတ်ချိုးဖျက်နယ်ပယ်ဟာ
ထိုခါးကို အာရုံခံမိလိုက်ပုံရပြီ
မျက်နှာပေါ်တွင်
ခါးသီးသောအမူအရာပေါ်လာသည်။

သူသည်နေရာတွင်ရပ်လိုက်ပြီး မျက်လုံးမှိတ်ထားလိုက်သည်။ သူ့ကိုယ်သူ လုံးဝမခုခံနိုင်သည့်အတွက် နေရာတွင်ရပ်ပြီး သေခြင်းတရားကိုသာ စောင့်ဆိုင်းနေလိုက်တော့သည်။ သို့သော် အနက်ရောင်အလင်းတန်းတစ်ခုက ဓားကို ရုတ်တရက် ထိမှန်သွားသည်။

“ဘန်း...”

ပေါက်ကွဲသံပဲ့တင်ထပ်လာပြီး
အလင်းတန်းများ ပြန့်ကျဲကာ ဓားပျံကလည်း
ယန်ယဲ့ဆီသို့ ပြန်ကန်ထွက်သွားသည်။
ယန်ယဲ့က ညာဘက်ကို
မော့ကြည့်လိုက်သည်။

သက်လတ်ပိုင်းအမျိုးသားတစ်ဦးက သူ့ကို
စိုက်ကြည့်နေကြောင်း
သတိထားမိလိုက်၏။

“မူလကောရာဇ်”

သက်လတ်ပိုင်းအမျိုးသားက
ရှိုယွမ်မျိုးနွယ်စု၏ မူလကောရာဇ်ဖြစ်သည်။
မူလကောရာဇ်က ယန်ယွဲ့ကို အေးစက်စွာ
စိုက်ကြည့်နေသည်။ ယန်ယွဲ့က ထပ်မံပြီး
တိုက်ခိုက်ရန် ပြင်လိုက်စဉ် မူလကောရာဇ်က
ရုတ်တရက် တိုက်ခိုက်လာပါသည်။

ပြင်းထန်သော လက်သီးချက်က
မုန်းတိုင်းတစ်ခုလို ယန်ယွဲ့ဆီသို့
တိုးဝင်လာသည်။ ထို့အပြင်

ယန်ယဲ့၏ပတ်ပတ်လည်မှ
အစွမ်းထက်အော်ရာအများအပြား
ပေါ်လာပြီးသူ့ဆီကို လျင်မြန်စွာ
တိုးဝင်လာသည်။

ယန်ယဲ့၏မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားသည်။
တရားစီရင်ရေးဓားကို ဆွဲထုတ်ပြီး
အဆက်မပြတ် ဝှေ့ယမ်းလိုက်သည်။

“ဆူး…”

အလင်းတန်းတစ်ခုက အလယ်ဗဟိုရှိ
ယန်ယဲ့ထံမှ ဖြာထွက်လာပြီး
ထိုအရှိန်အဝါများကို ချက်ချင်း
ဖယ်ထုတ်ပြစ်လိုက်သည်။ သို့သော်
တစ်ချိန်တည်းမှာပဲ မူလဧကရာဇ်နှင့်
အခြားလူများ ပျောက်ကွယ်သွားခဲ့သည်။

မျိုးနွယ်စုငါးခု၏
တည်ထောင်သူဘိုးဘေးများပင်ဖြစ်သည်။
သူတို့က ယန်ယဲ့ကို သေသည်အထိ

တိုက်ခိုက်ဖို့ မရွေးချယ်ကြပေ။
ရှောင်ပြေးဖို့သာ ရွေးချယ်လိုက်ကြသည်။
သူတို့မှာ ရွေးချယ်စရာမရှိတော့ပေ။
ယန်ယွဲ့၏ ခွန်အားက
ကြောက်စရာကောင်းလွန်းလှသည်။
အဆုံးသတ်တွင်
အနိုင်ရနိုင်ခြေများသော်လည်း သူတို့က
ယန်ယွဲ့ကို အဆုံးအထိ မတိုက်ခိုက်ရဲကြပေ။

ထိုသို့လုပ်လိုက်ပါက တတိယလူသာ
အကျိုးအမြတ် ရသွားပေမည်။ ထိုကြောင့်

ယန်ယဲ့ကို မတိုက်ခိုက်ဘဲ ရှောင်သွားဖို့သာ ရွေးချယ်လိုက်ကြသည်။ ယန်ယဲ့က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး ခဏငြိမ်သက်သွားပြီးမှ နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

တစ်နာရီခန့်အကြာတွင် ယန်ယဲ့သည် နန်လီကလန့်ရှေ့သို့ ရောက်ရှိလာခဲ့သည်။ သူရောက်လာသည်နှင့် နန်လီမုန့်က သူ့ရှေ့တွင် ချက်ချင်းပေါ်လာသည်။

သူမက ယန်ယဲ့ကို ခဏစိုက်ကြည့်ပြီး ပြုံးကာ "ဂုဏ်ယူပါတယ်။ အခုထာဝရနယ်စပ်တစ်လျှောက်လုံးမှာ နင့်ကို ကျော်လွှားရဲတာ လူနည်းစုပဲရှိတော့တယ်"

ယန်ယဲ့ကပြုံးပြီး "နန်လီမိန်းကလေး၊ မတွေ့တာကြာပြီ"

သူမက တခစ်ခစ်ရယ်မောလိုက်ပြီး "ဘာလို့ ဒီမှာရောက်နေတာလဲ ပြောပြပါဦး"

ယန်ယဲ့က နန်လီမုန့်ကို

မျက်လုံးခြင်းတည့်တည့်ကြည့်ကာ

“အစောင့်အရှောက်တွေ၊ မျိုးနွယ်စု ငါးခုရဲ့

ဘိုးဘေးတွေနဲ့ အဲ့ဒီနေ့မှာ

ဓားအပျက်အစီးနယ်မြေကနေ

ထွက်ပြေးခဲ့တဲ့ အပေါင်းအပါတွေ၊

သူတို့ဘယ်ရောက်နေလဲ ငါသိချင်တယ်”

နန်လီမုန့်က တိတ်ဆိတ်သွားသည်။

ယန်ယဲ့ကပြုံးပြီး
“မင်းငါ့ကိုမပြောနိုင်ဘူးလား…”

သူမကပြုံးပြီး “အစ်ကိုယန်၊ နင်ငါ့ကို
ခက်ခဲတဲ့အနေအထားမှာ ထားလိုက်တာ”

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး “ကောင်းပြီ။
ငါမင်းကို ကျေးဇူးပြန်ဆပ်မယ်”

ကျေးဇူးအကြွေးတင်လိုက်မယ်။

နန်လီမုန့်က တိတ်ဆိတ်သွားသည်။
ယန်ယဲ့က အရင်လိုလူ မဟုတ်တော့ပေ။
သူ့ဆီက ကျေးဇူးကြွေးတစ်ခုကပင်
အဖိုးမဖြတ်နိုင်ပါ။ လုံးဝကို
အဖိုးထိုက်တန်သည်ဟု ပြောသင့်သည်။

သို့သော်လည်း သူမက ခေါင်းခါလိုက်သည်
"အစ်ကိုယန်၊ ငါဒီအချိန်မှာ တစ်ဖက်ဖက်ကို
မရွေးချယ်နိုင်ဘူး။ ငါ့နန်လီကလန်က

ဒီပဋိပက္ခနဲ့ ခွဲထွက်နေချင်တယ်။
ငါတောင်းပန်ပါတယ်”

ယန်ယဲ့က သူမကိုတစ်ချက်ကြည့်လိုက်ပြီး
ခေါင်းညိတ်ပြကာ “ကောင်းပြီ။
ငါနားလည်ပါတယ်” ဟုပြောပြီးနောက်
လှည့်ထွက်သွားသည်။

နန်လီမုန့်က ရုတ်တရက်
လှမ်းခေါ်လိုက်သည် “အစ်ကိုယန်”

ယန်ယဲ့က ရပ်တန့်ကာ သူမကို
စိုက်ကြည့်နေသည်။

သူမက ခဏတုံ့ဆိုင်းသွားပြီး ပြုံးကာ
"အမှောင်ကမ္ဘာ၊ ရှောင်ရှန်းဝူ၊ ရွှမ်ယောင်၊
ဝမ်ဝေ့ဟူ၊ ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
မျိုးနွယ်နဲ့ "ဒီကလန်"၊ သူတို့ကို
သတိထားပါ။ ကံကောင်းပါစေ"

ထိုစကားသာပြောပြီး
လှည့်ထွက်သွားသည်။

ယန်ယဲ့က ထိုနာမည်များကို စိတ်ထဲမှာ
ထပ်ခါထပ်ခါပြောပြီး
“ကျေးဇူးတင်ပါတယ်”

တစ်ချိန်တည်းမှာပင် သူလည်း
ကောင်းကင်အထက်သို့
ပျောက်ကွယ်သွားသည်။

Translated by NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၇၉၃ -

နန်လီမုန့်က အောက်ကိုပြန်ဆင်းလာသည်။

ကောင်းကင်ပေါ်ကိုပြန်မော့ကြည့်နေရင်း

ဘာတွေတွေးနေမှန်းတော့ မသိနိုင်ပေ။

ဤအချိန်တွင် ဘေးနားမှ မိန်းမလှတစ်ဦး ပေါ်လာသည်။ ၎င်းက နန်လီမျိုးနွယ်၏လက်ရှိဘိုးဘေး နန်လီယင် ဖြစ်သည်။

နန်လီယင် က “နောက်ဆုံးမှာတော့ နင်သူ့ကိုမျက်နှာသာပေးနေတုန်းပဲလား”

နန်လီမုန့် က ပြုံးပြီး “ငါနည်းနည်းကူညီခဲ့တယ်”

နန်လီယင် က “ဒါ ငါတို့မျိုးနွယ်ကို ကပ်ဘေးဖြစ်စေနိုင်တယ်” ဟု လေးနက်စွာပြောလိုက်သည်။

နန်လီမုန့် က သူမကို တစ်ချက်ကြည့်လိုက်ပြီး “စိတ်မပူပါနဲ့။ ငါက မျိုးနွယ်စုကို ကာကွယ်ပေးမယ်”

အနည်းငယ် ပြုံးပြပြီး အဝေးကို ပျောက်ကွယ်သွားသည် ။

နန်လီယင် တစ်ယောက်တည်းသာ နေရာတွင် တိတ်ဆိတ်ကျန်နေခဲ့သည်။

...

ကမ္ဘာ့တောင်တန်း ...။

ဤအခိုက်အတန့်တွင်
ပေါ်တယ်စနစ်များထဲမှ တစ်ခုဟာ
ရုတ်တရက် တုန်လှုပ်သွားသည်။ ထို့နောက်
အထဲကနေ
အဖြူရောင်ဝတ်ရုံဝတ်လူငယ်တစ်ဦး
ထွက်လာသည်။

ထိုလူငယ်က ပတ်ဝန်းကျင်ကို
အချိန်တော်တော်ကြာအောင်
လှည့်လည်ကြည့်နေရင်း သူ့မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်သည်။ ခဏကြာမှ

မျက်လုံးပြန်ဖွင့်ကာ မျက်နှာထက်၌ အပြုံးတစ်ခုပါပေါ်လာလေသည်။ သူက “ဒါဟာ ဝိညာဉ်ဖန်ဆင်းရှင်ရဲ့ အငွေ့အသက်ပဲ။ စိတ်ဝင်စားစရာကောင်းလိုက်တာ”

စကားပြောပြီးသည့်နောက်မှာ ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး “ထာဝရနယ်နိမိတ်။ ဒီနေရာမှာ လူဘယ်နှယောက်များ ငါရှောင်ရှန်းဝူ ကို

မှတ်မိသေးလဲလို့ တွေးမိတယ်။
ဟားဟား...”

မရဏာချောက်နက်ကမ္ဘာ ...။

မရဏာချောက်နက်ကမ္ဘာ သည် အမှန်တော့ အဆုံးအစမဲ့ကျယ်ဝန်းသော ရောမချောက်နက်ကြီးတစ်ခုသာဖြစ်ခဲ့သည်။

ကမ္ဘာငယ်လေးတစ်ခု ဖြစ်ပေါ်လာစေသော ရောမ ချောက်နက်ကြီးပင်။

အတိုင်းအဆမဲ့ကြီးမားပြီး ထူးခြားလွန်းသောကြောင့် ထိုကမ္ဘာငယ်ကို ချောက်နက်ကမ္ဘာ ဟု အမည်ပေးထားခဲ့သည်။

၎င်းသည် ထာဝရနယ်နမိတ်၏လက်အောက်ခံမဟုတ်ပေ၊ သီးခြားကမ္ဘာတစ်ခုသာ ဖြစ်ခဲ့သည်။

ချောက်နက်ကမ္ဘာသည် အစပိုင်းတွင်
ကမ္ဘာတစ်ခုမဟုတ်ခဲ့ပါ။ ၎င်းသည်
ကျယ်ပြန့်လှသောအာကာသတစ်ခုသာဖြစ်ခဲ့
၏။ သို့သော် ကြီးမားသော
တိုက်ပွဲတစ်ခုကြောင့် ၎င်းကို
အဆုံးအစမဲ့သော ချောက်နက်ကြီးအဖြစ်
ပြောင်းလဲပစ်လိုက်သည်။ သာမန်
ကျင့်ကြံသူများက ချောက်နက်ကမ္ဘာကို
ခြေမချဝံ့ပေ။

၎င်းသည် ထာဝရနယ်နိမိတ်ရှိ
တားမြစ်နယ်မြေအနည်းငယ်ထဲမှ
တစ်ခုဖြစ်သည်။

ဤအခိုက်အတန့်တွင် ချောက်နက်ထဲသို့
အစွမ်းထက်အောင်ရာ အများအပြား
ဝင်ရောက်လာကြသည်။

ဤအတောအတွင်း
ချောက်နက်အောက်ခြေမှာ

သက်လတ်ပိုင်းအမျိုးသားတစ်ဦး
ရုတ်တရက်ပေါ်လာသည်။

၎င်းက
ရှိယွမ်မျိုးနွယ်၏တည်ထောင်သူဘိုးဘေး
မူလကောရာဇ်ပင်။

သူက ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ရာ လူ ၄
ယောက်ပေါ်လာခဲ့သည်။ ထိုလူများ

အခြားမျိုးနွယ်စု ၄ ခု၏ ဘိုးဘေးများ ဖြစ်ကြသည်။

မျိုးနွယ်စု ၅ ခု၏ ဘိုးဘေးများအားလုံး ရောက်ရှိလာကြသည်ဟု ပြောရင်ပိုမှန်ပေသည်။ ဦးဆောင်သူကတော့ မူလကေရာဇ်ပါ။

မူလကေရာဇ်က ညာဖက်ကို ရုတ်တရက်ကြည့်ကာ “ကျေးဇူးပြုပြီး လူလုံးထွက်ပြပါ”

သူပြောပြီးသည်နှင့် ထိုနေရာသည် အနည်းငယ် တုန်ခါသွားပြီး ပညာရှင် ၄ ယောက် ပေါ်လာသည်။

အဆင့် ၃ အကန့်အသတ်ချိုးဖျက်နယ်ပယ် များပင်။

အမျိုးသား သုံးယောက် နှင့် အမျိုးသမီး တစ်ဦး ရှိကာ အားလုံးက အဆင့် ၃ အထွတ်အထိပ်များဖြစ်ကြသည်။

မူလကေရာ၏ က ထိုပညာရှင် ၄ ဦးအား အနည်းငယ်ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် ကောင်းကင်ကို မျှော်ကြည့်ကာ "အစောင့်အရှောက်တွေ၊ ကျေးဇူးပြုပြီး ငါတို့နဲ့အတူတူ ပူးပေါင်းပါ"

မူလကောရာဇ် ပြောလိုက်သည်နှင့်
သိပ်မကြာလိုက်ဘဲ
အစိမ်းရင့်ရောင်ဝတ်ရုံဝတ်အဘိုးကြီးတစ်
ယောက် ရုတ်တရက်ပေါ်လာခဲ့သည်။

အဘိုးကြီး ပေါ်လာချိန်တွင်
ဤနေရာရှိလူတိုင်း၏ အမူအရာများသည်
အတော်လေး လေးနက်သွားသည် ။

“အစောင့်အရှောက်ချင် “ သို့မဟုတ်
“မဟာချင်ရှင်း” ဟုလည်းလူသိများသည်။

၎င်းက အစောင့်အရှောက်များထဲမှာ
အသန်မာဆုံးဖြစ်သည်။

စစ်မှန်သော အဆင့် ၄ ပညာရှင်။ ထို့အပြင်
အဘိုးကြီးဟာ
နှစ်ပေါင်းရာချီကြာကတည်းက အဆင့် ၄
ကို ရောက်ရှိခဲ့တာဖြစ်သည်။

တစ်နည်းအားဖြင့်တော့
အစောင့်အရှောက်ချင်ရှင်း ဟာ

အသန်မာဆုံးနှင့် ဩဇာအာဏာအရှိဆုံး
အစောင့်ရှောက် ဖြစ်သည်ဟု ဆိုနိုင်သည်။

မူလကေရာဇ်သ အစောင့်အရှောက်
ချင်ရှင်း အား လက်သီးဆုပ်ကာ
“အစ်ကိုကြီးချင် ကိုယ်တိုင်လာဖို့
ငါမမျှော်လင့်ထားဘူး”

အဘိုးကြီးချင်ရှင်း က လူတိုင်းကို
တစ်ချက်ကြည့်လိုက်ပြီး “မင်းတို့အားလုံးက
ယန်ယဲ့အတွက်လား ဒါမှမဟုတ်

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်ကိုသိချင်တာလား”

လူတိုင်း အကြည့်ချင်းဖလှယ်ကြသည်။ အဆုံးတွင် မူလကေရာ်ဇ်က “ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်အတွက်လာတာ”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်… ။

ထာဝရနယ်နိမိတ်ရှိ လူအများအပြားသည်
ထိုမျိုးနွယ်စုအကြောင်းကို
ဘာမှမသိခဲ့ကြပေ။

လွန်ခဲ့သည့်အတိတ်ခေတ်တွင်
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်ဟာ
ထာဝရနယ်နိမိတ်ကို
ဖျက်ဆီးပစ်လုနီးပါးဖြစ်ခဲ့သည်။ အကယ်၍
ဝိညာဉ်ဖန်ဆင်းရှင်သာ ပါဝင်မလာခဲ့သော်
ထာဝရနယ်နိမိတ်သည် ယခုအချိန်တွင်
တည်ရှိနေတော့မှာမဟုတ်ပေ။

လက်ရှိတွင်လည်း
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်စု
ပြန်ပေါ်လာလေပြီ။

ထိုသို့ဖြစ်၍ သူတို့ စိတ်မပူကြောင်း
ပြောရင်တော့ လိမ်ညာခြင်းသာ
ဖြစ်ပေမည်။

ထာဝရနယ်နိမိတ်အပေါ်
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်၏
အမြင်ကား ဘယ်လိုရှိနိုင်သလဲ ။

သေချာပေါက်ကို
လွှတ်ပေးထားမှာမဟုတ်မှန်းသိသာပါသည်။

နောက်ဆုံးတွင် အတိတ်စစ်ပွဲ၌
ထာဝရနယ်နိမိတ်သည်
ထာဝရနိုင်ငံတော်နှင့် ပူးပေါင်းခဲ့လေသည်။

ချင်ရှင်းက မူလကေရာဇ်ပြောတဲ့စကားကို
ကြားသောအခါ အနည်းငယ်ခေါင်းညိတ်ကာ

“ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်က အတိတ်ကအတိုင်းအင်အားပြန်ပြည့်သွားပြီ လို့ပြောထားတယ်။

သူတို့ရဲ့လုပ်ပုံလုပ်နည်းအရတော့ သေချာပေါက်ကိုကလဲ့စားချေလိမ့်မယ်။ ပြောရရင်တော့ ထာဝရနယ်နိမိတ်က အန္တရာယ်ကျနေပြီ”

ထာဝရနယ်နိမိတ် က အန္တရာယ်ရှိနေပြီ။

ချင်ရှင်း က ဆက်ပြောသည်

“ငါ့အသိအရတော့ ထာဝရနယ်နိမိတ်မှာ

အဆင့် ၄ ပညာရှင် ၆ ယောက်ပဲရှိပါတယ်။

ငါက သူတို့ထဲက တစ်ယောက်ပါ၊

နောက်တစ်ယောက်က

အင်မော်တယ်အိမ်တော်ရဲ့တည်ထောင်သူ

ဘိုးဘေး ပဲ။ ကံမကောင်းစွာပဲ၊ သူမ

ဘယ်မှာရှိတယ်ဆိုတာကို မသိနိုင်ပါဘူး။

ငါတို့အပြင် ရှောင်ရှန်းဝူ၊ ရွှမ်ယောင်၊

ဝမ်ဝေ့ဟူ နဲ့ ယင်ယန်မဟာသခင်

တို့ပဲရှိလိမ့်မယ်”

သူက လူတိုင်းကို စိုက်ကြည့်လျက် “မင်းတို့ မျိုးနွယ်စု ၆ ခုရဲ့ဘိုးဘေးတွေအကုန်၊ မိုးကောင်းကင်ဓားမြို့တော်၊ အဖြူရောင်ကေရာဇ်မြို့တော်ရဲ့ဘိုးဘေးတွေနဲ့ မဟာဂိုဏ်းကြီး ၃ ခုက အဆင့် ၃ အထွတ်အထိပ်မှာပဲရှိကြသေးတယ်။ အဆင့် ၄ နဲ့ ခြေလှမ်းတစ်ဝက်လောက်ဝေးနေကြတယ်။ ဒီတော့ ပြောရရင် ငါတို့ဖက်က

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်ကို ဆန့်ကျင်ဖို့ အခွင့်အရေးမရှိဘူး”

ယွဲ့ကူး က ရုတ်တရက် ပြောလိုက်သည်
“ငါတို့ အခွင့်အရေးမရှိရင် ဒီရေဝဲထဲကနေ ငါတို့ ရှောင်သင့်တယ်”

ရှောင်ထွက်သွားမလား ။

လူတိုင်းက သူ့ကို တိတ်တိတ်လေး စိုက်ကြည့်နေကြသည်။

ယွဲ့ကူး က လစ်လျူရှုထားရင်း ဆက်ပြောလိုက်သည် "မင်းတို့သေတဲ့အထိ ထာဝရနယ်နိမိတ်ကို ကာကွယ်ဖို့တော့ အားလုံးက ငါ့ကို မပြောဘူးမဟုတ်လားလား။ ဒါဆိုရင်တော့ မင်းတို့နောက်နေတာပဲဖြစ်မယ်။ ထာဝရနိုင်ငံတော်က သူတို့ကို ကတိတွေအများကြီးပေးထားခဲ့လို့

ထာဝရနိုင်ငံတော်နဲ့ပူးပေါင်းခဲ့တာ၊
ဝိညာဉ်ဖန်ဆင်းရှင်လည်းအတူတူပဲလေ။
ဒီနေရာအတွက်မဟုတ်ဘဲ
သူတို့ကိုယ်တိုင်အတွက်
သွေးချောင်းစီးတိုက်ပွဲ ဆင်နွှဲခဲ့ကြတာ
မဟုတ်လား”

သူတို့အတွက် သူတို့ လုပ်ခဲ့ကြတာ ။

ကျင့်ကြံသူများ၏ စိတ်နှလုံးထဲမှာ
ကိုယ်ကိုယ်တိုင်အတွက်သာ

အလေးအနက်ထားခဲ့သည်။ ၎င်းက
မဟာတာအို နှင့် ထာဝရအသက်
ပင်ဖြစ်ချေသည်။

ထိုအရာနှစ်ခုအတွက် အရာအားလုံးကို
စွန့်လွှတ်နိုင်ခဲ့ကြ၏။

ဤအခိုက်အတန့်ကဲ့သို့ပင်၊ အကျိုးမရှိပါက
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်ကို
သေသည်အထိ တိုက်ခိုက်ကြမှာမဟုတ်ပေ။
သူတို့အတွက် ယန်ယဲ့ကိုသတ်ပြီး

ဝိညာဉ်ဖန်ဆင်းရှင်ကို လုယူခြင်းသာလျှင်
ပိုပြီးအကျိုးရှိနိုင်ပါသည်။

သို့သော်လည်း
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနှွယ်
ကရော ...။

အမှန်တော့ သူတို့ ဘာမှပင်မရလိုက်ဘဲ
သေသွားနိုင်ပါသည်။ ထို့ကြောင့်
လူတိုင်းဟာ
အလောတကြီးလှုပ်ရှားရဲခြင်းမရှိပေ။

ဤအတောအတွင်း အကြီးအကဲချင် က ရုတ်တရက်ပြောလိုက်သည် "ဒီနေရာ ပျက်စီးသွားရင် ငါတို့ထဲက ဘယ်သူမှအသက်ရှင်ကျန်နေမှာမဟုတ်ဘူး"

ယွဲ့ကူး က သူ့ကို တစ်ချက်ကြည့်လိုက်ပြီး "ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်ရဲ့ တကယ့် ရည်ရွယ်ချက်အမှန်က ထာဝရနိုင်ငံတော်ပဲလေ။ ဒါ့ကြောင့် ဘာဖြစ်လာမလဲဆိုတာ ဆက်ပြီး

စောင့်ကြည့်လိုက်ကြရအောင်။
အချိန်ကျလာတဲ့အခါ အခြေအနေတွေကို
အခွင့်ကောင်းယူနိုင်မှာပါ”

အကြီးအကဲချင် က ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး
“ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်ကို
မင်းက နည်းနည်းလေးပဲ တွေးထားတာကိုး။
သူတို့သာ ထာဝရနယ်နိမိတ်ကို

တကယ်ရောက်လာပြီဆိုတာနဲ့ ငါတို့က
အရှုံးပေးရမယ် ဒါမှမဟုတ် သေရမယ်"

ယွဲ့ကူး လည်း ငြိမ်ကျသွားသည်။

သူတို့အပါအဝင်
ထာဝရနယ်နိမိတ်မှကျင့်ကြံသူများ၏
နောက်ဆုံးပန်းတိုင်မှာ ထာဝရနိုင်ငံတော်၊
တစ်နည်းအားဖြင့် ထာဝရနိုင်ငံတော်သို့
ဝင်ရောက်ရန်ပင်။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်
နှင့်ပတ်သက်၍တော့
သူတို့၏ရည်ရွယ်ချက်ကား ရှင်းပါသည်။
အတိတ်ခေတ်၏ရန်ကြွေးနှင့်
ထာဝရနိုင်ငံတော်ကို ဖျက်ဆီးပစ်ရန်ပါ။

ဤအချိန်တွင် အကြီးအကဲချင် က
ညာဘက်ကို လှမ်းကြည့်လိုက်သည်။
ထို့နောက် အခြားသူများကလည်း
ထိုလမ်းကြောင်းကို လှမ်းကြည့်လိုက်သည်။

ထိုလမ်းကြောင်းမှတစ်ဆင့်
ခရမ်းရောင်ဝတ်ရုံဝတ်လူငယ်တစ်ယောက်
ဖြည်းညှင်းစွာ လျှောက်လာနေသည်။
ထိုလူငယ်၏နောက်တွင်
ဓားတစ်လက်ကိုင်ထားသည့်
အမျိုးသားတစ်ဦးက ခေါင်းကို
အနည်းငယ်ငုံ့ထားရင်း လိုက်ပါလာသည်။

လူငယ်က သူတို့ဆီလျှောက်လာပြီး
ပြုံးပြရင်း “ငါ့ကိုယ်ငါ မိတ်ဆက်ခွင့်ပြုပါဦး။

ငါ့နုမည်က ဟွမ်းယဲ့၊ ငါ့ကို
ဆဋ္ဌမမင်းသားလို့ ခေါ်နိုင်တယ်”

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်ရဲ့
ဆဋ္ဌမမြောက်မင်းသား... ။

လူတိုင်းက မျက်မှောင်ကြုတ်သွားကြသည်။
သူတို့၏မျက်လုံးထဲမှာလည်း
သတိအပြည့်ရှိလာခဲ့သည်။

ဟွမ်းယဲ့ ကပြုံးပြီး “မင်းတို့အဖွဲ့က

ငါ့ရဲ့ဟောင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်ကို

ဆွေးနွေးနေတာလို့ ငါကြားလိုက်မိတယ်။

လာ ...၊ ငါမင်းတို့နဲ့ ဆွေးနွေးမယ်”

အကြီးအကဲချင် က ရှေ့တိုးလာရင်း

ဟွမ်းယဲ့၏နောက်ကွယ်မှ

သက်လတ်ပိုင်းအမျိုးသားကို

တစ်ချက်ကြည့်လိုက်သည်။ ထို့နောက်

ဟွမ်းယဲ့ကို စိုက်ကြည့်ကာ “မင်း

ဘာဆွေးနွေးချင်တာလဲ” ဟု မေးလိုက်သည်
။

ဟွမ်းယဲ့ က “မင်းတို့ရဲ့အနာဂတ်…”

သူက ဤနေရာရှိလူတိုင်းကို
တစ်ချက်ကြည့်ပြီး
“မင်းတို့ရဲ့ရည်ရွယ်ချက်က
ထာဝရနိုင်ငံတော်ဖြစ်သလို
ငါ့အတွက်လည်းအတူတူပါပဲ။
မင်းတို့အားလုံး အဲဒီကို မဝင်နိုင်ဘူး။

ငါလုပ်နိုင်တယ်၊ မင်းတို့အားလုံးကို
ငါနဲ့အတူ ခေါ်သွားပေးလို့ရတယ်”

လူတိုင်း နှုတ်ဆိတ်နေခဲ့သည်။

ဟွမ်းယဲ့ က ပြုံးပြီး “ဒါက
မင်းတို့အားလုံးအတွက် အခွင့်အရေးပဲ။
ဒါဟာ မင်းတို့ရဲ့
နောက်ဆုံးအခွင့်အရေးလည်း
ဖြစ်နိုင်ချေများတယ်။ အဆုံးသတ်မှာ
အခြေအနေတွေကို

အခွင့်ကောင်းယူဖို့စောင့်ဆိုင်းနေတယ်ဆိုရင်

အဲဒါကို မေ့ထားလိုက်ပါ။

ငါ့ဟောင်းလင်းပြြင်ပျက်သုဉ်းခြင်းမျိုးနွယ်နဲ့

ထာဝရနိုင်ငံတော်က

ဒီလိုမျိုးအဖြစ်ခံမယ်ထင်သလား "

ယွဲ့ကူး က အေးစက်စွာပြောလိုက်သည်

"မင်း ငါတို့ကို

မင်းရဲ့ကျွန်ဖြစ်စေချင်နေတာပဲ မဟုတ်လား"

ဟွမ်းယဲ့ က ခေါင်းခါလိုက်ပြီး

“ဒီလိုသုံးနှုန်းတာက သိပ်မကောင်းပါဘူး။ မင်း ငါ့နောက်ကို လိုက်ဖို့ဆန္ဒရှိတယ်ဆိုရင် မင်းဟာ ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်ရဲ့ မိတ်ဆွေဖြစ်မလာမယ်။ ငါ…”

“မိတ်ဆွေလား…” ယွဲ့ကူး က အေးစက်စွာရယ်မောလိုက်ပြီး “တကယ်ရယ်စရာကောင်းလိုက်တာ…”

သို့သော် သူ့အမူအရာက
ရုတ်ချည်းပြောင်းလဲသွားခဲ့သည်။
သူ့ရှေ့တွင် လျှပ်စီးတမျှလျင်မြန်သော
ဓားစွမ်းအင်တစ်စင်း ရောက်လာလို့ပါ။

မြန်လိုက်တာ ..။

ယွဲ့ကူး က ထိတ်လန့်တုန်လှုပ်သွားသည်။

ဆူး...

သွေးများ ပန်းထွက်ကာ
လက်ပြတ်တစ်ဖက်က မြေပြင်ပေါ်မှာ
ပြုတ်ကျလာသည်။

ခပ်လှမ်းလှမ်းမှာရပ်နေသော
ယွဲ့ကူး၏မျက်နှာက
တုန်လှုပ်ခြောက်ခြားမှုတို့အပြည့်ပင်။

ဟွမ်းယဲ့၏နောက်ကွယ်မှ

သက်လတ်ပိုင်းအမျိုးသားက ယွဲ့ကူးကို

စူးစိုက်ကြည့်ကာ

“အစေခံတွေက

သခင်တွေစကားပြောနေတုန်း

မနှောက်ယှက်သင့်ဘူး”

လူတိုင်းက သက်လတ်ပိုင်းအမျိုးသားကို

စူးစိုက်ကြည့်ကာ မျက်လုံးထဲ၌လည်း

လေးနက်မှုအပြည့်ပါ။

အဆင့် ၄ အကန့်အသတ်ချိုးဖျက်နယ်ပယ် ။

သက်လတ်ပိုင်းစားသမားက အဆင့် ၄ ပညာရှင်ပါ။

ဟွမ်းယဲ့ က ပြုံးပြီး "သူ့ကို မိတ်ဆက်ပေးဖို့ မေ့သွားတယ်။ သူ့နာမည်က ကျန်းရှမ်၊ အခုလေးတင် မိတ်ဖွဲ့ထားတဲ့ မိတ်ဆွေတစ်ယောက်ပဲ။ အတိတ်က မြောက်ပိုင်းစားဂိုဏ်းရဲ့ အုပ်ထိန်းသူဖြစ်ခဲ့ဖူးတယ်။

ငါ့ဟောင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်က
သန်မာတဲ့လူတွေကိုအလေးအနက်ထားတ
ယ်။ ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင်
မင်းတို့ရဲ့ဥပဒေသတွေက
အဆင့်တက်ထို့မလုံလောက်ဘူး၊ ငါ
တိုက်ရိုက်ပြောရမယ်ဆိုရင်
မင်းတို့ငါ့အစေခံဖြစ်ဖို့တောင်
လုံးဝမသင့်လျော်ဘူး”

ထိုစကားကိုကြားလိုက်တဲ့အခါ
လူတိုင်း၏အမူအရာများက
မည်းမှောင်ကုန်ကြသည်။

ဟွမ်းယဲ့ က လစ်လျူရှုထားလျက်ပင်
“မင်းတို့ ငါ့ကို မယုံရင် မကြာခင်တွေ့မှာပါ။
မင်းတို့ကိုယ်တိုင် အမြောက်အစာအဖြစ်
အသုံးချခံရတဲ့ ပုရွက်ဆိတ်တွေ
ဘယ်လိုဖြစ်လာမလဲဆိုတာပေါ့”

ဤအချိန်တွင် မူလကေရာဇ် က
"ခဏစောင့်" ဟု ရုတ်တရက်
ပြောလိုက်သည် ။

ဟွမ်းယဲ့ က ရပ်လိုက်ပြီး မူလကေရာဇ်ကို
စိုက်ကြည့်နေသည်။ မူလကေရာဇ် က
ခဏမျှတုံ့ဆိုင်းသွားပြီးနောက် "မင်းဆီက
လမ်းညွှန်ချက်တောင်းချင်ပါတယ်"
ဟုပြောလိုက်သည်။

ဟွမ်းယဲ့ က ပြုံးပြီး "ကောင်းပြီလေ..."

စကားဆုံးသည်နှင့် နေရာမှာပင်
ပျောက်ကွယ်သွားသည်။

ဆူး ...ဆူး ...ဆူး...

ဟွမ်းယဲ့ နှင့် မူလကေရာဇ် တို့ကြားရှိ
အာကာသဟာ
အပိုင်းပိုင်းကွဲထွက်သွားလေသည်။

ဘမ်း…

ပေါက်ကွဲသံတစ်ချက် ပဲ့တင်ထပ်ပြီးနောက်
ပုံရိပ်တစ်ခုဟာ အဝေးကို
လွင့်ထွက်သွားသည်။

၎င်းက မူလကေရာဇ် ပင်။

ခဏအကြာတွင် မူလကေရာဇ်က
ထရပ်လာသည်။ သူ့ပါးစပ်ရှိ သွေးများကို

သူတို့က ဟွမ်းယဲ့ ထံ
လျှောက်သွားပြီးနောက်
အနည်းငယ်ညွှတ်လိုက်သည်။ သူက
“မင်းနောက်ကို လိုက်ဖို့ ဆန္ဒရှိတယ်”

လူတိုင်း အံ့ဩကုန်ကြသည်။

သူ ဒီအတိုင်း လက်အောက်ခံလိုက်တာလား

၊

"ဟားဟား..." ဟွမ်းယဲ့ က ရုတ်တရက် ရယ်မောကာ မူလကောရာဇ်ကို ခဏတာ စိုက်ကြည့်နေပြီး "ကောင်းလိုက်တာ၊ မင်းက မျက်စိကန်းမနေဘူးပဲ၊  ဟားဟား..."

သူက လက်မအရွယ်ခန့်ရှိ ပုလဲဖြူတစ်လုံးကို မူလကောရာဇ်ထံ ပစ်ပေးလိုက်ကာ "ကမ္ဘာ့စွမ်းအင်ဆေးပြား။ ဒါဟာ မင်းကို အဆင့် ၄ ရောက်အောင်ကူညီပေးနိုင်တယ်။ အဲဒါ မင်းပိုင်တယ်"

ဤအတောအတွင်း
သက်လတ်ပိုင်းအမျိုးသားက မူလကေရာဇ်
ကို တစ်ချက်ကြည့်ရင်း “သခင်ငယ်က
ငရဲကမ္ဘာကိုသွားပြီးတဲ့နောက်မှာ
သုံးဘဝငရဲခန္ဓာကိုယ်ကို
ရရှိခဲ့တယ်”ဟုရုတ်တရက်ပြောလိုက်သည်။

မူလကေရာဇ်က
ပုလဲဖြူကိုငုံ့ကြည့်ပြီးနောက် ဟွမ်းယဲ့ ကို

မော့ကြည့်ကာ "နတ်ဘုရားခန္ဓာကိုယ် ၁၀ ခုထဲကတစ်ခု..."

Translated By NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၇၉၄ -

နတ်ဘုရားခန္ဓာကိုယ် ၁၀ ခုထဲက တစ်ခု။

မူလကေရာဇ်က
ဟွမ်းယဲ့၏နတ်ဘုရားခန္ဓာကိုယ်ကြောင့်
တုံ့ဆိုင်းမနေဘဲ ရွေးချယ်လိုက်တာပါ။

ထို့အပြင် အခြားအကြောင်းအရင်းမှာ
သူသည်
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနှင့်အ
ကြောင်းကို အခြားလူတိုင်းထက်ပိုပြီး
သိရှိထားလို့ပါ။

အများကြီးမသိသော်လည်း
အနည်းငယ်သိရုံဖြင့်ပင် လုံလောက်ပါပြီ။

ထို့နောက်တွင်တော့ မူလကေရာဇ် ဟာ
ဟွမ်းယဲ့ နှင့်အတူ လိုက်ပါသွားခဲ့သည်။

ဤနေရာသည် အချိန်အတော်ကြာ
တိတ်ဆိတ်သွားသည်။ ပေ့ချွမ်ရှီး က
ရုတ်တရက် "နှုတ်ဆက်ပါတယ်"

စကားပြောပြီးနောက် လှည့်ထွက်လာသည်။

သိပ်မကြာလိုက်ပေ၊
အားလုံးထွက်သွားကြလေပြီ။ ယွဲ့ကူး နှင့်
အကြီးအကဲချင် တို့သာလျှင်
ကျန်တော့သည်။

ယွဲ့ကူး က “သူတို့ ဟွမ်းယဲ့
နောက်လိုက်တွေဖြစ်သွားပြီ”

အကြီးအကဲချင် က ယွဲ့ကူး ကိုတစ်ချက်ကြည့်လိုက်ပြီး “မင်းလည်း မသွားဘူးလား”

ယွဲ့ကူး က “ဂုဏ်သိက္ခာက ဘဝမှာ အရေးကြီးတယ် မဟုတ်လား”

အကြီးအကဲချင် က ကောင်းကင်ကို မော့ကြည့်လိုက်ရင်း “မင်းသားဟွမ်းယဲ့

ပြောသွားတာ မှန်ပါတယ်။ ငါတို့က
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်နဲ့
ထာဝရနိုင်ငံတော်ကြားမှာ
တစ်ဖက်ဖက်ကိုရွေးရမှာပါ”

ယွဲ့ကူး က “ထာဝရနိုင်ငံတော်က
တစ်စုံတစ်ခု လျှပ်ရှားလာပြီလား”

အကြီးအကဲချင် က ပြုံးပြီး
“မင်းဘယ်လိုထင်လဲ”

ယွဲ့ကူး က အကြီးအကဲချင် ကို
စိုက်ကြည့်ရင်း “လူအိုကြီးချင်၊
မင်းဘယ်ဘက်သွားနေတာလဲ “

အကြီးအကဲချင် က ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး
“ထာဝရနယ်နိမိတ်...”

စကားပြောပြီးနောက်
နေရာမှာပင်ပျောက်ကွယ်သွားသည်။

အချိန်အတော်ကြာပြီးနောက် ဤနေရာတွင်
လူတစ်ယောက် ရုတ်တရက်ပေါ်လာသည်။
ယွဲ့ကူး က
သက်လတ်ပိုင်းအဘိုးအိုကိုမြင်သောအခါ
အနည်းငယ်ဦးညွှတ်ကာ
"အကြီးဆုံးမင်းသားလေး... "

ပထမမင်းသား ။

သက်လတ်ပိုင်းအမျိုးသားက
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်စု၏
အကြီးဆုံးမင်းသား ဟွမ်တျန်းရှင်း
ဖြစ်သည်။

ထိုလူက ယွဲ့ကူး၏ပခုံးတစ်ဖက်ကို
တစ်ချက်ကြည့်လိုက်ပြီးနောက် နံဘေးမှာ
ဖျတ်ခနဲပေါ်လာသည်။ ထို့နောက်
သူ့လက်ကိုတင်လိုက်သည်။

ခဏအကြာတွင် လက်တစ်ဖက်က တဖြည်းဖြည်း ပြန်ပေါက်လာသည်။

ဟွမ်တျန်းရှင်း က သူ့လက်ကို ဖယ်လိုက်ပြီး "ချောက်နက်ကမ္ဘာမှာ ဘာရှိနေလဲဆိုတာ သွားကြည့်ရအောင်"

စကားပြောပြီးနောက် အဝေးဆီသို့ လွင့်မျောသွားသည်။ ယွဲ့ကူး က နောက်ကနေ ကမန်းကတန်းလိုက်သွားခဲ့သည်။

၁၅ မိနစ်လောက်အကြာတွင်တော့
ဟွမ်တျန်းရှင်း က ရပ်သွားသည်။ သူတို့နဲ့
မလှမ်းကမ်းမှာ
အာကာသတွင်းနက်ကြီးတစ်ခုရှိနေလေသ
ည်။ ထိုနေရာမှ အစွမ်းထက်အော်ရာများ
အဆက်မပြတ် ဖြာထွက်နေခဲ့သည်။

ယွဲ့ကူး က တိုးတိုးလေးပြောလိုက်သည်
"အကြီးဆုံးမင်းသား၊ ဒီတွင်းနက်ကြီးက
သားရဲကို ချိတ်ပိတ်ထားတဲ့နေရာလား"

ဟွမ်တျန်းရှင်း က ခေါင်းညိတ်လိုက်သည်။ ရှေ့သို့ လျှောက်သွားကာ သူ့ညာလက်ကို အနည်းငယ် မြှောက်၍ တွင်းနက်ပေါ်သို့ ညင်သာစွာ ဖိချလိုက်သည်။ အာကာသတွင်းနက်ကြီးတစ်ခုလုံး တုန်လှုပ်သွားပါတော့သည်။

“ဖြိုခွဲလိုက်စမ်း…” ဟွမ်တျန်းရှင်း က ခပ်တိုးတိုးရေရွတ်လိုက်သည်။

ဘမ်း...

တွင်းနက်ထဲမှ ပေါက်ကွဲသံတစ်ခု
ထွက်ပေါ်လာပြီးနောက်
ကြောက်မက်ဖွယ်ကောင်းသော
အရှိန်အဝါတစ်ခု ထွက်လာသည်။

အရှိန်အဝါ က ဒီရေလှိုင်းများကဲ့သို့ပင်၊
ဟွမ်တျန်းရှင်း နှင့် ယွဲ့ကူး
တို့အားရိုက်ခတ်လာသည်။
ယွဲ့ကူး၏အမူအရာက

အနည်းငယ်ပြောင်းလဲသွားသည်၊
သူတိုက်ခိုက်ခါနီးတွင်တော့
ဟွမ်တျန်းရှင်းက ညာလက်ကို
အသာအယာဝှေ့ယမ်းလိုက်သည်။

လက်ကိုဝှေ့ယမ်းလိုက်သည်နှင့်
တစ်ချိန်တည်းမှာပဲ ဖိအားလှိုင်းများဟာ
ပေါ်မလာခဲ့ဖူးသလိုပင်၊ သဲလွန်စမရှိဘဲ
ချက်ချင်းပျောက်ကွယ်သွားသည်။

ဤအချိန်တွင်  အာကာသတွင်းနက်ထဲမှ ရောမအနက်ရောင်လက်သည်းကြီးတစ်ဖက် ထွက်လာပြီး ဟွမ်တျန်းရှင်း ကိုရိုက်ချလိုက်သည်။

အဆင့် ၄ ဖိအား ။

တွင်းနက်ထဲမှ အမည်မသိသားရဲဟာ အဆင့် ၄ နတ်ဆိုးသားရဲဖြစ်ခဲ့သည်။

ဟွမ်တျန်းရှင်း က ဘာမှမထူးခြားသလိုပဲ
ရှေ့သို့ ခြေတစ်လှမ်းတိုးကာ ညာလက်ကို
ညင်သာစွာ ဝှေ့ယမ်းလိုက်ပါသည်။

ဘုန်း..

အနက်ရောင်နတ်ဆိုးလက်သည်းကြီးဟာ
အာကာသတွင်းနက်ထဲကို
ပြန်ဝင်သွားတော့သည်။

ဟွမ်တျန်းရှင်း က သူ၏ညာလက်ကို
ဆန့်ထုတ်လိုက်သည်။
စွမ်းအင်လက်ကြီးတစ်ဖက် ပေါ်လာပြီး
အာကာသတွင်းနက်ကို ဖိချလိုက်လေသည်။

ခဏအကြာတွင် တွင်းနက်ထဲမှ
ကျယ်လောင်သော အော်ဟစ်သံ
ထွက်ပေါ်လာသည်။

ဤအချိန်တွင် ဟွမ်တျန်းရှင်း က
အာကာသတွင်းနက်ထဲသို့
ခုန်ဆင်းသွားသည်။

သူ ပြန်မထွက်လာခင် ၁၅
မိနစ်သာကြာလိုက်၏။

သူ့နောက်တွင်
အနက်ရောင်နတ်ဆိုးအကောင်ငယ်လေးတ
စ်ကောင် ရှိနေလေသည်။ အနည်းငယ်တော့
ထူးဆန်းနေ၏။ ခေါင်းပေါ်တွင်

ချွန်ထက်သော ဦးချိုပါသော
အနက်ရောင်ကြောင်တစ်ကောင်နှင့်တူနေလို့
ပါ။ တစ်ကိုယ်လုံးက
အနက်ရောင်အလင်းတန်းများ
ရစ်ပတ်ထားလေသည်။

နတ်ဆိုးအကောင်ငယ်လေးက ယွဲ့ကူးကို
စားချင်ဝါးချင်စိတ်အပြည့် အကြည့်များဖြင့်
စိုက်ကြည့်နေသည်။

ယွဲ့ကူး၏မျက်လုံးများက ကြောက်ရွံ့မှုတို့ပြည့်လာလေသည်။

ဟွမ်တျန်းရှင်း က ယွဲ့ကူး ဆီသို့ လျှောက်လာရင်း သူ့ပုခုံးကို အသာအယာ ပုတ်လိုက်ပြီး “အဆင့် ၃ က အရမ်းအားနည်းလွန်းတယ်။ အဆင့် ၄ ကိုတက်ဖို့ အချိန်ကျပြီ”

စကားပြောပြီးသည်နှင့် ယွဲ့ကူးရှေ့မှာ အဖြူရောင်ပုလဲတစ်လုံး ပေါ်လာသည်။

ကမ္ဘာ့စွမ်းအင်ဆေးပြား ...။

ယွဲ့ကူး၏လက်နှစ်ဖက်စလုံး တုန်ရီနေသည်။

ဟွမ်တျန်းရှင်း က ဘာမှထပ်မပြောဘဲ
ခပ်လှမ်းလှမ်းကို ထွက်သွားလိုက်သည်။

အနက်ရောင်နတ်ဆိုးသားရဲက ယွဲ့ကူးကို
ဖြတ်သွားချိန်တွင်
အံ့တကြိတ်ကြိတ်လုပ်သွားသည်။

ယွဲ့ကူး က သူ၏လက်သီးများကို
ဖြည်းညှင်းစွာ ဆုပ်ထားလိုက်သည်။
သူ့မျက်လုံးထဲမှာ
သတိအပြည့်ဖြစ်နေပါသည်။

သို့သော် နတ်ဆိုးသားရဲငယ်လေးက
မတိုက်ခိုက်ဘဲ နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။

…

ချောက်နက်ကမ္ဘာ၏ အပြင်ဘက် ။

ယန်ယဲ့ သည် အာကာသထဲ၌ ရပ်နေခဲ့သည်။

သူ့အောက်က ရောမတွင်းနက်ကြီးကို
ငုံ့ကြည့်ရင်း စကြာဝဠာမှတ်တမ်းကို
ပြန်သိမ်းထားလိုက်သည်။ နန်လီမုန့်က
ချောက်နက်ကမ္ဘာအကြောင်း
ပြောထားသောကြောင့် သူလာကြည့်ရန်
ဆုံးဖြတ်လိုက်တာပါ။

နှင်းပွင့်လေး ကတော့ ယန်ယဲ့၏ပခုံးပေါ်မှာ
အကျအနေထိုင်နေရင်း
မျက်လုံးကလယ်ကလယ်ဖြင့်

အောက်ဖက်ရှိ ချောက်ထဲသို့
ညွှန်ပြလိုက်သည်။

ယန်ယဲ့ က "အဲဒီနေရာကို ဆင်းချင်
တာလား"

နှင်းပွင့်လေးက ခေါင်းညိတ်ပြသည်။

ယန်ယဲ့ က ပြုံးလိုက်သည်။ အောက်ကို
ဆင်းခါနီးမှာပဲ အဝေးကို

လှမ်းကြည့်လိုက်သည်။ ထိုအခါ
လူငယ်တစ်ဦးနှင့်
သက်လတ်ပိုင်းအမျိုးသားနှစ်ဦးက သူ့ဆီကို
လျှောက်လာနေကြောင်း မြင်လိုက်သည်။

ယန်ယဲ့၏မျက်လုံးများ အနည်းငယ်
ကျဉ်းမြောင်းသွားသည်။ သူသည်
သက်လတ်ပိုင်းအမျိုးသားနှစ်ယောက်မှ
တစ်ယောက်ကို
ကောင်းကောင်းသိနေလို့ပါ။ ၎င်းက
မူလကောရာဇ်ပင်ဖြစ်သည်။

ယန်ယဲ့က မူလကေရာဇ်ကို မြင်သောအခါ အနည်းငယ်ပြုံးလိုက်သည်။

ဤအချိန်တွင် ရှေ့ဆုံးကနေ ဦးဆောင်လျှောက်လာနေသော ဟွမ်းယဲ့ က ယန်ယဲ့ဆီကို လျှောက်သွားပြီး ပြုံးကာ "ဒါက ထာဝရနယ်နိမိတ်ရဲ့နံပါတ်တစ် ညာဏ်ကြီးရှင် ဖြစ်ရမယ်။ တွေ့ရတာ ဝမ်းသာပါတယ်"

စကားပြောနေစဉ် ယန်ယဲ့၏ပခုံးပေါ်မှ နှင်းပွင့်လေးကို စိုက်ကြည့်လိုက်သည်။ သူ့မျက်နှာက အပြုံးမပျက်ရှိနေသော်လည်း နှုတ်ခမ်းထောင့်မှာတော့ ထူးဆန်းသောအပြုံးတစ်ခုရှိနေပြန်သည်။

ယန်ယဲ့က ဟွမ်းယဲ့ ကိုတစ်ချက်ကြည့်လိုက်ပြီး “ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ် လား”

ဟွမ်းယဲ့ က သူ့အကြည့်ကို
နှင်းပွင့်လေးဆီကနေ ဖယ်လိုက်ပြီး
“မင်းမှန်ပါတယ်” ဟုပြုံးရင်းပြန်
ဖြေလိုက်သည်။

ယန်ယဲ့ က ပြုံးပြီး “ငါ
နှစ်ယောက်ကိုသတ်ပြီးပြီ။ ဟုတ်တယ်၊
သူတို့က တော်တော် အားနည်းတယ်။
ငါ့ဓားကို တစ်ချက်လှူပ်လိုက်ရုံပဲ”

ဟွမ်းယဲ့ က ယန်ယဲ့ကို အချိန်အကြာကြီး စိုက်ကြည့်ကာ တစ်ချက်ပြုံးလိုက်ပြီး "သူတို့က သိပ်အသုံးမကျဘူး"

သူက နံဘေးရှိ ကျန်းရှမ်ကို စိုက်ကြည့်ရင်း ပြုံးပြီး "အစ်ကို ယန်၊ မင်းက ဓားသမားလို့ ငါကြားတယ်။ ငါ့ရဲ့ ဒီမိတ်ဆွေကလည်း ဓားသမားတစ်ယောက်လေ။

မင်းဘာလို့မပြိုင်တာလဲ။ ဟုတ်ပါတယ်၊ အနိုင်ရတဲ့သူကို ဆုံးဖြတ်ပြီးမှပဲ ကျန်တာတွေအဆင်ပြေမှာပါ"

ကျန်းရွှမ် က ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး
“အနိုင်ရတာမရတာကို ဆုံးဖြတ်တာက
အဓိပ္ပါယ်မရှိဘူး။ သေခြင်းရှင်ခြင်းကိုပဲ
ဆုံးဖြတ်ကြရအောင်”

သေခြင်း၊ရှင်ခြင်း ကိုဆုံးဖြတ်ကြမယ် ။

ယန်ယဲ့ က ပြုံးပြီး ဟွမ်းယဲ့ ကိုစိုက်ကြည့်ကာ “ဘာလို့ ငါတို့ချင်း မပြိုင်ကြတာလဲ”

ဟွမ်းယဲ့ က ရှေ့တိုးလာသည်။ သူပြန်ပြောခါနီးတွင်တော့ ကျန်းရှမ်က ယန်ယဲ့ရှေ့မှာ ပေါ်လာသည်။ ထို့နောက် စူးရှသောဓားအလင်းတန်းတစ်စင်းက ယန်ယဲ့၏နဖူးတည့်တည့်ပြေးဝင်လာပါသ ည်။

ဆူး...

ဓားအလင်းတန်းဟာ
ယန်ယဲ့၏နဖူးကိုထိုးဖောက်သွားသည်။
သို့သော်လည်း လူတော့မဟုတ်ခဲ့ပေ၊
ပုံရိပ်ယောင်တစ်ခုသာဖြစ်ခဲ့သည်။

ကျန်းရှမ် က ရုတ်တရက်
နောက်ပြန်လှည့်ပြီး သူ့ဓားကို ဝှေ့ယမ်းလိုက်သည်။

အောင်း... အောင်...

ပေါက်ကွဲသံကြီး ထွက်ပေါ်လာပြီးနောက်
ဓားအူသံနှစ်သံ ပဲ့တင်ထပ်သွားသည်။

ခလွပ်...

မီတာရာချီကျယ်သော အာကာသသည်
ပင့်ကူမျှင်ကဲ့သို့ ချက်ချင်းပင်
အက်ကွဲသွားသည်။

ဤအချိန်တွင် ယန်ယဲ့နှင့် ကျန်းရှမ် တို့ဟာ
တစ်ယောက်နှင့်တစ်ယောက် မီတာ ၃၀၀
အကွာမှာ ရပ်နေကြသည်။

အဝေးကနေ တစ်ယောက်ကိုတစ်ယောက်
ငေးကြည့်နေကြသည်။

ဟွမ်းယဲ့ နှင့် မူလကေရာဇ် ကတော့ ၃ ကီလိုမီတာကျော်အထိ ပြန်ဆုတ်ထားကြသည်။ ဟွမ်းယဲ့ က ကျန်းရှမ်နှင့်တိုက်ခိုက်နေသည့် ယန်ယဲ့ကို စိုက်ကြည့်ရင်း ပြုံးပြီး "ထာဝရနယ်နိမိတ်က သူ့လိုလူကို မွေးဖွားခဲ့တာ အံ့သြစရာပဲ"

မူလကေရာဇ် ကတော့ ယန်ယဲ့ကို စိုက်ကြည့်ကာ တိတ်ဆိတ်နေ၏။

ဤအချိန်တွင် ယန်ယဲ့က သူ့ဓားကို
ဆတ်ခနဲဆွဲထုတ်လိုက်သည်။

ဓားအူသံ ထွက်ပေါ်လာပြီးနောက်
တလက်လက်တောက်ပနေသော
အလင်းတန်းတစ်စင်း ထွက်ပေါ်လာသည်။

ဆူး...

အလင်းတန်း ဖြတ်သန်းသွားရာ
နေရာတိုင်းတွင် ကြားကွက်လပ်အလွှာများ
ပွင့်ထွက်သွားခဲ့သည်။

ဤအချိန်တွင် ကျန်းရှမ် က သူ့ဓားကို
ရုတ်တရက်ဆွဲထုတ်လိုက်သည်။
ပြင်းထန်သော ဓားစွမ်းအင်များ
ဖြာထွက်လာပြီး ပတ်ဝန်းကျင်ကို
ရိုက်ခတ်သွားသည်။

ဘုန်း...

နှစ်ဖက် ဓားစွမ်းအင်များ တိုက်မိတာနဲ့
မီတာရာချီကျယ်သော ဧရိယာက
ချက်ချင်းဆိုသလို
ကွဲထွက်သွားပါတော့သည်။

အထက်ကောင်းကင်ယံဟာ
အချိန်တော်တော်ကြာသည့်တိုင်အောင်
ပေါက်ကွဲသံများ ပဲ့တင်ထပ်နေခဲ့သည်။
ထို့နောက်မှသာ ကောင်းကင်ယံက
ရုတ်တရက် ငြိမ်သက်သွားသည်။

ဒီအချိန်မှာ နှစ်ယောက်စလုံးက
တစ်ဖက်နှင့်တစ်ဖက် ခပ်ဝေးဝေးတွင်
ရပ်နေကြသည်။

ကျန်းရှမ် က ယန်ယဲ့ကို စိုက်ကြည့်နေသည်။
သူ့လက်ထဲမှ ဓားက ပြင်းထန်စွာ
တုန်ခါနေသည်။

ယန်ယဲ့ ကတော့ သူ့ဓားက
တည်ငြိမ်နေပါသည်။
ဘာလှုပ်ခတ်မှုမျှပင်မရှိပေ။

ယန်ယဲ့က ကျန်းရှမ်ကို လစ်လျူရှုပြီး
မူလကောရာဇ်ကို စိုက်ကြည့်ကာ
လက်သီးများကို ဖြည်းညှင်းစွာ
ဆုပ်လိုက်သည်။

ဤအတောအတွင်း ဟွမ်းယဲ့ က
သတိပြုမိပုံဖြင့် အနည်းငယ် ပြုံးကာ
"အစ်ကို ယန်၊ ငါတို့မှာ သုံးယောက်ရှိတယ်"

ယန်ယဲ့ က ပြုံးပြီး "မင်းတို့ငါ့ကို
အတူတူလာတိုက်ခိုက်ကြည့်လို့ရတယ်"

"ဟားဟား.." ဟွမ်းယဲ့ က
တဟားဟားရယ်မောလေသည်။
သူ့ရယ်သံက ပတ်ဝန်းကျင်ကိုပင်
ပြန့်နှံ့သွားသည် ။ ခဏအကြာမှာတော့
သူက အရယ်ရပ်ပြီး
ယန်ယဲ့ကိုစိုက်ကြည့်ကာ "ယန်ယဲ့၊
အိုး...ယန်ယဲ့၊

မင်းတကယ်ကိုမောက်မာတယ်လို့
ငါပြောရမယ်။ မင်းကို ခေါ်ယူဖို့ဆိုတာ
မဖြစ်နိုင်ဘူးလို့ ငါမြင်ပါတယ်။ ဒါပေမဲ့
မင်းရဲ့ဒေါသကိုအခြေခံပြီး
ငါ့အကြီးဆုံးအစ်ကိုနဲ့
နဝမမြောက်ညီလေးက မင်းကို
ခေါ်ယူနိုင်မှာသေချာတယ်။ ကောင်းပြီ၊ ငါတို့
မင်းနဲ့အတူတူ
ဖြည်းဖြည်းချင်းအချိန်ဖြုန်းကြတာပေါ့။
သေချာတာကတော့ မင်းနဲ့
ဝိညာဉ်ဖန်ဆင်းရှင် က ဘယ်တော့မှ

လွှတ်မြောက်နိုင်မှာ မဟုတ်ဘူးဆိုတာပဲ။

ဟားဟား...”

ထိုစကားပြောပြီးသည်နှင့် နောက်

ပြန်လှည့်၍ ထွက်ခွာသွားခဲ့သည်။

ယန်ယဲ့ သည်

ရုတ်တရက်တိုက်ခိုက်ရန်ပြင်လိုက်ပြီးမှ

အောက်ကိုအမှတ်တမဲ့ ငုံ့ကြည့်လိုက်သည်။

အောက်ဖက်မှ ပြင်းထန်သော

မကောင်းဆိုးဝါး အငွေ့အသက်များ

ရုတ်တရက် ပျံ့လွင့်လာသည်။ သို့ရာတွင်
အရှိန်အဝါက
တစ်ခါမှပင်ပေါ်မလာဖူးသည့်အတိုင်း
ချက်ချင်းပြန်ကျုံ့သွား၏။

ခဏအကြာတွင် ယန်ယဲ့၏
အမြင်အာရုံထဲမှာ
သက်လတ်ပိုင်းအမျိုးသားနှစ်ဦး
ပေါ်လာသည်။

အခြားသူတော့မဟုတ်ပါ၊ ဟွမ်တျန်းရှင်းနှင့်

ယွဲ့ကူး တိုပင်။

ဟွမ်တျန်းရှင်းက ယန်ယွဲ့ကိုမြင်သောအခါ ရပ်တန့်သွားသည်။ သူ့ဘေးနားရှိ အနက်ရောင် နတ်ဆိုးငယ်လေးကတော့ နှင်းပွင့်ကို စိုက်ကြည့်နေလသည်။ ၎င်း၏မျက်လုံးများကလည်း ရက်စက်ကြမ်းကြုတ်မှုအကြည့်ပါ။

ဝိညာဉ်ဖန်ဆင်းရှင်... ။

နတ်ဆိုးငယ်က နှင်းပွင့်၏ပုံရိပ်မှန်ကို
သတိပြုမိပုံရသည်။ သို့သော်
စစ်မှန်သောဝိညာဉ်ဖန်ဆင်းရှင်မဟုတ်သေး
သဖြင့်

လောဘနှင့် သတ်ဖြတ်လိုစိတ်ကို
ထုတ်ဖော်လိုက်သည်။ အကယ်၍
နှင်းပွင့်လေးသာ
စစ်မှန်သောဝိညာဉ်ဖန်ဆင်းရှင်
ဖြစ်နေရင်တော့ နတ်ဆိုးသားရဲတိုင်းဟာ
စေ့စေ့ပင်ကြည့်ရဲမှာမဟုတ်ပေ။

နှင်းပွင့်လေးလည်း နတ်ဆိုးငယ်လေးကို စိုက်ကြည့်နေသည်။ ၎င်း၏မျက်လုံးများက ပြင်းထန်သော သတ်ဖြတ်လိုစိတ်ကို သတိပြုမိသည်နှင့် တပြိုင်နက် သူမ၏မျက်လုံးလေးများပင် ပြူးကျယ်လာသည်။ ထို့နောက် ပါးစပ်သေးသေးလေးကို ဟပြီးရှူသွင်းလိုက်သည်။ ထိုသို့လုပ်လိုက်သည်နှင့် နတ်ဆိုးငယ်၏ခေါင်းပေါ်မှ

အနက်ရောင်အလင်းစက်ဝိုင်းဟာ
အနည်းငယ်မှိန်ဖျော့သွားသည်။

“ဂါး...” နတ်ဆိုးငယ်က
ဒေါသတကြီးဟိန်းလျက်
နှင်းပွင့်လေးထံပြေးဝင်လာသည်။ ၎င်းထံမှ
ပေါက်ကွဲနေသော မီးတောင်ကဲ့သို့
ပြင်းထန်သော အော်ရာတစ်ခု
ပေါက်ကွဲထွက်လာသည်။

ဤအတောအတွင်း မူလစေတီထဲရှိ
ဝမ်အရူးမလေးက
ပါးစပ်ထဲမှာစုပ်စားနေသော အရိုးချောင်းကို
ဆွဲထုတ်ပြီး ကောင်းကင်ကို မျှော်ကြည့်ကာ
"အမှိုက်ပေါက်စလေးတစ်ကောင်ပဲ၊ နင်က
နှင်းခဲလေးကို တိုက်ခိုက်ဖို့
ကြိုးစားနေတာလား။ မိုက်မဲတဲ့နွား၊
လာစမ်း။ အဲဒီသတ္တဝါကို သတ်ပြီး
ကင်စားဖို့ လုပ်လိုက်ရအောင်"

စကားပြောပြီးသည်နှင့် နေရာတွင်ပင်
ပျောက်ကွယ်သွားသည်။

Translated By NyiNyiSoe